မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


## အနှစ်ရှိသောတရားကိုရနိုင်

အနှစ်ရှိသောတရားကိုလည်း အနှစ်ရှိသောတရားဟူ၍၊ အနှစ်မရှိသော တရားကိုလည်း အနှစ်မရှိသောတရားဟူ၍ သိကြကုန်သောကြောင့် ထိုသူတို့သည် မှန်ကန်သော ကြံစည်မှုလျှင် အာရုံရှိကုန်ရကား အနှစ်ရှိသော တရားကို ရနိုင်ကြကုန်၏။

ယမကဝဂ်(ဓမ္မပဒ-၁၂)


၁၃၈၀ ပြည့်နှစ်၊ ဒုတိယဝါဆိုလဆန်း ၁၄ ရက် | ၂၀၁၈ ခုနှစ်၊ ဇူလိုင် ၂၆ ရက်၊ ကြာသပတေးနေ့ | အတွဲ (၅၇)၊ အမှတ် (၂၉၇)


# နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန နှစ်နှစ်ပြည့် နှစ်ပတ်လည်နေ့အခမ်းအနား တက်ရောက်၍ ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်



နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန၏ နှစ်နှစ်ပြည့် နှစ်ပတ်လည်နေ့အခမ်းအနားတွင် သြဝါဒစကား ပြောကြားစဉ်။ သတင်းစဉ်

**နေပြည်တော် ဇူလိုင် ၂၅**

နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန၏ နှစ်နှစ်ပြည့် နှစ်ပတ်လည်နေ့အခမ်းအနားကို ယနေ့ နံနက် ၁၁ နာရီခွဲတွင် နေပြည်တော်ရှိ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန (NRPC)၌ ကျင်းပရာ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် တက်ရောက်၍ ထူးချွန်ဝန်ထမ်းများနှင့် ထူးချွန်ကျောင်းသား ကျောင်းသူများအား ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်သည်။

အခမ်းအနားသို့ နိုင်ငံတော် အတိုင်ပင်ခံရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေ၊ ပြည်ထောင်စုအစိုးရအဖွဲ့ရုံး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသောင်းထွန်း၊ သမ္မတရုံးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမင်းသူ၊ ရခိုင်ပြည်နယ်အတွင်း လူသားချင်းစာနာမှုအကူအညီအထောက်အပံ့ပေးရေး၊ ပြန်လည်နေရာချထားရေး ဖွံ့ဖြိုးရေးစီမံကိန်း (UEHRD) ကော်မတီမှ ဒေါက်တာအောင်ထွန်းသက်နှင့် ဦးတိုးအောင်၊ နိုင်ငံတော်သမ္မတရုံး၊ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးနှင့် နိုင်ငံခြားရေးဝန်ကြီးဌာနတို့မှ ဌာနဆိုင်ရာအကြီးအကဲများ၊ အရာထမ်း အမှုထမ်းများ၊ ထူးချွန်ဆုရ ဝန်ထမ်းများ၊ ဆုရကျောင်းသား ကျောင်းသူများ၊ ဝန်ထမ်း မိသားစုများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က သြဝါဒစကားပြောကြားရာ၌ "ကျွန်မတို့ဝန်ကြီးဌာနက ဝန်ကြီးဌာနအသစ်ဆိုတော့ လုပ်ရကိုင်ရတာ ခက်ခဲတာတွေလည်း ရှိပါလိမ့်မယ်။ ဒါပေမယ့်လည်း အင်မတန်မှ အဓိကကျတဲ့၊ နိုင်ငံအတွက် အဓိကကျတဲ့ တာဝန်ကို ထမ်းဆောင်ရတဲ့အတွက် ကျေနပ်မှုလည်းရှိမယ်လို့ ကျွန်မတို့မျှော်လင့်ပါတယ်။ ဒီဝန်ကြီးဌာနမှာ အခြားဌာနအသီးသီးက ရောက်လာတဲ့ ဝန်ထမ်းတွေက တစ်ယောက်နဲ့တစ်ယောက် သိကျွမ်းပြီးတော့ နိုင်ငံအတွက်လုပ်တဲ့ နေရာမှာ ဘယ်လိုပုံစံနဲ့ လုပ်ရမလဲဆိုတာကို သင်ယူနိုင်မယ်လို့ ကျွန်မတို့ မျှော်လင့်ပါတယ်။ *စာမျက်နှာ ၃ ကော်လံ ၁* ✤

## မြန်မာနိုင်ငံကုမ္ပဏီများဆိုင်ရာ စည်းမျဉ်းများ ၂၀၁၈ ထုတ်ပြန်ကြေညာ

မြန်မာနိုင်ငံကုမ္ပဏီများ ဥပဒေ ပုဒ်မ ၄၆၂၊ ပုဒ်မခွဲငယ် (၁)အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနသည် မြန်မာနိုင်ငံကုမ္ပဏီများဆိုင်ရာ စည်းမျဉ်းများ ၂၀၁၈ ကို ထုတ်ပြန်ကြေညာထားပြီးဖြစ်ပါသည်။ အဆိုပါ စည်းမျဉ်းများအား ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန အင်တာနက်စာမျက်နှာ www.dica.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါကြောင်းနှင့် ၂၀၁၈ ဩဂုတ်လ ၁ ရက်နေ့တွင် စတင်ထုတ်လွှင့်မည့် အီလက်ထရွန်နစ်မှတ်ပုံတင်စနစ် Myanmar Companies Online MyCO ၊ www.myco.dica.gov.mm တွင်လည်း ဖော်ပြသွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန**


**ဥပဒေအရ ရယူပိုင်ခွင့် (Legal Deposit) နှင့် အမျိုးသားစာကြည့်တိုက်** ဆောင်းပါး စာမျက်နှာ - ၆

**ပိုင်နက်ကျူးကျော်ဝင်ရောက်လာသည့် ဆီးရီးယားစစ်လေယာဉ်တစ်စင်းကို အစ္စရေးတို့ ပစ်ချ** နိုင်ငံတကာသတင်း စာမျက်နှာ - ၁၄

**အမေရိကန်နဲ့ အီရန်တို့ စစ်ပွဲကို ဦးတည်နေပြီလား** နိုင်ငံတကာရေးရာ စာမျက်နှာ - ၁၅



KBZ BANK

STRENGTH OF MYANMAR

BEST BANK IN MYANMAR

Awarded by World Finance | Awarded by Euromoney | Awarded by The FinanceAsia

# ရခိုင်ပြည်နယ်ကိစ္စဆိုင်ရာ အပြုသဘောဆောင် တိုးတက်မှုများ

ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ မြန်မာနိုင်ငံဆိုင်ရာ အထူးကိုယ်စားလှယ် မစ္စ ခရစ္စတင်း ရှယန်နာ ဘာဂီနာ (Christine Schraner Burgener) က ကုလသမဂ္ဂလုံခြုံရေးကောင်စီသို့ ပထမဦးဆုံးအကြိမ် အစီရင်ခံတင်ပြခဲ့ပါသည်။ ၂၀၁၈ ခုနှစ်၊ ဇူလိုင်လ ၂၅ ရက်နေ့က ဤကဲ့သို့ အစီရင်ခံတင်ပြခဲ့ခြင်း ဖြစ်ပါသည်။ မစ္စ ခရစ္စတင်း ရှယန်နာ ဘာဂီနာအား ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ မြန်မာနိုင်ငံဆိုင်ရာ အထူးကိုယ်စားလှယ်အဖြစ် ၂၀၁၈ ခုနှစ်၊ ဧပြီလကုန်၌ ခန့်အပ်ခဲ့ခြင်းဖြစ်ပြီး မစ္စ ခရစ္စတင်း ရှယန်နာ ဘာဂီနာသည် မြန်မာနိုင်ငံသို့ ဇွန်လ၌တစ်ကြိမ်၊ ဇူလိုင်လ၌ တစ်ကြိမ်၊ စုစုပေါင်းနှစ်ကြိမ် လာရောက်ခဲ့ပါသည်။ မစ္စ ခရစ္စတင်း ရှယန်နာဘာဂီနာသည် ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့လည်း ၂၀၁၈ ခုနှစ်၊ ဇူလိုင်လ ၁၄ ရက်မှ ၁၆ ရက်အထိ သွားရောက်ခဲ့ပါသည်။

ရခိုင်ပြည်နယ်အရေးနှင့်ပတ်သက်၍ ကုလသမဂ္ဂအပါအဝင် နိုင်ငံတကာအသိုင်းအဝိုင်းနှင့် မြန်မာနိုင်ငံတို့ကြား သဘောထားအမြင်ကွာဟချက်တို့ရှိနေဆဲဖြစ်သော်လည်း မစ္စ ခရစ္စတင်း ရှယန်နာ ဘာဂီနာ၏ မြန်မာနိုင်ငံဆိုင်ရာတင်ပြချက်၌ အပြုသဘောဆောင် တိုးတက်မှုတချို့ကို မြင်တွေ့ခဲ့ရပါသည်။ ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ မြန်မာနိုင်ငံဆိုင်ရာအထူးကိုယ်စားလှယ် မစ္စ ခရစ္စတင်း ရှယန်နာဘာဂီနာက ရခိုင်ပြည်နယ်အရေးကိစ္စ၏ သိမ်မွေ့နက်ရှိုင်းပုံကို အသိအမှတ်ပြုခဲ့ပြီး နေရပ်စွန့်ခွာသွားကြသူများ ရခိုင်ပြည်နယ်သို့ ပြန်လည်အခြေချနေထိုင်နိုင်ရေးကိစ္စက အချိန်ယူဆောင်ရွက်ရန်လိုအပ်သည်ကိုလည်း သဘောတူလက်ခံခဲ့ပါသည်။

မစ္စ ခရစ္စတင်း ရှယန်နာ ဘာဂီနာက နိုင်ငံတော်အစိုးရအနေဖြင့် နေရပ်စွန့်ခွာသွားသူများအား ရခိုင်ပြည်နယ်၌ပြန်လည်လက်ခံရန် ဆန္ဒရှိသည်ကိုလည်း ထောက်ခံချက်ပေးခဲ့ပါသည်။ ရခိုင်ပြည်နယ်ရှိ မတူကွဲပြားသော လူ့အသိုင်းအဝိုင်းတို့ကြား သဟဇာတဖြစ်မှုဖန်တီးနိုင်ရန်အတွက် အပြန်အလှန်ဆွေးနွေးဖလှယ်ရန်လိုအပ်သည်ကို မစ္စ ခရစ္စတင်း ရှယန်နာ ဘာဂီနာက အလေးအနက်ထားထောက်ပြခဲ့ပြီး ဤသို့အပြန်အလှန်အမြင်ချင်းဖလှယ်နိုင်ရန်အတွက် ဆွေးနွေးရေးတံခါးဖွင့်ထားရန်ကိုပါ တိုက်တွန်းပြောဆိုခဲ့ပါသည်။

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့်တွေ့ဆုံဆွေးနွေးခဲ့ခြင်းနှင့်ပတ်သက်၍ ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ မြန်မာနိုင်ငံဆိုင်ရာ အထူးကိုယ်စားလှယ် မစ္စ ခရစ္စတင်း ရှယန်နာ ဘာဂီနာက "အလွန့်အလွန်အပြုသဘောဆောင်၍ နွေးထွေးခင်မင်မှုအပြည့်အဝရှိသော တွေ့ဆုံဆွေးနွေးမှုများဖြစ်သည်"ဟု မှတ်ချက်ပြုသကဲ့သို့ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က ရခိုင်ပြည်နယ်အရေးနှင့်စပ်လျဉ်း၍ ရင်ဆိုင်ရလျက်ရှိသောစိန်ခေါ်မှုများနှင့်အခက်အခဲများအပေါ် အပြည့်အဝနားလည်မှုရှိသည်ကိုလည်း အသိအမှတ်ပြု ပြောကြားခဲ့ပါသည်။

ကုလသမဂ္ဂဆိုင်ရာမြန်မာနိုင်ငံအမြဲတမ်းကိုယ်စားလှယ် သံအမတ်ကြီး ဦးဟောက်ဒိုဆွမ်းကလည်း ဇူလိုင်လ ၂၅ ရက်နေ့က ကျင်းပခဲ့သော ကုလသမဂ္ဂလုံခြုံရေးကောင်စီ တံခါးပိတ်အစည်းအဝေးဆိုင်ရာ ထုတ်ပြန်ကြေညာချက်နှင့်ပတ်သက်၍ ကုလသမဂ္ဂလုံခြုံရေးကောင်စီအနေဖြင့် ပြင်းထန်သည့် ဖိအားပေးကြေညာချက်ထုတ်ပြန်ခြင်းကို ရှောင်ရှား၍ နိုင်ငံတော်အစိုးရ၏ဆောင်ရွက်ချက်များအပေါ် အသိအမှတ်ပြုခြင်းနှင့်အတူ လိုအပ်ချက်များထောက်ပြခြင်းကို ကြိုဆိုခဲ့ပါသည်။ ကုလသမဂ္ဂ၏ ရခိုင်ပြည်နယ်အရေးဆိုင်ရာ အပြုသဘောဆောင်တိုးတက်မှုတို့သည် နိုင်ငံတော်အစိုးရ၏ ဟန်ချက်ညီမျှတသော မူဝါဒနှင့် မှန်ကန်သည့် လုပ်ဆောင်ချက်တို့ကို အသိအမှတ်ပြုလိုက်ခြင်း ဖြစ်ပါကြောင်းလေးစားစွာတင်ပြအပ်ပါသည်။ ။

# ယာဉ်စည်းကမ်း လမ်းစည်းကမ်းအသိပညာပေး

**မန္တလေး ဇူလိုင်၂၅**

ရတနာပုံတက္ကသိုလ် ယာဉ်စည်းကမ်း ထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ၏ စီစဉ်မှုဖြင့် မန္တလေးတိုင်းဒေသကြီး ယာဉ်စည်းကမ်းထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီတို့ ပူးပေါင်းကျင်းပသည့် ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေး ဟောပြောပွဲကို ယမန်နေ့က အဆိုပါတက္ကသိုလ် ပြည်ထောင်စုခန်းမ၌ ပြုလုပ်သည်။

ရှေးဦးစွာ ရတနာပုံတက္ကသိုလ် ပါမောက္ခချုပ်ဒေါက်တာ မောင်မောင်နိုင်က အမှာစကားပြောကြားပြီး မန္တလေးတိုင်းဒေသကြီးယာဉ်ထိန်းရဲတပ်ဖွဲ့၊ အမှတ်(၁၄)ယာဉ်ထိန်းရဲ ဒုတိယတပ်ဖွဲ့ခွဲ (မန္တလေး)၊ တပ်ဖွဲ့စု (၈၈) အမရပူရမြို့နယ်မှ ဒုရဲမှူး ကျော်ဇင်မြင့်က ယာဉ်စည်းကမ်း ထိန်းသိမ်းခြင်း၊ ပညာပေးခြင်းနှင့်ယာဉ်တိုက်မှုလျော့နည်းကျဆင်းရေးအတွက် ရှင်းလင်းဟောပြောခဲ့ကြောင်း သိရသည်။

**အောင်စံမောင်**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတော်သို့ တက်ရောက်



**နေပြည်တော် ဇူလိုင် ၂၅**

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ ၂၀၁၈ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတော်ကို ယမန်နေ့က နေပြည်တော်ရှိ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၌ကျင်းပရာ ပြည်ထောင်စုဝန်ကြီးဒေါက်တာသန်းမြင့် တက်ရောက်ကာ စိန်ပန်းပင်ကို စိုက်ပျိုးပေးသည်။

ဆက်လက်၍ ဒုတိယဝန်ကြီး ဦးအောင်ထူးနှင့် အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များက စိန်ပန်းပင်များအား အသီးသီးစိုက်ပျိုးကြပြီး တက်ရောက်လာကြသော အရာထမ်း၊ အမှုထမ်းများက ကျွန်း၊ ပျဉ်းကတိုး၊ ငုဝါ၊ စိန်ပန်း၊ စွယ်တော် စသည့်အပင် ၁၀၀ တို့အား စိုက်ပျိုးကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ဝန်ကြီးရုံး၏ စိန်တလုံးသရက်စိုက်ခင်း စိုက်ပျိုးထားရှိမှုများကို ကြည့်ရှုစစ်ဆေးပြီးလိုအပ်သည်များကို မှာကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ရုံးအမှတ် (၅၂) စားသုံးသူရေးရာဦးစီးဌာန၏ မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတော်သို့တက်ရောက်ပြီး ပြည်ထောင်စုဝန်ကြီးနှင့် ဌာနဆိုင်ရာအကြီးအကဲများက စိန်ပန်းပင်များကို စိုက်ပျိုးကြပြီး တက်ရောက်လာကြသော အရာထမ်း၊ အမှုထမ်းများက ကျွန်း၊ ပျဉ်းကတိုး၊ ငုဝါ၊ မဟော်ဂနီ၊ စိန်ပန်း၊ စွယ်တော် စသည့် သစ်ပင်မျိုးစုံ ၁၁၅၀ အား စိုက်ပျိုးကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ရုံးအမှတ် (၅၂)၊ ညီလာခံခန်းမ၌ကျင်းပသော စားသုံးသူရေးရာဦးစီးဌာန လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက် အမှာစကားပြောကြားသည်။

ယင်းနောက် တက်ရောက်လာကြသော အမြဲတမ်းအတွင်းဝန်နှင့် တာဝန်ရှိသူများက နိုင်ငံတော်မှကျင့်သုံးလျက်ရှိသည့် မူဝါဒနှင့်လုပ်ထုံးလုပ်နည်းများကိုလည်းကောင်း၊ စားသုံးသူအကာအကွယ်ပေးရေး၊ ကုန်သွယ်မှုမြှင့်တင်ရေးကိစ္စရပ်များနှင့်ပတ်သက်၍လည်းကောင်း အသေးစိတ်ဆွေးနွေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ခွင့်မပြုဓာတုဆိုးဆေးကင်းစင်သော ဈေးချိုတော်အဖြစ် သတ်မှတ်ကြေညာ

**မန္တလေး ဇူလိုင် ၂၅**

မြန်မာနိုင်ငံတွင် ပထမဆုံးအဖြစ် မန္တလေးမြို့ရှိ ဈေးချိုတော်အား တိုင်းဒေသကြီးအစိုးရအဖွဲ့မှ ကြီးမှူး၍ ခွင့်မပြု ဓာတုဆိုးဆေးကင်းစင်သော ဈေးချိုတော်အဖြစ် သတ်မှတ်ကြေညာခြင်းအခမ်းအနားကို ဇူလိုင် ၂၅ ရက် နံနက် ၈ နာရီခွဲက ဈေးချိုတော်အနီးရှိ သိရီမင်္ဂလာခန်းမတွင် ကျင်းပခဲ့ကြောင်း သိရသည်။

အဆိုပါ အခမ်းအနားတွင် တိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်က "အစားအသောက်နဲ့ ဆေးဝါးကြီးကြပ်ကွပ်ကဲရေးဦးစီးဌာန၊ မြို့တော်စည်ပင်တို့ ပူးပေါင်းဆောင်ရွက်ခဲ့တဲ့အတွက် အခုလို ခွင့်မပြုဓာတုဆိုး ဆေးကင်းစင်တဲ့ ဈေးချိုတော်အဖြစ် ကြေညာနိုင်တဲ့အထိ အောင်မြင်မှုရလာပြီဖြစ်ပါတယ်။ ဆက်လက်ပြီး ခွင့်မပြုဓာတုဆိုးဆေး ကင်းစင်တဲ့ ဈေးတွေဖြစ်ပေါ်လာအောင် အထူးသဖြင့် ညောင်ဦးခရိုင်မှာ အခုလို အားလုံး ပူးပေါင်းပါဝင်ပြီး ဆောင်ရွက်နေပါတယ်။ အစားအသောက်၊ ဆေးဝါးတွေနဲ့ အလှကုန်တွေမှာ ဘေးအန္တရာယ်ကင်းရှင်းစေဖို့ အစားအသောက်နှင့်ဆေးဝါးကြီးကြပ်ကွပ်ကဲရေးကော်မတီဝင်တွေ၊ နီးနွယ်ဌာနတွေ၊ အရပ်ဘက်အဖွဲ့အစည်းတွေ ပူးပေါင်းပြီး ဝိုင်းဝန်းဆွေးနွေးအကြံပြုပေးကြပါ" ဟု ပြောကြားခဲ့သည်။



**အကြီးဆုံးဈေး**

မန္တလေး ဈေးချိုတော်သည် အထက်မြန်မာပြည်တွင် အကြီးဆုံးဈေးတစ်ခုဖြစ်ကာ ဒေသပေါင်းစုံမှ လာရောက် ရောင်းဝယ်မှုပြုလုပ်သော ဈေးတစ်ခုဖြစ်သည့်အတွက် ဓာတုဆိုးဆေးကင်းစင်နယ်မြေအဖြစ် ကြေညာပြီး ပြယုဂ်တစ်ခု အနေဖြင့်ထားရှိကာ ကျန်ရှိသည့်ဈေးများနှင့် အစားအသောက်ရောင်းချသည့် နေရာများကိုလည်း ဆက်လက်ဆောင်ရွက်သွားနိုင်ရန် စီစဉ်ခြင်းဖြစ်ကြောင်း သိရသည်။

**အသိအမှတ်ပြုကတ်ပြားများ ပထမအကြိမ် ပေးအပ်**

ဈေးချိုတော်အား ယခုကဲ့သို့ ကြေညာမှုပြုလုပ်နိုင်ရန် ၂၀၁၆ ခုနှစ် မတ်လမှ စတင်ကာ စီမံချက်ချမှတ်ဆောင်ရွက်ခဲ့ပြီး အရောင်းပါသော အစားအသောက် ရောင်းချသည့် ဆိုင်ခန်းပေါင်း ၃၈၆ ဆိုင်ရှိသည့်အနက် ဆိုင်ခန်းပေါင်း ၁၂၄ ဆိုင်ကို ဆိုးဆေးကင်းစင်ကြောင်း အသိအမှတ်ပြုကတ်ပြားများ ပထမအကြိမ် ပေးအပ်ခဲ့ပြီးဖြစ်ကာ ကျန်ရှိနေသည့် ဆိုင်ခန်း ၁၆၄ ဆိုင်ကို ယနေ့ကျင်းပသည့် အခမ်းအနားတွင် ပေးအပ်ခဲ့ကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

ထင်သာမြင်သာပြုပြင်စရာ

# မြေအောက်ကေဘယ်လိုင်း သွယ်တန်းထားမှုကြောင့် လယ်ယာမြေပျက်စီးမှု ပြုပြင်ပေးစေလို

သံတွဲမြို့နယ် ကညင်ကွင်းကျေးရွာအုပ်စု အောင်သပြေကျေးရွာ ကွင်းအမှတ် (၂၃၃)ရှိ ဦးတင်ထွေး၊ ကိုပေါက်နှင့် ဦးထွန်းထွန်းဦးတို့၏ လယ်မြေများမှဖြတ်၍ K-T စာတန်းပါ တိုင်စိုက်ထားသည့် မြေအောက်ကေဘယ်လိုင်း သွယ်တန်းရေးအဖွဲ့က ၂၀၁၆ ခုနှစ်မှစ၍ ဘက်ဟိုးဖြင့် တူးကာ ကေဘယ်လိုင်းကို သွယ်တန်းထားခဲ့ကြောင်းသိရသည်။

ထိုသို့ ကေဘယ်လိုင်းသွယ်ထားသည့်နေရာများကို စနစ်တကျ ပြန်လည်ပြုပြင် ဆောင်ရွက်ပေးခြင်း မရှိသဖြင့် ယင်းနှစ်မိုးရာသီမှစတင်၍



အဆိုပါလိုင်းနေရာရှိ K-T အမှတ်အသားပါ တိုင်အမှတ်၅၃၁၊ ၅၃၂၊ ၅၃၃၊ ၅၃၄ နေရာများတွင် ရေတိုက်စားကာ အနက် နှစ်ပေကျော်ခန့်၊ အရှည်ပေ ၄၀၀ ကျော်ခန့်ရှိ ချောင်းပေါက် သဖွယ် ရေမြောင်းကြီး ဖြစ်ပေါ်နေသဖြင့် တောင်သူများ လယ်ယာလုပ်ကိုင်၍ မရသည်မှာ နှစ်နှစ်ရှိပြီ ဖြစ်ကြောင်း သိရသည်။

အဆိုပါတောင်သူများ လယ်လုပ်ရန်အခက်အခဲဖြစ်နေသော ကေဘယ်လိုင်း မြောင်းကြီးကို သက်ဆိုင်ရာ K-Tအမှတ်အသားပါ ကုမ္ပဏီက အမြန်ဆုံး လာရောက်ပြုပြင်ပေးစေလိုကြောင်း တောင်သူဦးတင်ထွေးက ပြောကြားသည်။ **ခရိုင်(ပြန်/ဆက်)**




နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် အရာထမ်းလောင်းအခြေခံသင်တန်း ပြည်သူ့ဝန်ထမ်းစီမံခန့်ခွဲမှု ဘွဲ့လွန်ဒီပလိုမာသင်တန်းအမှတ်စဉ် ၂ တွင် သင်တန်းသား စံပြဆုရရှိခဲ့သည့် ဦးစီးအရာရှိ ဒေါ်တင်စန္ဒာဝင်းအား ဂုဏ်ပြုဆုပေးအပ်ချီးမြှင့်စဉ်။ သတင်းစဉ်

✤ *ရှေ့ဖုံးမှ*

"အတိုင်ပင်ခံရုံးရဲ့ အလုပ်တွေဟာ ကျွန်မတို့အစိုးရရဲ့ ရည်ရွယ်ချက်တွေနဲ့ အဓိက ရည်ရွယ်ချက်များကို အကောင်အထည်ဖော်ဖို့ဖြစ်ပါတယ်၊ ဥပမာဆိုလို့ရှိရင် တရားဥပဒေစိုးမိုးရေး၊ ပြည်တွင်းငြိမ်းချမ်းရေး၊ ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရေး၊ တကယ့်စစ်မှန်တဲ့ ဖက်ဒရယ်ဒီမိုကရေစီ ပြည်ထောင်စုကြီးကို ဦးတည်ရေးဆိုတာဟာ ကျွန်မတို့ အစိုးရရဲ့ ရည်ရွယ်ချက်တွေဖြစ်သလို နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာနက အကောင်အထည်ဖော်ဖို့ဆိုရင် အခွင့်အရေးတွေ အများကြီးရှိပါတယ်။ နိုင်ငံအတွက် နိုင်ငံ့အကျိုးအတွက် လုပ်ပေးနိုင်တယ်ဆိုတာ လူတိုင်းရတဲ့ အခွင့်အရေး မဟုတ်ပါဘူး၊ ကိုယ်ရတဲ့အခွင့်အရေး ကိုယ်သုံးမှပဲ ဒီအခွင့်အရေးဟာ တန်ဖိုးရှိမှာပါ။

**ကံဆိုတာ ပြုလုပ်ခြင်း**

"တချို့ကဆိုရင် ကြီးမားတဲ့၊ လေးပင်တဲ့ တာဝန်တွေ ထမ်းဆောင်ရတာ ငါတို့ကံမကောင်းဘူးလို့ ဒီလိုပဲယူဆကြပါတယ်။ ဒါနဲ့ပတ်သက်ပြီးတော့ ခဏ ခဏ ပြောတယ်။ ကံနဲ့ ကံရဲ့ အဓိပ္ပာယ်ကိုတော့ ပြန်ပြီးတော့ပြောချင်ပါတယ်။ ကံဆိုတာ တကယ်တော့ ပြုလုပ်ခြင်းပါပဲ။ လူတွေက အများအားဖြင့် ကံဆိုတာ အတိတ်ကံကိုပဲ မြင်မိကြတာပါ။ ကံမကောင်းလို့ဆိုတာ တရားသဘောအရပြောရင် အရင်တုန်းကမှာ နိမ့်ကျသွားတယ်ဆိုတာက ပညာရေးမြင့်မားတဲ့၊ ပညာအရည်အချင်း မြင့်မားတဲ့ နိုင်ငံသူ နိုင်ငံသားတွေ ရှိတယ်ဆိုရင် မြန်မြန်ပြန်ပြီးတော့ တည်ဆောက်လို့ရပါတယ်။

**စိန်ခေါ်မှုတွေ ရင်ဆိုင်**

"လူတစ်ယောက်ဖြစ်ဖို့က အနှစ် ၂၀ ကြာတယ်တဲ့။ ပြောချင်တာက လူလားမြောက်ဖို့။ အသက် ၂၀ လောက်ရှိတဲ့ အခါမှာမှ လူလားမြောက်တယ်။ အဲဒီအချိန်အခါမှာမှ လောကကြီးထဲကို ကိုယ့်ဟာကိုယ်ဝင်ပြီးတော့ ကိုယ့်ဟာကိုယ် လောကရဲ့စိန်ခေါ်မှုတွေကို ရင်ဆိုင်ဖို့က အဆင်သင့်ဖြစ်တယ်။ ဒီတော့ ကျွန်မတို့နိုင်ငံရဲ့ ပညာရေးစနစ်နဲ့ ညှိပြီးတော့ ကြည့်လိုက်မယ်ဆိုရင်လည်း တက္ကသိုလ်ဘွဲ့ရပြီးတဲ့ အချိန်ကာလပတ်ဝန်းကျင်ပေါ့။အဲဒါလည်းမှန်ပါတယ်။ ဒါပေမယ့် အခုခေတ်မှာတော့ ကျွန်မတို့က တက္ကသိုလ်ပညာတင် မဟုတ်ဘူး။ အသက်မွေးဝမ်းကျောင်း ပညာကိုပါ အားပေးတဲ့ခေတ်ဆိုတော့ ကိုယ့်ရဲ့ ပညာသင်တဲ့ကာလ ပြီးဆုံးတဲ့အချိန်ပေါ့။ ကိုယ်ကနေပြီးတော့ ဒီပညာတွေကို အသုံးချပြီးတော့ လောကကြီးကို ရင်ဆိုင်နိုင်တဲ့အချိန်ဆိုတာဟာ ကိုယ်လူလားမြောက်တဲ့အချိန်ပါပဲ။

"ကျွန်မတို့ရဲ့ ပညာရေးစနစ်က အားနည်းခဲ့တဲ့အခါကျတော့ ကျွန်မတို့ ပြည်သူ ပြည်သားများဟာ မျိုးဆက်



ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေ ဝန်ထမ်းသားသမီးများအတွက် ပညာသင်စရိတ်နှင့် စာရေးကိရိယာများ ထောက်ပံ့ပေးအပ်ရာ တာဝန်ရှိသူတစ်ဦးက လက်ခံရယူစဉ်။ သတင်းစဉ်

လုပ်ခဲ့တဲ့ ကိစ္စတွေကြောင့်၊ လုပ်ရပ်တွေကြောင့် အဲဒီလုပ်ရပ်တွေရဲ့ အကျိုးအရ မကောင်းတဲ့ အကျိုးကို ခံစားရတဲ့အခါကျရင် ကံမကောင်းဘူးပေါ့။ ဒါပေမယ့် ကျွန်မတို့က ကံကို ဒီလိုမစဉ်းစားစေချင်ဘူး။ ပစ္စုပ္ပန်ကံပဲ အဓိကဖြစ်ပါတယ်၊ ကျွန်မတို့ဆီကို ရောက်လာတဲ့ ဝန်ထမ်းတွေက ကံကောင်းတယ်လို့ ကိုယ့်ကိုယ်ကိုယ် သတ်မှတ်စေချင်ပါတယ်။

**ပညာရေးမှာနိမ့်ကျ**

"ပြည်ထောင်စုဝန်ကြီးရဲ့ဦးဆောင်မှု၊ စောစောကပြောတဲ့အတိုင်း နိုင်ငံရေးအရ၊ ဝန်ထမ်းလောကအရ အင်မတန်မှ အတွေ့အကြုံရှိတဲ့ ပုဂ္ဂိုလ်များနဲ့ အတူလုပ်ရတယ်ဆိုတာ ကောင်းတယ်ဆိုတာဟာ အလုပ်တော့များများလုပ်ရမယ်။ ဒါပေမယ့် အဆင့်မြင့်မြင့် အလုပ်လုပ်ဖို့ဆိုတာဟာ အင်မတန်မှ လိုအပ်လာပါတယ်။ ကျွန်မတို့ နိုင်ငံရဲ့ အားနည်းချက်တစ်ခုက ဘာလဲဆိုတော့ ပညာရေးမှာ နိမ့်ကျသွားတဲ့ကိစ္စပါ။ ပညာရေးမှာ နိမ့်ကျသွားတဲ့ကိစ္စဆိုတာက တခြားအရာတွေနဲ့မတူပါဘူး။ ဥပမာ စီးပွားရေးနှစ်ဆက်လောက်ဟာ တော်တော်ကို ကံမကောင်းဘူးပေါ့။ အတိတ်ကံမကောင်းဘူးပေါ့။ အဲဒီတော့ အတိတ်ကံ၊ မကောင်းတဲ့ကံကို ပစ္စုပ္ပန်ကံနဲ့ ကျွန်မတို့ ပြန်ပြီးတော့ ကာရမယ်၊ ပြန်ပြီးတော့ ကျော်လွှားရမယ်။ အရင်တုန်းက ပညာရေးစနစ်က အားနည်းခဲ့လို့ မလုပ်တတ်ပါဘူး။ မကိုင်တတ်ပါဘူးဆိုတာဟာ ဆင်ခြေမဟုတ်ဘူး။ အခုအချိန်မှာ ပိုပြီးကြိုးစားရမယ်။ တကယ်ကြိုးစားချင်ရင် ဖြစ်ပါတယ်။ ဒါပေမယ့် ဝါယမစိုက်ထုတ်ရမယ်။ အပင်ပန်းနည်းနည်းခံရလိမ့်မယ်။ ဥပမာဆိုရင် အိမ်ပြန်ရတဲ့အခါကျတော့ ညနေမှာ မောပန်းတဲ့အခါကျရင် အနားယူချင်ကြတယ်။ ဒါပေမယ့် တိုးတက်ချင်ရင် ကိုယ်အနားယူရမယ့် အချိန်ထဲက နည်းနည်းဖဲ့ပြီးတော့ ကိုယ့်ရဲ့ အရည်အချင်း တိုးတက်ရေးအတွက် ကြိုးစားရမှာပဲ။ ဥပမာဆိုရင် နည်းနည်းပိုပြီးတော့ ငယ်တဲ့ဝန်ထမ်းတွေဆိုရင် ပိုပြီးတော့ အဆင့်မြင့်တဲ့ပညာသင်ကြားရေးအတွက် လေ့လာရေးအတွက် အချိန်တော့ ယူရမှာပဲ။ ဘာမှမလုပ်ဘဲနဲ့တော့ ဘာမှမဖြစ်လာဘူး။ သူ့ဘာသာသူ အလိုလိုဖြစ်လာတယ်လို့ မရှိပါဘူး။ ကျွန်မ အမြဲ ပြောပါတယ်။ အခြေအနေတစ်ခုကို သူ့ဘာသာသူဖြစ်သွားမှာပါလို့ ဒီလိုထားလို့ ဘယ်တော့မှမဖြစ်ပါဘူး။ သူ့ဘာသာသူ ဖြစ်သွားတာက ကိုယ်မကြိုက်တဲ့ပုံစံပဲ ဖြစ်သွားမှာပါ။

**ဝန်ထမ်းရဲ့ကဏ္ဍအရေးကြီး**

"ကိုယ်ကြိုက်တဲ့ပုံစံ ဖြစ်ဖို့ဆိုတာ အားလုံးကဝိုင်းပြီးတော့ ကြိုးစားရမှာဖြစ်တယ်။ ကျွန်မတို့ နိုင်ငံအတွက် တရားဥပဒေစိုးမိုးရေး၊ ဖွဲ့စည်းပုံအခြေခံ ဥပဒေပြင်ဆင်ရေး၊ ပြည်တွင်းငြိမ်းချမ်းရေး၊ အမျိုးသားရင်ကြားစေ့ရေး ဒါတွေဖြစ်ဖို့ဆိုတာ အဓိကအားဖြင့် ရှေ့ဆောင်နေတဲ့ အစိုးရနဲ့ ဝန်ထမ်းတွေကနေပြီးတော့ လုပ်ပြရမယ်။ ဝန်ထမ်းတွေရဲ့ ကဏ္ဍဟာ အင်မတန်မှ အရေးကြီးပါတယ်။

"ဝန်ထမ်းတွေဟာ သိက္ခာရှိတယ်။ ဝန်ထမ်းတွေကို ပြည်သူလူထုက ယုံကြည်မှုရှိရင် အစိုးရအပြောင်းအလဲ ဘယ်လိုပဲဖြစ်ဖြစ် လူထုရဲ့စိတ်က တည်ငြိမ်တယ်။ ကျေနပ်တယ်။ လုံခြုံတယ်။ ဒီမိုကရေစီစနစ်ကို လိုချင်တယ်ဆိုရင် အစိုးရအပြောင်းအလဲတွေရှိမှာပဲဆိုတာ ကျွန်မတို့ လက်ခံတယ်။ အစိုးရအပြောင်းအလဲ ဘယ်တော့မှ မရှိဘူးဆိုပြီး စိတ်ထားရင် အဲဒါ ဒီမိုကရေစီ စိတ်ထားမရှိတာပဲ။ ဒီမိုကရေစီဆိုတာကိုက အစိုးရ အပြောင်းအလဲ ပြေပြေပြစ်ပြစ်နဲ့ ဖြစ်ဖို့အတွက်ပဲ ဖြစ်ပါတယ်။ ဘာဖြစ်လို့ အပြောင်းအလဲ ဖြစ်ဖို့လိုလဲဆိုတော့ လောကကြီးက အမြဲပဲပြောင်းလဲနေတယ်။ အဲဒီလောကကြီး ပြောင်းလဲတာနဲ့အမျှ နိုင်ငံတစ်နိုင်ငံကို ဦးဆောင်နေတဲ့ အဖွဲ့များ၊ ပုဂ္ဂိုလ်များက ပြောင်းလဲသင့်တယ်။ ဒါမှ လောကကြီးနဲ့ ဟန်ချက်ညီညီ သွားနေနိုင်မှာပါ။ ဒါကြောင့် ကျွန်မတို့ ဝန်ထမ်းများဟာ ဘယ်လိုပဲ အစိုးရတွေပြောင်းလဲပြောင်းလဲ ဝန်ထမ်းတွေရဲ့အရည်အချင်းနဲ့ ဝန်ထမ်းတွေရဲ့ တည်ကြည်ဖြောင့်မတ်မှုကြောင့် ပြည်သူလူထုကို စိတ်လုံခြုံမှုပေးစေချင်တယ်။

**စံပြဝန်ကြီးဌာနဖြစ်စေချင်**

"အတိုင်ပင်ခံရုံး ဝန်ကြီးဌာနက နည်းနည်းထူးခြားတယ်။ ထူးခြားတာနဲ့အမျှ ကျွန်မတို့ ဝန်ထမ်းတွေကိုလည်း ထူးထူးခြားခြားဖြစ်စေချင်တယ်။ ထူးထူးခြားခြား ဖြစ်အောင်လို့လည်း ကိုယ့်ကိုယ်ကိုယ် ပြုစုပျိုးထောင်စေချင်တယ်။ ကျွန်မတို့ အချင်းချင်းကိုလည်း ညီညီညွတ်ညွတ်နဲ့ လုပ်စေချင်တယ်။ ကျွန်မတို့ဝန်ကြီးဌာနက တစ်နည်းအားဖြင့် ပြောမယ်ဆိုရင် အတိုင်ပင်ခံရုံးဝန်ကြီးဌာနကို စံပြဝန်ကြီးဌာနဖြစ်စေချင်တယ်။ ဘာဖြစ်လို့လဲဆိုတော့ သွန်သင်ဆုံးမပေးမယ့် လူကြီးတွေရှိတဲ့အခါမှာ ကိုယ့်ကိုယ်ကိုယ် စံပြဝန်ထမ်းတစ်ယောက်ဖြစ်အောင် လုပ်ဖို့ အခွင့်အရေးတွေရတယ်။ ဒီအခွင့်အရေးတွေကို လက်လွှတ်မခံပါနဲ့။ ကျွန်မတို့နိုင်ငံက အခက်အခဲအမျိုးမျိုးနဲ့ ရင်ဆိုင်ရတယ်ဆိုတာလည်း ဒီဝန်ကြီးဌာန အသိဆုံးပဲ။

**ရတဲ့အခွင့်အရေးကိုတန်ဖိုးထား**

"တကယ် ရှန်းကန်ရပြီဆိုရင် တခြားဝန်ကြီးဌာနတွေလည်း ရှန်းကန်ရပါတယ်။ ဒါပေမယ့် အတိုင်ပင်ခံရုံးဝန်ကြီးဌာနက အဓိကနေရာမှာ တာဝန်ထမ်းဆောင်ခဲ့တဲ့အကြိမ်တွေက များစွာပဲဖြစ်ပါတယ်။ ဒီဝန်ကြီးဌာနကဆိုရင် အမျိုးသားပြန်လည် ရင်ကြားစေ့ရေး၊ ငြိမ်းချမ်းရေးနဲ့လည်း ဆက်နွှယ်နေတယ်။ နိုင်ငံခြားရေးကိစ္စတွေနဲ့လည်း ဆက်နွှယ်နေတယ်။ ပြည်တွင်းလုံခြုံမှု၊ လုံခြုံရေးကိစ္စတွေ၊ တည်ငြိမ်ရေးကိစ္စတွေနဲ့လည်း ဆက်နွှယ်နေတယ်။ အဲဒီလို ဆက်နွှယ်နေတဲ့ကိစ္စတွေအားလုံးကို ဝိုင်းဝန်းပြီးတော့ ဖြေရှင်းပေးဖို့ရနိုင်တဲ့ ရတဲ့အခွင့်အရေးကို တန်ဖိုးထားပါ။ အဲဒီဟာအတွက် ဂုဏ်ယူပါ။ ကိုယ်လုပ်ရတဲ့အလုပ်အတွက် ကိုယ်ဝမ်းသာဖို့၊ ကိုယ့်အနေနဲ့ ကျေနပ်ဖို့က အင်မတန်မှ အရေးကြီးပါတယ်။ အလုပ်ကျေနပ်မှုရှိမှ လူတစ်ယောက်ဟာ ကိုယ့်ဘဝကိုလည်း ကျေနပ်မှုရှိမှာပါ။ ဝန်ထမ်းတစ်ယောက်ရဲ့ဘဝက နာရီပေါင်း အများစုက အလုပ်ခွင်မှာပဲ နေရတယ်။ ဒီနာရီပေါင်း အများစုအတွင်းမှာ ကျေနပ်မှုရှိနိုင်မှ ကိုယ့်ဘဝကို ကျေနပ်မှု ရှိနိုင်မှာပါ။ ကိုယ့်ဘဝကို ကိုယ်ကျေနပ်မှုရှိနိုင်မှ ကိုယ့်သားတွေ ကိုယ့်သမီးတွေက လည်း ဘဝကျေနပ်မှုရှာပုံရှာနည်းကို နားလည်မှာဖြစ်ပါတယ်။

**အလုပ်နဲ့မိသားစုကြား လွန်ဆွဲ**

"နိုင်ငံတာဝန် ထမ်းဆောင်နေတဲ့ တစ်ချိန်တည်းမှာပဲ ကိုယ့်ရဲ့မိသားစုအပေါ်မှာလည်း တာဝန်ကျေပွန်တယ်လို့ ဒီလိုပဲ သတ်မှတ်စေချင်တယ်။ တချို့ကတော့ ဒီအလုပ်နဲ့ မိသားစုကြားမှာ။ နောက် ကျွန်မတို့ ဝန်ထမ်းအများစုက အမျိုးသမီးတွေဖြစ်နေတဲ့အခါကျတော့ အလုပ်နဲ့ မိသားစုကြားမှာ လွန်ဆွဲနေရသလို ခံစားကြရပါတယ်။ ဒါကလည်း သဘာဝကျပါတယ်။ ဒါကြောင့် ကျွန်မတို့အနေနဲ့လည်း ဝန်ထမ်းများရဲ့ မိသားစုဘဝ ပိုပြီးတော့ စိုပြည်အောင်လို့ တတ်နိုင်သမျှ ကျွန်မတို့ ကြိုးစားပြီးတော့ လုပ်ပေးမှာပါ။ ဥပမာဆိုရင် ကျွန်မတို့ အဓိကထားတဲ့ကိစ္စတစ်ခုက ဝန်ထမ်းအိမ်ရာပေါ့။

*စာမျက်နှာ ၄ သို့*

**"နိုင်ငံတာဝန်ထမ်းဆောင်နေတဲ့ တစ်ချိန်တည်းမှာပဲ ကိုယ့်ရဲ့မိသားစုအပေါ်မှာလည်း တာဝန်ကျေပွန်တယ်လို့ ဒီလိုပဲ သတ်မှတ်စေချင်တယ်။ တချို့ကတော့ ဒီအလုပ်နဲ့ မိသားစုကြားမှာ။ နောက် ကျွန်မတို့ ဝန်ထမ်းအများစုက အမျိုးသမီးတွေဖြစ်နေတဲ့အခါကျတော့ အလုပ်နဲ့ မိသားစုကြားမှာ လွန်ဆွဲနေရသလို ခံစားကြရပါတယ်။ ဒါကလည်း သဘာဝကျပါတယ်။ ဒါကြောင့် ကျွန်မတို့ အနေနဲ့လည်း ဝန်ထမ်းများရဲ့မိသားစုဘဝ ပိုပြီးတော့စိုပြည်အောင်လို့ တတ်နိုင်သမျှ ကျွန်မတို့ ကြိုးစားပြီးတော့ လုပ်ပေးမှာပါ"**




နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၊ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိသူများ၊ ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေးဦးစီးဌာနမှ ဝန်ထမ်းများနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။ သတင်းစဉ်

*စာမျက်နှာ ၃ မှ*

ဝန်ထမ်းအိမ်ရာကို အဓိကထားရတယ်ဆိုတာဟာ ဝန်ထမ်းများဟာ နိုင်ငံအတွက် လုပ်သက်တစ်သက်လုံး အင်အားတွေ စိုက်ထုတ်ပြီးတဲ့အခါကျတော့ အေးအေးဆေးဆေးနဲ့ အငြိမ်းစားယူနိုင်စေချင်တယ်။

**ဝန်ထမ်းအိမ်ရာတွေဦးစားပေး**

"ကိုယ့်မှာ ဒီနိုင်ငံအတွက် တာဝန်တွေ ထမ်းဆောင်ပြီးတဲ့ အချိန်မှာ ဘယ်သွားရမှန်းမသိ၊ ဘယ်နေရမှန်းမသိ၊ ဘယ်သားသမီးနဲ့ကပ်ပြီး နေရမှန်းမသိ၊ ဘယ်သွားပြီးတော့ နေစရာရှာရမှန်းမသိတဲ့ ဘဝမျိုး မဖြစ်စေချင်ဘူး။ နိုင်ငံ့တာဝန်ထမ်းဆောင်ပြီးတဲ့ အချိန်ကာလမှာ အေးအေးဆေးဆေးနဲ့ ကိုယ့်ရဲ့ဆန္ဒအရပေါ့။ လောကီအလုပ်ပဲ ဖြစ်ဖြစ်၊ လောကုတ္တရာအလုပ်ပဲဖြစ်ဖြစ် ဆက်ပြီးတော့ လုပ်နိုင်မယ့်အနေအထား ရှိစေချင်တယ်။ ဒါကြောင့်မို့ ကျွန်မတို့က ဝန်ထမ်းအိမ်ရာတွေကို အင်မတန်မှ ဦးစားပေးတယ်။ ဦးစားပေးတယ်ဆိုတာဟာ ရေတိုမဟုတ်ပါဘူး။ ရေတိုဝန်ထမ်းကောင်းတွေရဖို့တင် မဟုတ်ဘူး။ ရေရှည်မှာ နိုင်ငံပေါ်မှာ တာဝန်ကျေသွားတဲ့ ဝန်ထမ်းအနေနဲ့ စိတ်အေးလက်အေးနဲ့ နေသွားဖို့ ဖြစ်ပါတယ်။

"အဲဒီလိုနေနိုင်ဖို့ကိုလည်း ဝန်ထမ်းတွေအတွက် လုပ်ပေးချင်တဲ့ကိစ္စတွေအားလုံး လုပ်ပေးဖို့ဆိုတာ နိုင်ငံဖွံ့ဖြိုးတိုးတက်ဖို့လိုတယ်။ ဘဏ္ဍာလည်း တောင့်ဖို့လိုတယ်။ ဘဏ္ဍာငွေတောင့်ဖို့ဆိုတာ အစိုးရကနေ ရှန်းကန်ရတယ်။ အစိုးရကနေပံ့ပိုးပေးရတယ်။ ဝန်ထမ်းတွေက အစိုးရအဖွဲ့တွေကို ပံ့ပိုးတဲ့အခါမှာ စေတနာသန့်သန့်နဲ့ ပံ့ပိုးပေးစေချင်တယ်။ ကိုယ့်ရဲ့ ဌာနကို အသစ်ရောက်လာတဲ့ ဝန်ကြီးပဲဖြစ်ဖြစ်၊ အခြားဝန်ထမ်းပဲဖြစ်ဖြစ် အမြန်ဆုံးအရည်အချင်း ပြည့်ဝအောင် အလုပ်တာဝန်ကို ပြည့်ပြည့်ဝဝ ကျေကျေပွန်ပွန် ထမ်းဆောင်နိုင်အောင် ကူညီပံ့ပိုးပေးတယ်ဆိုတာဟာ အင်မတန်မှ ဂုဏ်သိက္ခာရှိတဲ့ အလုပ်ဖြစ်ပါတယ်။ ပူးပေါင်းဆောင်ရွက်နိုင်တဲ့ အရည်အချင်းဟာ အင်မတန်မှအရေးကြီးပါတယ်။

**လုပ်နိုင်တဲ့အရည်အချင်းဟာ အရေးကြီး**

"အခုခေတ်မှာ ညီလာခံတွေ၊ အလုပ်ရုံဆွေးနွေးပွဲတွေမှာဆိုရင် အမြဲပဲ ခေါင်းဆောင်အရည်အချင်းကို အဓိကထားကြတယ်။ အဲဒါကို ကျွန်မက သိပ်မကြိုက်ဘူး။ ခေါင်းဆောင်လုပ်ချင်တာထက် အစုအဖွဲ့တစ်ခု အသင်းတစ်သင်းမှာ လုပ်နိုင်တဲ့ အရည်အချင်းဟာ အရေးကြီးဆုံးပါပဲ။ အဲဒီ အရည်အချင်းသာရှိမယ်ဆိုရင် နိုင်ငံဟာ တကယ့်ကို တိုးတက်မှာပါ။ အဲဒါကြောင့် ဝန်ထမ်းတွေကလည်း ဒီစိတ်ဓာတ်နဲ့ လုပ်စေချင်တယ်။ အဖွဲ့အစည်း စိတ်ဓာတ်နဲ့ ငါတို့ဟာ တစ်ဖွဲ့တည်း၊ တစ်စုတည်း၊ ငါတို့ လက်တွဲပြီး ဆောင်ရွက်မှ တိုးတက်နိုင်မယ်။ လက်တွဲပြီး ဆောင်ရွက်ခြင်းဟာ တိုးတက်မှုရရုံမက စိတ်ချမ်းသာမှုကိုလည်း အများကြီးပေးပါတယ်။

**လုပ်ဖော်ကိုင်ဖက်အချင်းချင်းလက်တွဲ**

"ကိုယ့်အချင်းချင်း၊ မိတ်ဆွေအချင်းချင်း၊ ရဲဘော်ရဲဘက်အချင်းချင်း၊ လုပ်ဖော်ကိုင်ဖက်အချင်းချင်း အပြည့်အဝ တစ်ယောက်နဲ့တစ်ယောက် လက်တွဲပြီးတော့ လုပ်တယ်ဆိုရင် ဝန်ထုပ်ဝန်ပိုးကလည်း ပေါ့သွားသလို ဖြစ်ပါတယ်။ အလုပ်ကလည်း မြန်မြန်ဆန်ဆန် ထိထိရောက်ရောက် အောင်မြင်တယ်။ ခေါင်းတစ်လုံးထက် ခေါင်းနှစ်လုံးဟာ ပိုပြီးတော့ သာပါတယ်။ ဒီခေါင်းနှစ်လုံးဟာ တစ်ယောက်နဲ့တစ်ယောက် တိုက်နေရင်တော့ ဘယ်သာမလဲ။ ပူးပေါင်းပြီးဆောင်ရွက်မယ်ဆိုရင်တော့ ပိုပြီးတော့ အင်မတန်မှ တိုးတက်မှုတွေ ရနိုင်တယ်။

**နိုင်ငံ့သမိုင်းရဲ့နောက်ခြေလှမ်း**

"နိုင်ငံ့အတွက် ကျွန်မတို့ လုပ်နေရတဲ့အချိန်ဟာ အင်မတန်မှ အဓိကကျတဲ့ အချိန်ဖြစ်တယ်။ နောင်မျိုးဆက်သစ်တွေအတွက် ကျွန်မတို့နိုင်ငံရဲ့သမိုင်းရဲ့နောက်ခြေလှမ်းအတွက် လမ်းခင်းနေတာပါ။ အဲဒီအခွင့်အရေးဆိုတာဟာ မျိုးဆက်တိုင်းရတာမဟုတ်ပါဘူး။ လုပ်ချင်ပါတယ်ဆိုလို့လည်း လုပ်လို့ရမှာ မဟုတ်ပါဘူး။ ဥပမာ ဖွံ့ဖြိုးပြီးနိုင်ငံတွေပဲ ကြည့်လိုက်ပါ အင်မတန်မှ တိုးတက်ပြီး ဖွံ့ဖြိုးတဲ့၊ ချမ်းသာနေတဲ့ နိုင်ငံတွေမှာဆိုရင် အစိုးရတွေ၊ ဝန်ထမ်းတွေ ရင်ဆိုင်ရတဲ့ စိန်ခေါ်မှုတွေဟာ ကျွန်မတို့ ရင်ဆိုင်ရတဲ့စိန်ခေါ်မှုတွေထက် အများကြီးနည်းပါတယ်။

**နောင်တရခြင်းမရခြင်း ကိုယ့်ပေါ်မူတည်**

"ကျွန်မတို့ နိုင်ငံကတော့ ပြည်သူလူထုတွေ အာဟာရပြည့်ဝဖို့အတွက် ရှန်းကန်နေရတဲ့အခြေအနေပါ။ ဒီလို လုပ်နိုင်တဲ့အခွင့်အရေးရတာကို ဝမ်းသာပါ။ စိတ်မပျက်ပါနဲ့။ အခွင့်အရေးကိုလည်း ပြည့်ပြည့်ဝဝသုံးပါ။ နောင်ကျမှ နောင်တမရပါစေနဲ့။ ကိုယ်လုပ်သင့် လုပ်ထိုက်တဲ့ ကိစ္စကို သင့်တော်တဲ့အချိန်မှာ မလုပ်ရင် နောင်တရတာတွေ ဖြစ်ရပါလိမ့်မယ်။ ကံအကောင်းဆုံး ပုဂ္ဂိုလ်တွေကတော့ ဘဝရဲ့အဆုံးမှာ နောင်တ ဘာမှရစရာ မရှိတဲ့ ပုဂ္ဂိုလ်တွေပါ။ အဲဒီလိုပုဂ္ဂိုလ်တွေ ဖြစ်ဖို့ဆိုတာ ကိုယ်တစ်ယောက်တည်းပဲ လုပ်လို့ရတယ်။ အခြားသူဘယ်သူကမှ လုပ်ပေးလို့မရဘူး။ ကိုယ် နောင်တရခြင်း မရခြင်းဟာ ကိုယ့်ပေါ်မှာပဲမူတည်တယ်။

"အဲဒါကြောင့် ကျွန်မတို့ရဲ့ဝန်ထမ်းများအနေနဲ့ ဝန်ထမ်းလောက ကနေ အငြိမ်းစားယူသွားတဲ့အခါမှာ ကိုယ်လုပ်ခဲ့တဲ့ အလုပ်အတွက် နောင်တရစရာမရှိအောင် နေကြပါ။ အဲဒီလိုသာ လုပ်ခဲ့မယ်ဆိုရင် တစ်ယောက်ချင်း၊ တစ်ယောက်ချင်းအတွက် မဟုတ်ဘူး။ ကျွန်မတို့ရဲ့ နိုင်ငံအတွက် အင်မတန်မှ အကျိုးရှိမှာ ဖြစ်ပါတယ်။

"နိဂုံးချုပ်အနေနဲ့ ဝန်ကြီးဌာနမှာရှိတဲ့ ဝန်ထမ်းအားလုံး ကျန်းမာ ချမ်းသာစွာနဲ့ နိုင်ငံ့အကျိုးကို ပီပီပြင်ပြင်နဲ့ သယ်ပိုးနိုင်ကြပါစေလို့ ဆုတောင်းမေတ္တာပို့သပါတယ်" ဟု ပြောကြားသည်။

အခမ်းအနားတွင် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်သည် ပြည်ထောင်စုရာထူးဝန်အဖွဲ့မှ ဖွင့်လှစ်ခဲ့သည့် အရာထမ်းလောင်းအခြေခံသင်တန်း ပြည်သူ့ဝန်ထမ်းစီမံခန့်ခွဲမှု ဘွဲ့လွန်ဒီပလိုမာသင်တန်း အမှတ်စဉ်(၂)တွင် သင်တန်းသားစံပြဆုရရှိခဲ့သည့် ဦးစီးအရာရှိ ဒေါ်တင်စန္ဒာဝင်း၊ စာရေးဝန်ထမ်းအခြေခံသင်တန်းအမှတ်စဉ် (၅၅) တွင် စာပေထူးချွန်ဆုရရှိခဲ့သည့် အကြီးတန်းစာရေး ဒေါ်ခင်နေခြည်ထွန်း၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနမှ ဖွင့်လှစ်ခဲ့သည့် Linux Foundation Course သင်တန်းတွင် ပထမဆုရရှိခဲ့သည့် ဦးစီးအရာရှိ ဒေါ်နှင်းနှင်းဝေတို့ကို ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်သည်။

**ဂုဏ်ပြုဆု ပေးအပ်ချီးမြှင့်**

ဆက်လက်၍ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်သည် ၂၀၁၇-၂၀၁၈ ပညာသင်နှစ် တက္ကသိုလ်ဝင်တန်းစာမေးပွဲတွင် ၅ ဘာသာဂုဏ်ထူးဖြင့် ထူးချွန်စွာအောင်မြင်ခဲ့သည့် ဝန်ထမ်းမိသားစုဝင် မောင်အောင်မှူးသက်ကို ဂုဏ်ပြုဆု ပေးအပ်ချီးမြှင့်သည်။

ထို့နောက် နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေက ၂၀၁၇-၂၀၁၈ ပညာသင်နှစ် တက္ကသိုလ်ဝင်တန်းစာမေးပွဲတွင် ဖြေဆိုအောင်မြင်ခဲ့သည့် ဝန်ထမ်းမိသားစုဝင် ကျောင်းသူ ၂ ဦး၊ ၂၀၁၈-၂၀၁၉ ပညာသင်နှစ်တွင် ပညာသင်ယူလျက်ရှိသည့် တက္ကသိုလ်ကျောင်းသားကျောင်းသူများ၊ အခြေခံပညာ အထက်တန်း၊ အခြေခံပညာအလယ်တန်းနှင့် အခြေခံပညာမူလတန်းတို့တွင် ပညာသင်ယူလျက်ရှိသည့် ကျောင်းသား ကျောင်းသူများအတွက် ပညာသင်စရိတ်နှင့် စာရေးကိရိယာများ ထောက်ပံ့ပေးအပ်ရာ တာဝန်ရှိသူများက လက်ခံရယူကြသည်။

**စုပေါင်း ဓာတ်ပုံရိုက်**

ယင်းနောက် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်၊ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနှင့် ဒေါက်တာအောင်ထွန်းသက်တို့သည် အခမ်းအနားသို့ တက်ရောက်လာသည့် ပြည်ထောင်စုဝန်ကြီးရုံးမှ ဝန်ထမ်းများ၊ မူဝါဒရေးရာဦးစီးဌာနမှ ဝန်ထမ်းများ၊ ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေးဦးစီးဌာနမှ ဝန်ထမ်းများနှင့်အတူ စုပေါင်း၍ မှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

ထို့နောက် နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန၏ နှစ်နှစ်ပြည့် နှစ်ပတ်လည်နေ့ အထိမ်းအမှတ် အခမ်းအနားသို့ တက်ရောက်လာသူများအား နေ့လယ်စာဖြင့် တည်ခင်းဧည့်ခံသည်။

**သတင်းစဉ်**

# နိုင်ငံတစ်ဝန်း စုပေါင်းသစ်ပင်စိုက်ပျိုးခြင်းလှုပ်ရှားမှု တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ဆောင်ရွက်သွားမည်

**ရန်ကုန် ဇူလိုင် ၂၅**

စိမ်းလန်းစေဖို့ ရှေ့ဆက်စို့ ဆောင်ပုဒ်ဖြင့် နိုင်ငံတစ်ဝန်း စုပေါင်းသစ်ပင်စိုက်ပျိုးခြင်း လှုပ်ရှားမှုအစီအစဉ်ကို တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ နေရာပေါင်း ၁၈ နေရာတွင် MPT ဝန်ထမ်းများနှင့် စေတနာ့ဝန်ထမ်းများ စုပေါင်း၍ သစ်ပင်ပေါင်း တစ်သောင်းခန့်ကို မိုးရာသီသစ်ပင်စိုက်ပျိုးရေးလှုပ်ရှားမှုအဖြစ် ဆောင်ရွက်မည့် အခမ်းအနားကို ယနေ့ နံနက် ၁၀ နာရီက ရန်ကုန်မြို့ ဗိုလ်အောင်ကျော်လမ်းရှိ MPT ရုံးတွင် ကျင်းပခဲ့သည်။ **(ယာပုံ)**

နိုင်ငံတစ်ဝန်း စုပေါင်းသစ်ပင်စိုက်ပျိုးခြင်းကို ၂၀၁၇ ခုနှစ် ဩဂုတ်လတွင် ပထမအကြိမ်အဖြစ် မြတ်နိဗ္ဗာန်သစ်ပင်စိုက်ပျိုးလှူဒါန်းရေးအဖွဲ့နှင့် MPT ဝန်ထမ်းတို့ ပူးပေါင်း၍ ရန်ကုန်၊ ပဲခူးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့တွင် သစ်ပင်ပေါင်း နှစ်ထောင်ကျော်ကို စိုက်ပျိုးခဲ့ကြောင်း သိရသည်။

တိုင်းပြည် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ရာတွင် မြို့ပြတို့၏ စိမ်းလန်းစိုပြည်ရေးမှာ လူထုအတွက် အရေးပါသောကြောင့် သစ်ပင်များ စုပေါင်းစိုက်ပျိုးခြင်းမှ သဘာဝဘေးအန္တရာယ်ကို ကာကွယ်စေလျက် ကာဗွန်ထုတ်လွှတ်မှုနှုန်းများ လျော့ကျစေပြီး သဘာဝပတ်ဝန်းကျင်နှင့် ဇီဝမျိုးစုံ၊ မျိုးကွဲများ ထိန်းသိမ်းပေးနိုင်မည်ဟူသော ရည်ရွယ်ချက်ဖြင့် စုပေါင်းသစ်ပင်စိုက်ပျိုးခြင်း လှုပ်ရှားမှုကို MPT မှ ဆောင်ရွက်ခြင်းဖြစ်ကြောင်း သိရသည်။



နိုင်ငံတစ်ဝန်း စုပေါင်းသစ်ပင်စိုက်ပျိုးပွဲကို နေပြည်တော်၊ မန္တလေး၊ စစ်ကိုင်း၊ မကွေး၊ ဧရာဝတီ၊ ပဲခူး(အရှေ့၊ အနောက်) တနင်္သာရီ၊ ကချင်၊ ကယား၊ ကရင်၊ ချင်း၊ မွန်၊ ရခိုင်၊ ရှမ်း(အရှေ့၊ တောင်၊ မြောက်) ပြည်နယ်တို့တွင် ဩဂုတ် ၄ ရက်တွင် "စိမ်းလန်းစေဖို့ ရှေ့ဆက်စို့" ဆောင်ပုဒ်ဖြင့် MPTဝန်ထမ်းများနှင့် ပြည်သူတို့ စုပေါင်း၍ မိုးရာသီသစ်ပင် တစ်သောင်းခန့်ကို စိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရသည်။ **သန်းထိုက်၊ ဓာတ်ပုံ -သန်းစိုး**

# တိုင်းဒေသကြီးနှင့် ပြည်နယ်အချို့တွင် နေရာကွက်၍ မိုးကြီးနိုင်

**နေပြည်တော် ဇူလိုင် ၂၅**

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် မိုးဆက်လက်ပိုနေမည်။ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေ အားအသင့်အတင့်မှ အားကောင်းနေသည်။

မန္တလေးတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးတို့တွင် နေရာကျဲကျဲ၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်းတွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ဒေသအလိုက်နှင့် စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်း၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ကချင်ပြည်နယ်နှင့် ချင်းပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။

မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်၊ မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ခြောက်ပေမှ ကိုးပေခန့်ရှိနိုင်သည်။ **မိုး/ဇလ**

# ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ် ဂျပန်-မဲခေါင် လွှတ်တော်အသင်းဥက္ကဋ္ဌအား လက်ခံတွေ့ဆုံ



**နေပြည်တော် ဇူလိုင် ၂၅**

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်သည် ဂျပန်နိုင်ငံ ပညာရေး၊ ယဉ်ကျေးမှု၊ အားကစား၊ သိပ္ပံနှင့် နည်းပညာဝန်ကြီးဟောင်းနှင့် ဂျပန်-မဲခေါင် လွှတ်တော်အသင်းဥက္ကဋ္ဌ H .E. Mr. Ryu Shionoya အား ယနေ့ မွန်းလွဲ ၁ နာရီခွဲတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော်ဆောင် ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

ထိုသို့တွေ့ဆုံစဉ် ဂျပန်-မြန်မာ နှစ်နိုင်ငံအကြား လွှတ်တော်အချင်းချင်း ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရေး၊ ရင်းနှီးမြှုပ်နှံမှုတိုးမြှင့်ရေးဆိုင်ရာ ကိစ္စရပ်များ၊ ဥပဒေပြုရေးဆိုင်ရာ ကိစ္စရပ်များ၊ ဂျပန်နှင့် မဲခေါင်နိုင်ငံများအကြား ချစ်ကြည်ရင်းနှီးမှု ပိုမိုတိုးတက်အောင်ဆောင်ရွက်ရေးနှင့် မဲခေါင်ဒေသအတွင်း ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲသို့ ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးထွန်းထွန်းဟိန်၊ ပြည်သူ့လွှတ်တော်၊ နိုင်ငံတကာဆက်ဆံရေးကော်မတီဥက္ကဋ္ဌ ဦးဇော်သိန်းနှင့် ပြည်သူ့လွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

**သတင်းစဉ်**

**ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ် ဂျပန်နိုင်ငံ ပညာရေး၊ ယဉ်ကျေးမှု၊ အားကစား၊ သိပ္ပံနှင့် နည်းပညာဝန်ကြီးဟောင်းနှင့် ဂျပန်-မဲခေါင် လွှတ်တော်အသင်းဥက္ကဋ္ဌ H .E. Mr. Ryu Shionoya အား အမှတ်တရလက်ဆောင်ပေးအပ်စဉ်။** သတင်းစဉ်

# အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း ဂျပန်-မဲခေါင် လွှတ်တော်အသင်းဥက္ကဋ္ဌအား လက်ခံတွေ့ဆုံ

**နေပြည်တော် ဇူလိုင် ၂၅**

အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းသည် ဂျပန်နိုင်ငံ ပညာရေး၊ ယဉ်ကျေးမှု၊ အားကစား၊ သိပ္ပံနှင့် နည်းပညာဝန်ကြီးဟောင်းနှင့် ဂျပန်-မဲခေါင် လွှတ်တော်အသင်းဥက္ကဋ္ဌ H. E. Mr. Ryu Shionoya နှင့်အဖွဲ့အား ယနေ့ မွန်းလွဲ ၂ နာရီခွဲတွင် နေပြည်တော်ရှိ အမျိုးသားလွှတ်တော် ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

ထိုသို့တွေ့ဆုံစဉ် ဂျပန်-မြန်မာ လွှတ်တော်ချင်း ချစ်ကြည်ရင်းနှီးမှု ပိုမိုနက်ရှိုင်းစွာ ဆက်ဆံရေး၊ လွှတ်တော်များဖွဲ့စည်းမှု၊ ဥပဒေပြုရေးဆိုင်ရာ လုပ်ငန်းစဉ်များ၊ နှစ်နိုင်ငံအကြား စီးပွားရေးဆိုင်ရာ ရင်းနှီးမြှုပ်နှံမှုများ၊ ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲသို့ အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးအေးသာအောင်၊ အမျိုးသားလွှတ်တော် မြန်မာ-ဂျပန် လွှတ်တော်ချင်းချစ်ကြည်ရင်းနှီးရေးအသင်းဥက္ကဋ္ဌ၊ အဖွဲ့ဝင်များနှင့် အမျိုးသားလွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

**သတင်းစဉ်**



**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း ဂျပန်နိုင်ငံ ပညာရေး၊ ယဉ်ကျေးမှု၊ အားကစား၊ သိပ္ပံနှင့် နည်းပညာဝန်ကြီးဟောင်းနှင့် ဂျပန်-မဲခေါင် လွှတ်တော်အသင်းဥက္ကဋ္ဌ H. E. Mr. Ryu Shionoya နှင့်အဖွဲ့အား လက်ခံတွေ့ဆုံစဉ်။** သတင်းစဉ်

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး မသန်စွမ်းမှုဆိုင်ရာ ကမ္ဘာ့ထိပ်သီးဆွေးနွေးပွဲ တက်ရောက်

**နေပြည်တော် ဇူလိုင် ၂၅**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးသည် ဗြိတိန်နိုင်ငံ လန်ဒန်မြို့တွင် ဇူလိုင် ၂၃ မှ ၂၄ ရက်အထိ နှစ်ရက်တာ ကျင်းပခဲ့သည့် မသန်စွမ်းမှုဆိုင်ရာ ကမ္ဘာ့ထိပ်သီးဆွေးနွေးပွဲသို့ တက်ရောက်ခဲ့သည်။ **(ယာပုံ)**

ထိပ်သီးဆွေးနွေးပွဲ ပထမနေ့တွင် Civil Society Forum အား ကျင်းပရာ ကမ္ဘာ့နိုင်ငံအသီးသီးမှ မူဝါဒချမှတ်သူများ၊ ကျွမ်းကျင်သူများ၊ မသန်စွမ်းသူများ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းတို့မှ ပုဂ္ဂိုလ်များ တက်ရောက်ခဲ့ကြပြီး မသန်စွမ်းသူများ၏ စီးပွားရေးစွမ်းဆောင်ရည်မြင့်မားရေး၊ မသန်စွမ်းသူများ လူ့အဖွဲ့အစည်းအတွင်း ခွဲခြားဆက်ဆံခံရမှု ကင်းဝေးပြီး တန်းတူညီမျှ ပါဝင်ဆောင်ရွက်နိုင်ရေး၊ မသန်စွမ်းမှုဆိုင်ရာ သတင်းအချက်အလက်များ ကောက်ယူမှုသေချာစေရေး၊ မသန်စွမ်းမှုဆိုင်ရာကိစ္စရပ်များအား အကဲဖြတ်လေ့လာဆန်းစစ်မှုတွင် မသန်စွမ်းသူများကိုယ်တိုင် ပါဝင်ဆောင်ရွက်နိုင်ရေး၊ မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ ကုလသမဂ္ဂကွန်ဗင်းရှင်းနှင့် ၂၀၃၀ အစီအစဉ်တို့ကို ထိရောက်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေး၊ မသန်စွမ်းမှု အကျုံးဝင်ဖွံ့ဖြိုးတိုးတက်မှုကို ဖော်ဆောင်ရာတွင် အရပ်ဘက်လူမှုအဖွဲ့အစည်းတို့၏ အရေးကြီးသော အခန်းကဏ္ဍ၊ မသန်စွမ်းမှုအမျိုးမျိုးတို့ အတွက် အသိပညာမြင့်မားစေရေး၊ မူဝါဒချမှတ်သူများ အပါအဝင် အစိုးရနှင့် အရပ်ဘက်အဖွဲ့အစည်းများအနေဖြင့် မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ ကုလသမဂ္ဂကွန်ဗင်းရှင်းနှင့် မသန်စွမ်းမှု အကျုံးဝင်ဖွံ့ဖြိုးတိုးတက်မှုကို ဦးတည်သည့်



စဉ်ဆက်မပြတ် ဖွံ့ဖြိုးမှုပန်းတိုင်တို့အား သိရှိနားလည်နိုင်ရေးတို့ကို ဆွေးနွေးကြသည်။

ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် ဇူလိုင် ၂၄ ရက်တွင် ကျင်းပသည့် မသန်စွမ်းမှုဆိုင်ရာ ကမ္ဘာ့ထိပ်သီးဆွေးနွေးပွဲသို့ တက်ရောက်ခဲ့ကြပြီး ဆွေးနွေးပွဲတွင် ပြည်ထောင်စုဝန်ကြီးက ကမ္ဘာ့နိုင်ငံအသီးသီး ပါဝင်လက်မှတ်ရေးထိုးခဲ့ကြသည့် မသန်စွမ်းမှု အကျုံးဝင် (Charter for Change) နှင့် ပတ်သက်၍ မြန်မာနိုင်ငံအနေဖြင့် မူဝါဒပိုင်းဆိုင်ရာ လေ့လာဆန်းစစ်မှုများ ပြုလုပ်ရေး၊ လူတိုင်းအကျုံးဝင်ပညာရေး၊ မသန်စွမ်းသူများ၏ စီးပွားရေးစွမ်းဆောင်ရည် မြင့်မားရေးနှင့် မသန်စွမ်းသူများအတွက် အဆင်ပြေသင့်တော်သည့် လုပ်ငန်းခွင်ပတ်ဝန်းကျင်များ ဖန်တီးရေး၊ နည်းပညာခေတ်နှင့်အညီ မသန်စွမ်းသူများ သတင်းအချက်အလက်နှင့် နည်းပညာများ အသုံးပြုဆောင်ရွက်နိုင်ရေး၊ မသန်စွမ်းမှု စစ်တမ်းကောက်ယူနိုင်ရေး၊ မသန်စွမ်းမှု အကျုံးဝင် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အမျိုးသားအဆင့် လုပ်ငန်းအစီအစဉ်များ ချမှတ်ဆောင်ရွက်ရေး၊ သဘာဝဘေးနှင့် အခြားအရေးပေါ် အခြေအနေတို့တွင် မသန်စွမ်းသူများအား ကူညီကာကွယ်စောင့်ရှောက်ရေးနှင့် ပြန်လည်ထူထောင်ရေးတို့ကို အလေးထားဆောင်ရွက်သွားမည်ဟု ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ဂွမြို့နယ်တွင် အိမ်သုံးမီတာများ နေ့ချင်းပြီး တပ်ဆင်ပေးနေ

**ဂွ ဇူလိုင် ၂၅**

ရခိုင်ပြည်နယ် ဂွမြို့တွင် မြို့နယ်လျှပ်စစ်အင်ဂျင်နီယာရုံးနှင့် ပြည်နယ်လျှပ်စစ်စစ်ဆေးရေးဦးစီးဌာနတို့ ပူးပေါင်း၍ အသိပညာပေးဟောပြောပွဲနှင့် အိမ်သုံးမီတာများ နေ့ချင်းပြီး တပ်ဆင်ပေးခြင်းလုပ်ငန်းကို ဇူလိုင် ၂၅ ရက် နံနက်က မကျေးငူကျေးရွာနှင့် အလယ်ချောင်းကျေးရွာတို့တွင် ပြုလုပ်ခဲ့သည်။

အဆိုပါအခမ်းအနားတွင် မြို့နယ်လျှပ်စစ်အင်ဂျင်နီယာ ဦးအောင်သူရိန်လင်းက အိမ်သုံးမီတာများ တပ်ဆင်ပေးခြင်းနှင့်စပ်လျဉ်း၍ မီတာသုံးစွဲနည်းအဆင့်ဆင့်ကို လျှပ်စစ်သုံးစွဲသူ မိဘပြည်သူများ သိရှိစေရန် အသိပညာပေးဟောပြောပြီး ပြည်နယ်လျှပ်စစ် စစ်ဆေးရေးဦးစီးဌာနမှ ဌာနခွဲမှူး ဦးတင်ဇော်ထွန်းက လျှပ်စစ်အန္တရာယ်ကင်းရှင်းရေး အသိပညာပေး ဟောပြောခဲ့သည်။ ထို့နောက် အလင်းရောင်စီမံချက်(OSS)စနစ်ဖြင့် နေ့ချင်းပြီး အိမ်သုံးမီတာများ တပ်ဆင်ခြင်းလုပ်ငန်းတို့ကို ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

**နေပြည်တော် ဇူလိုင် ၂၅**

နေပြည်တော်နှင့်အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်သည်။ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးအသင့်အတင့် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်သည်။

**မိုး/ဇလ**

# ဥပဒေအရ ရယူပိုင်ခွင့် (Legal Deposit) နှင့် အမျိုးသားစာကြည့်တိုက်

ဒေါ်မြဦး

နိုင်ငံတိုင်း၏ အမျိုးသားစာကြည့်တိုက်များတွင် အခြားစာကြည့်တိုက်များနှင့်မတူသော သီးခြားဝိသေသလက္ခဏာများ ရှိကြပါသည်။ နိုင်ငံ၏ ဖွဲ့စည်းပုံ၊ ဥပဒေပြုမှုအဆင့်အတန်း၊ အကောင်အထည်ဖော်ဆောင်ရွက်ချက်များအလိုက် အမျိုးသားစာကြည့်တိုက်များ၏ ဝိသေသလက္ခဏာများမှာ အနည်းငယ် ကွဲပြားမှု ရှိကြပါသည်။

ယူနက်စကိုအဖွဲ့၏ အဓိပ္ပာယ်သတ်မှတ်ချက်အရ အမျိုးသား စာကြည့်တိုက်သည် နိုင်ငံအတွင်း ထုတ်ဝေသမျှသော စာပေအနုပညာပစ္စည်းအားလုံး၏ သတ်မှတ်ထားသောအရေအတွက်ကို ဥပဒေတစ်ရပ်အရ ရယူစုဆောင်း၍ ထိန်းသိမ်းထားရှိသည့် စာကြည့်တိုက်အဖြစ် ဆောင်ရွက်ရသည့် စာကြည့်တိုက်အမျိုးအစားဖြစ်သည်။ အမျိုးသားစာကြည့်တိုက်များသည် အမျိုးသားစာစုစာရင်းကို ပြုစုထုတ်ဝေခြင်း၊ နိုင်ငံအကြောင်း ရေးသားထားသော စာအုပ်စာတမ်းများ အပါအဝင် နိုင်ငံခြားစာပေအရပ်ရပ်ကို ပြည့်ပြည့်စုံစုံ ရယူစုဆောင်းခြင်း၊ စာပေအနုပညာပစ္စည်းများ၏ အချက်အလက်များကို ဖြန့်ဝေပေးသည့် နိုင်ငံတော်အဆင့် အချက်အလက်ဗဟိုဌာနအဖြစ် တာဝန်ယူဆောင်ရွက်ခြင်း၊ နိုင်ငံအတွင်းရှိ စာကြည့်တိုက်များ၏ စာပေါင်းစုကက်တလောက်ကို ပြုစုခြင်း၊ နိုင်ငံအတွင်း ထုတ်ဝေသည့် နောက်ကြောင်းပြန်စာစုစာရင်းများကို ပြုစုထုတ်ဝေခြင်း စသည့် လုပ်ငန်းများကို ဆောင်ရွက်ရပါသည်။ အထက်ပါလုပ်ငန်းများကို တာဝန်ယူဆောင်ရွက်ခြင်းမရှိသည့် အခြားနိုင်ငံတော်အဆင့် စာကြည့်တိုက်များကို အမျိုးသားစာကြည့်တိုက်ဟု ခေါ်ဆို၍ မရနိုင်ပါ။

**အမျိုးသားစာကြည့်တိုက်ဥပဒေ**

အမျိုးသားစာကြည့်တိုက်သည် နိုင်ငံတစ်နိုင်ငံ၏ ပြည်ထောင်စုအဆင့် စာကြည့်တိုက် ဖြစ်သည်နှင့်အမျှ အမျိုးသားစာကြည့်တိုက်များ၏ လုပ်ပိုင်ခွင့်နှင့် တာဝန်များကို ပီပြင်စွာ ဆောင်ရွက်နိုင်ရန် နိုင်ငံတိုင်းတွင် အမျိုးသားစာကြည့်တိုက်ဥပဒေကို ပြဋ္ဌာန်းပါသည်။ မြန်မာနိုင်ငံ အမျိုးသားစာကြည့်တိုက်ကို ၁၉၅၂ ခုနှစ်မှ စတင်တည်ထောင် ဖွင့်လှစ်ခဲ့သော်လည်း ဥပဒေပြဋ္ဌာန်းထားခြင်း မရှိသေးသဖြင့် အမျိုးသားစာကြည့်တိုက်၏ မျှော်မှန်းချက်ကို ခိုင်မာစွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် လိုအပ်နေသော အမျိုးသားစာကြည့်တိုက်ဥပဒေကို ၂၀၁၀ ပြည့်နှစ်မှ စတင်ပြုစုခဲ့ပါသည်။ အမျိုးသားစာကြည့်တိုက်ဥပဒေအတွက် UNESCO မှ ဖြန့်ဝေထားသော Guidelines for Legislation for National Library Services နှင့် GUIDELINES FOR LEGAL DEPOSIT LEGISLATION များကို ကိုးကား၍ ပါဝင်ရမည့် အချက်များကို ထည့်သွင်းခြင်း၊ အခြားနိုင်ငံများမှ အမျိုးသားစာကြည့်တိုက်များ၏ ဥပဒေများကို လေ့လာကာ မိမိနိုင်ငံနှင့် ဆီလျော်မည့် အချက်များကို အကြမ်းပြုစုခြင်းတို့ကို ဆောင်ရွက်ခဲ့ပါသည်။

အမျိုးသားစာကြည့်တိုက်ဥပဒေ ပြုစုရေးအတွက် ဆရာကြီး စည်သူဒေါက်တာသော်ကောင်း အမှူးပြုသော စာကြည့်တိုက်ပညာရှင် ဆရာကြီး ဆရာမကြီးများ၊ ဆရာဦးကျော်ဇောနိုင်၊ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက် ဦးစီးဌာန (ယခင် ရှေးဟောင်းသုတေသန၊ အမျိုးသားစာကြည့်တိုက်နှင့် ပြတိုက်ဦးစီးဌာန) ညွှန်ကြားရေးမှူးချုပ် ဦးဆောင်၍ ပြန်ကြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများနှင့်အတူ ညှိနှိုင်းအစည်းအဝေးများကို ၂၀၁၂ ခုနှစ်တွင် အကြိမ်ကြိမ်ပြုလုပ်၍ မူကြမ်းထွက်ပေါ်လာစေရန် ကြိုးပမ်းခဲ့ကြပါသည်။

အမျိုးသားစာကြည့်တိုက်ဥပဒေမူကြမ်းကို ၂၀၁၂ ခုနှစ်နှင့် ၂၀၁၃ ခုနှစ်တွင် ရေးဆွဲနိုင်ခဲ့သော်လည်း အထက်အဆင့်ဆင့်သို့ တင်ပြရန် နှောင့်နှေးကြန့်ကြာနေခဲ့ရာမှ ၂၀၁၆ ခုနှစ်တွင် ပြန်လည်သက်ဝင် လှုပ်ရှားလာခဲ့ပါသည်။ ပြည်ထောင်စုလွှတ်တော်၊ ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်၏ ညှိနှိုင်းမှုဖြင့် ပြည်ထောင်စုရှေ့နေချုပ်ရုံးနှင့် အမျိုးသားစာကြည့်တိုက်မှ တာဝန်ရှိသူများက အမျိုးသားစာကြည့်တိုက်ဥပဒေမူကြမ်းကို ပြန်လည်တည်းဖြတ်ခြင်း၊ ဥပဒေဆိုင်ရာအကြံဉာဏ်များ ရယူခြင်း၊ ရေးဆွဲပြီးသော ဥပဒေမူကြမ်းကို ပြည်ထောင်စုရှေ့နေချုပ်ရုံးသို့ သဘောထားမှတ်ချက်တောင်းခံခြင်း စသည်တို့ကို အကြိမ်ကြိမ် ဆောင်ရွက်ခဲ့ကြပါသည်။

ယခုအခါ အမျိုးသားစာကြည့်တိုက်ဥပဒေမူကြမ်းသည် အပြီးသတ်ညှိနှိုင်းသည့်အဆင့်သို့ ရောက်ရှိလာပြီဖြစ်ပါသည်။ ပြန်ကြားရေးဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုရှေ့နေချုပ်ရုံးတို့မှ တာဝန်ရှိသူများနှင့် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနမှ တာဝန်ရှိသူများသည် အမျိုးသားစာကြည့်တိုက်ဥပဒေမူကြမ်း အပြီးသတ်ရေးအတွက် ညှိနှိုင်းဆွေးနွေးခဲ့ကြပါသည်။

**ရေးဆွဲဖော်ပြထား**

အမျိုးသားစာကြည့်တိုက်ဥပဒေ ရေးဆွဲရာတွင် အခြားနိုင်ငံများ၏ အမျိုးသားစာကြည့်တိုက်ဥပဒေများကို လေ့လာရပါသည်။ အချို့နိုင်ငံများက အမျိုးသားစာကြည့်တိုက်ဥပဒေနှင့် ဥပဒေအရ ရယူပိုင်ခွင့် Depository Law ကို သီးခြားရေးဆွဲပြဋ္ဌာန်းကြပြီး အချို့နိုင်ငံများက တစ်ပေါင်းတည်း ရေးဆွဲပြဋ္ဌာန်းကြပါသည်။ မြန်မာနိုင်ငံ အမျိုးသားစာကြည့်တိုက်ဥပဒေတွင် တစ်ပေါင်းတည်း ရေးဆွဲဖော်ပြထားပါသည်။

အမျိုးသားစာကြည့်တိုက်ဥပဒေကို ရေးဆွဲရာတွင်

(က) ပြည်ထောင်စုအဆင့် စာကြည့်တိုက်ဖြစ်သည့် အမျိုးသားစာကြည့်တိုက်၏ လုပ်ပိုင်ခွင့်နှင့် တာဝန်များကို ပီပြင်စွာ ဆောင်ရွက်နိုင်ရန်၊

(ခ) မြန်မာ့အမျိုးသားစာပေစုအမွေအနှစ် ဗဟိုဌာနဖြစ်လာစေရန်ဆိုသည့် အမျိုးသားစာကြည့်တိုက်၏ မျှော်မှန်းချက်ကို ပီပြင်ထိရောက်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်၊

(ဂ) ပြည်တွင်းပြည်ပမှ စာကြည့်တိုက်များ၊ စာကြည့်တိုက်အသင်းအဖွဲ့များနှင့် ကွန်ရက်ဆက်သွယ်၍ စာကြည့်တိုက်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်နိုင်ရန် ဟူသော ရည်ရွယ်ချက်များဖြင့် ရေးဆွဲထားခြင်း ဖြစ်ပါသည်။

> **“အမျိုးသားစာကြည့်တိုက်သည် နိုင်ငံတွင်းရှိ စာကြည့်တိုက်များတွင် စာကြည့်တိုက်လုပ်ငန်းများကို စာကြည့်တိုက်ပညာရပ်များနှင့်အညီ စနစ်တကျ ဆောင်ရွက်နိုင်ရန်အတွက် လမ်းညွှန်မှုပေးခြင်း၊ စာကြည့်တိုက်ပညာဖြန့်ဖြူးခြင်း၊ စာကြည့်တိုက်လုပ်ငန်းများအတွက် လိုအပ်သော စံသတ်မှတ်ချက်များ၊ လက်စွဲစာအုပ်များ ပြုစုထုတ်ဝေဖြန့်ချိခြင်း စသည့်နည်းလမ်းများဖြင့် ဆောင်ရွက်ရမည်ဖြစ်”**

အမျိုးသားစာကြည့်တိုက်သည် ပုံနှိပ်စာပေ အနုပညာပစ္စည်းများကိုသာမက ပုံနှိပ်မဟုတ်သော စာပေအနုပညာပစ္စည်းများ (Non-printed materials) ကိုပါ ရယူထိန်းသိမ်းရန် တာဝန်ရှိပါသည်။ စာပေအနုပညာပစ္စည်းဆိုသည်မှာ ပေ၊ ပုရပိုက်၊ လက်ရေးစာ၊ လက်နှိပ်စက်မူ၊ စာအုပ်၊ သတင်းစာ၊ မဂ္ဂဇင်း၊ ဂျာနယ်၊ လက်ကမ်းစာစောင်၊ မြေပုံ၊ ရှားပါးရုပ်ပုံများ၊ ပန်းချီပုံများ၊ စီဒီများ၊ ဂီတသင်္ကေတများ၊ ဓာတ်ပုံများ၊ ရုပ်ရှင်ဖလင်များ၊ ဓာတ်ပြားများ၊ ဗီဒီယိုနှင့် အသံသွင်းတိပ်ခွေများ၊ စာရွက်၊ ဖလင်၊ မိုက်ကရိုဖလင်၊ မိုက်ကရိုဖစ်ချ်ကဲ့သို့ ဓာတ်ပုံပစ္စည်းများ၊ အီလက်ထရွန်နစ်စာအုပ်၊ စာနယ်ဇင်းများ၊ ဒစ်ဂျစ်တယ်ပုံစံ အသွင်ပြောင်းထားသော စာအုပ်စာနယ်ဇင်းများ၊ အီလက်ထရွန်နစ်နှင့် အခြားပစ္စည်းများကို အသုံးပြု၍ မှတ်တမ်းတင်ထားသောပစ္စည်းများ၊ ယင်းတို့ကို ပြန်လည်ပြုပြင်ထုတ်လုပ်ထားသော ပစ္စည်းများအပါအဝင် ပုံစံအမျိုးမျိုးဖြင့် ရေးသား၊ ပုံနှိပ်၊ ရေးထွင်း၊ ရေးဆွဲ၊ အသံသွင်းထားသော စာပေအနုပညာနှင့် သက်ဆိုင်သည့် ပစ္စည်းများကို ဆိုလိုခြင်း ဖြစ်ပါသည်။

**စာပေအမွေအနှစ်အဖြစ် ထိန်းသိမ်းသွားနိုင်ရန်**

အမျိုးသားစာကြည့်တိုက်သည် ပြည်တွင်းထုတ်စာအုပ်အားလုံးကို စုဆောင်း၍ နိုင်ငံ၏ စာပေအမွေအနှစ်အဖြစ် ထိန်းသိမ်းသွားနိုင်ရန်အတွက် ပုံနှိပ်သူ/ ထုတ်ဝေသူများထံမှ ဥပဒေအရ ပေးပို့ရန် ထည့်သွင်းရေးဆွဲထားပါသည်။ ဤနေရာတွင် ပုံနှိပ်သူ ဆိုသည်မှာ ပုံနှိပ်စက် သို့မဟုတ် ပုံနှိပ်တိုက်ပိုင်ဆိုင်သူကို ဆိုပါသည်။ ထုတ်ဝေသူ ဆိုသည်မှာ ထုတ်ဝေစာတစ်ခုခုကို စီးပွားရေးအကျိုးအမြတ် ရယူ၍သော်လည်းကောင်း၊ မရယူဘဲသော်လည်းကောင်း ထုတ်ဝေသည့်သူကို ဆိုပါသည်။ ဖြန့်ချိသူ ဆိုသည်မှာ စာပေအနုပညာပစ္စည်းများကို ပြည်သူသို့ ရောင်းချခြင်းအပါအဝင် တစ်နည်းနည်းဖြင့် ဖြန့်ဝေခြင်း ဆောင်ရွက်သူကို ဆိုပါသည်။ ယင်းစကားရပ်များတွင် အစုစပ်၊ ကုမ္ပဏီ၊ မိသားစုလုပ်ငန်း သို့မဟုတ် အသင်းအဖွဲ့၏ သက်ဆိုင်ရာ စီမံအုပ်ချုပ်သော အစုရှင်၊ ဥက္ကဋ္ဌ၊ မန်နေဂျင်းဒါရိုက်တာ၊ အတွင်းရေးမှူး သို့မဟုတ် တာဝန်ခံပုဂ္ဂိုလ်လည်း ပါဝင်ပါသည်။

အချို့ဖြန့်ချိသူများသည် မိမိတို့ပိုင်စာပေတိုက်မှ စာပေအနုပညာပစ္စည်းများကို တာဝန်ယူ ထုတ်ဝေ၍ ဖြန့်ချိကြပါသည်။ အမျိုးသားစာကြည့်တိုက်သည် ပြည်တွင်းထုတ် စာအုပ်အားလုံးကို စုဆောင်း၍ နိုင်ငံ၏ စာပေအမွေအနှစ်အဖြစ် ထိန်းသိမ်းသွားနိုင်ရန်အတွက် စာပေအနုပညာပစ္စည်းများကို တာဝန်ယူထုတ်ဝေ၍ ဖြန့်ချိကြသော ဖြန့်ချိသူများထံမှ ဥပဒေအရ ပေးပို့ရန် အမျိုးသားစာကြည့်တိုက်ဥပဒေတွင် ထည့်သွင်းရေးဆွဲထားခြင်း ဖြစ်ပါသည်။

အမျိုးသားစာကြည့်တိုက်၏ သဘောသဘာဝအရ နိုင်ငံအတွင်း ထွက်ရှိသမျှ ပုံနှိပ်စာအုပ်စာတမ်းများ၊ လက်ရေးစာများ၊ ပုံနှိပ်မဟုတ်သော စာပေအနုပညာပစ္စည်းများကို ပြည့်စုံအောင် စုဆောင်း၍ အများပြည်သူသို့ ဝန်ဆောင်မှုပေးရမည်ဖြစ်ပါသည်။ ပြည်ထောင်စုအဆင့် စာကြည့်တိုက်ဖြစ်သဖြင့် မြန်မာနိုင်ငံ၊ မြန်မာလူမျိုးနှင့် ပတ်သက်သော စာစုများ၊ မြန်မာ့ယဉ်ကျေးမှု ဓလေ့ထုံးစံနှင့် ပတ်သက်သော စာစုများ၊ မြန်မာ့ရှေးဟောင်းစာပေများ၊ နိုင်ငံတကာမှထုတ်ဝေသော မြန်မာနိုင်ငံဆိုင်ရာ စာစုများကို ပြည့်စုံအောင်စုဆောင်းပြီး နောင်လာနောက်သားများအတွက် အမျိုးသားစာပေစုအမွေအနှစ်အဖြစ် ခေတ်မီနည်းပညာရပ်များဖြင့် ထိန်းသိမ်းစောင့်ရှောက်ခြင်းနှင့် တိုးတက်ပြန့်ပွားစေရန် ဆောင်ရွက်ရမည်ဖြစ်ပါသည်။ ပြည်တွင်းထုတ် ပုံနှိပ်စာများနှင့် ရှားပါးစာပေအနုပညာပစ္စည်းများ၊ လက်ရေးစာများအားလုံးကို ပြည့်စုံအောင် စုဆောင်း၍ ပြည်တွင်း ပြည်ပသုတေသီများနှင့် ပြည်သူလူထုတစ်ရပ်လုံး ရည်ညွှန်းကိုးကား အသုံးပြုနိုင်စေရန် ရည်ရွယ်ပါသည်။

**အမျိုးသားစာကြည့်တိုက်က ဆောင်ရွက်ရ**

နိုင်ငံတိုင်းတွင် အမျိုးသားစာကြည့်တိုက်များသည် နိုင်ငံတွင်းထုတ် စာပေအနုပညာပစ္စည်းများကို ထိုနိုင်ငံ၏ အမျိုးသားစာကြည့်တိုက်ဥပဒေတစ်ရပ်အရ သတ်မှတ်ထားသော အရေအတွက်အတိုင်း ရယူထိန်းသိမ်းခွင့် ရှိပါသည်။ အမျိုးသားစာကြည့်တိုက်ကြီးကြပ်မှုအဖွဲ့သည် နိုင်ငံတော်အတွင်း ထုတ်ဝေသော စာပေအနုပညာပစ္စည်းများကို တရားဝင်ရယူထိန်းသိမ်းရေး (National Depository) အဖြစ် ဆောင်ရွက်ခွင့်ရှိရမည်ဖြစ်ပါသည်။ စာပေအနုပညာပစ္စည်းများကို မူဝါဒချမှတ်စုဆောင်းခြင်း၊ စုဆောင်းထားသော စာပေအနုပညာပစ္စည်းများကို စာကြည့်တိုက်တွင် စနစ်တကျထိန်းသိမ်းခြင်း၊ အများပြည်သူအသုံးပြုနိုင်ရန် ဆောင်ရွက်ပေးခြင်းတို့ကို အမျိုးသားစာကြည့်တိုက်က ဆောင်ရွက်ရပါမည်။

စာပေအနုပညာပစ္စည်းများ၏ ပြည့်စုံသော အမျိုးသားစာစုစာရင်း (National Bibliography) ကို ပြုစုထုတ်ဝေရန်မှာ အမျိုးသားစာကြည့်တိုက်၏ အဓိကတာဝန်တစ်ရပ်ဖြစ်ပါသည်။ အမျိုးသားစာစုစာရင်းသည် နိုင်ငံတွင်း ထုတ်ဝေသမျှ စာပေအနုပညာပစ္စည်းအားလုံး၏ စာရင်းဖြစ်ပြီး နိုင်ငံ၏ စာပေထုတ်ဝေမှုအခြေအနေ၊ အဆင့်အတန်း၊ ထွက်ရှိသည့်ပညာရပ်အမျိုးအစားမှတစ်ဆင့် ခေတ်၏ စာပေအဆင့်အတန်း၊ လူထု၏ စာပေစိတ်ဝင်စားမှု အခြေအနေနှင့် ခေတ်၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးအခြေအနေတို့ကို သုတေသနပြုနိုင်ပြီး နိုင်ငံအကျိုးပြုလုပ်ငန်းများကို တိုးမြှင့်ဆောင်ရွက်နိုင်စေသည့် အခွင့်အလမ်းများကို ဖော်ဆောင်ပေးနိုင်ပါသည်။

ပြည့်စုံသော အမျိုးသားစာစုစာရင်းကို ပြုစုနိုင်ရန်အတွက် အစိုးရဌာနများ၊ အစိုးရအဖွဲ့အစည်းများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများအပါအဝင် ပုံနှိပ်သူများ၊ ထုတ်ဝေသူများနှင့် ဖြန့်ချိသူများသည် နိုင်ငံအတွင်း ထုတ်ဝေသမျှသော ပုံနှိပ်နှင့် ပုံနှိပ်မဟုတ်သော စာပေအနုပညာပစ္စည်းများကို ထုတ်ဝေရောင်းချမည့် အရည်အသွေးအတိုင်း ပြည့်စုံစွာပါဝင်စေလျက် ထုတ်ဝေသည့်နေ့မှ တစ်လအတွင်း သတ်မှတ်ထားသော အရေအတွက်ကို အမျိုးသားစာကြည့်တိုက်သို့ အခမဲ့ ပေးပို့ရမည်ဖြစ်ပါသည်။

ထို့အပြင် နိုင်ငံတွင်းထုတ်စာအုပ်များနှင့် အခြားစာပေပစ္စည်းများအတွက် မထုတ်ဝေမီ ကက်တလောက် အချက်အလက်များကို ကြိုတင်ပြုစုခြင်းလုပ်ငန်း (Cataloguing in Publication - CIP) ကို အမျိုးသားစာကြည့်တိုက်က ဆောင်ရွက်ပေးရပါမည်။ ဤသို့ ဆောင်ရွက်ပေးခြင်းဖြင့် နိုင်ငံအတွင်းရှိ စာကြည့်တိုက်များသာမက ပြည်ပနိုင်ငံများမှ စာကြည့်တိုက်များသည် မြန်မာနိုင်ငံထုတ် စာအုပ်စာတမ်းများအတွက် သီးခြားကက်တလောက် ပြုစုရန် မလိုတော့ဘဲ အလွယ်တကူအသုံးပြုနိုင်မည်ဖြစ်၍ စာကြည့်တိုက်လုပ်ငန်းများ ဆောင်ရွက်ရာတွင် အချိန်ကုန်သက်သာစေမည့်အပြင် တစ်နိုင်ငံလုံးတွင် မြန်မာနိုင်ငံထုတ် စာအုပ်စာတမ်းများအတွက် စာကြည့်တိုက်ကက်တလောက် တစ်ပြေးညီဖြစ်လာစေပါသည်။ ထိုသို့ ဆောင်ရွက်နိုင်ရန်အတွက် စာပေပစ္စည်းထုတ်ဝေသူ/ ဖြန့်ချိသူများသည် မိမိတို့ထုတ်ဝေမည့် စာပေပစ္စည်းကို အမျိုးသားစာကြည့်တိုက်သို့ ကြိုတင်ပေးပို့ရပါမည်။

နိုင်ငံတကာအသိအမှတ်ပြုစာအုပ်အမှတ် (International Standard Book Number- ISBN) နှင့် နိုင်ငံတကာအသိအမှတ်ပြု စာနယ်ဇင်းအမှတ် (International Standard Serial Number- ISSN) များသည် စာပေထုတ်ဝေသူများအတွက် စာပေဖြန့်ချိရာတွင် အကျိုးကျေးဇူးများစွာ ရရှိစေနိုင်သဖြင့် အမျိုးသားစာကြည့်တိုက်များက ဆောင်ရွက်ပေးကြပါသည်။

**မြန်မာနိုင်ငံအတွင်းရှိ စာကြည့်တိုက်များ**

အမျိုးသားစာကြည့်တိုက်သည် နိုင်ငံတွင်းရှိ စာကြည့်တိုက်များတွင် စာကြည့်တိုက်လုပ်ငန်းများကို စာကြည့်တိုက်ပညာရပ်များနှင့်အညီ စနစ်တကျ ဆောင်ရွက်နိုင်ရန်အတွက် လမ်းညွှန်မှုပေးခြင်း၊ စာကြည့်တိုက်ပညာ ဖြန့်ဖြူးခြင်း၊ စာကြည့်တိုက်လုပ်ငန်းများအတွက် လိုအပ်သော စံသတ်မှတ်ချက်များ၊ လက်စွဲစာအုပ်များ ပြုစုထုတ်ဝေဖြန့်ချိခြင်း စသည့်နည်းလမ်းများဖြင့် ဆောင်ရွက်ရမည်ဖြစ်ပါသည်။ မြန်မာနိုင်ငံအတွင်းရှိ စာကြည့်တိုက်များ၏ စာကြည့်တိုက်လုပ်ငန်းများကို စာကြည့်တိုက်ပညာရပ်များနှင့်အညီ စနစ်တကျ ဆောင်ရွက်နိုင်စေရေးနှင့် ပိုမိုတိုးတက်သော စာကြည့်တိုက်များ ဖြစ်လာစေရေးအတွက် စာကြည့်တိုက် လုပ်ငန်းဆိုင်ရာ လမ်းညွှန်မှုနှင့် အကြံဉာဏ်များကို ပေးနိုင်ရန် ရည်ရွယ်ချက်ဖြင့် အမျိုးသားစာကြည့်တိုက်ကို တည်ထောင်ခြင်းဖြစ်ပါသည်။

အမျိုးသားစာကြည့်တိုက်သည် ပြည်ထောင်စုအဆင့် စာကြည့်တိုက်ဖြစ်သဖြင့် စာကြည့်တိုက်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ပီပြင်အောင်မြင်စွာ ဆောင်ရွက်နိုင်ရန် အခြားနိုင်ငံများမှာကဲ့သို့ စာကြည့်တိုက်ကြီးကြပ်မှုအဖွဲ့ကို စာကြည့်တိုက်ဆိုင်ရာ ကျွမ်းကျင်ပညာရှင်များနှင့် ဖွဲ့စည်းကာ ကြီးကြပ်ဆောင်ရွက်သွားနိုင်ရန် ရည်ရွယ်၍ အမျိုးသားစာကြည့်တိုက် ကြီးကြပ်မှုအဖွဲ့ဖွဲ့စည်းရန်အချက်ကို ဥပဒေတွင် ထည့်သွင်းထားပါသည်။ စင်ကာပူ၊ သြစတြေးလျ စသည့်နိုင်ငံများတွင် အမျိုးသားစာကြည့်တိုက်ဘုတ်အဖွဲ့နှင့် ဆောင်ရွက်ကြပါသည်။

စာမျက်နှာ ၇ သို့

◆ *ကျောဖုံးမှ*

၂၀၁၇ - ၂၀၁၈ ဘဏ္ဍာရေးနှစ်တွင် အရေးပေါ်ရန်ပုံငွေမှ ငွေကျပ် ၄၉၈၉ ဒသမ ၆၉၄ သန်း ခွင့်ပြုပေးခဲ့ပြီး ဖြစ်ပါကြောင်း။

၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်အတွင်း အချိန်မီပြင်ဆင်ပြီးစီးနိုင်ခြင်းမရှိဘဲ ပြန်လည်ပြုပြင်ရန်ကျန်ရှိသည့် အဆောက်အအုံ ၁၂၇ လုံးအား ၂၀၁၈ ခုနှစ် ဧပြီလမှ စက်တင်ဘာလအထိ ၆ လ ဘဏ္ဍာရေးနှစ်အတွင်း ပြန်လည်ပြုပြင်ရန်အတွက် စစ်အင်ဂျင်နီယာညွှန်ကြားရေးမှူးရုံးမှ အသေးစိတ် စိစစ်တွက်ချက်ရာ ခန့်မှန်းငွေကျပ် ၁၈၉၇ ဒသမ ၁၆၀ သန်း ကုန်ကျမည်ဖြစ်ပါကြောင်း။

အဆိုပါ ဆိုင်ကလုန်းမုန်တိုင်း(မိုရာ) သဘာဝဘေးဒဏ်ကြောင့် ပျက်စီးမှုများသည် ကြိုတင်မသိမြင်နိုင်သော ရုတ်တရက်ဖြစ်ပေါ်ခဲ့သည့် သဘာဝဘေးဒဏ် အမျိုးအစားဖြစ်သောကြောင့် ဘဏ္ဍာငွေလျာထားချက်မရှိသဖြင့် ပျက်စီးမှုများ ပြန်လည်ပြုပြင်ရန်အတွက် ငွေကျပ် ၁၈၉၇ ဒသမ ၁၆၀ သန်းအား အရေးပေါ်ရန်ပုံငွေတွင် ကျခံသုံးစွဲခွင့်ရရှိရေး တင်ပြဆောင်ရွက်ခဲ့ပြီး ၂၀၁၈ ခုနှစ် ဇွန် ၂၁ ရက်တွင် ကျင်းပပြုလုပ်သော ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေး အမှတ်စဉ်(၁၁/၂၀၁၈)အရ သဘောတူပြီးဖြစ်ပါသဖြင့် ပြည်ထောင်စုလွှတ်တော်မှ မှတ်တမ်းတင် အတည်ပြုပေးနိုင်ရန် ရှင်းလင်းတင်ပြသည်။

## ၂၀၁၈ ခုနှစ် ဧပြီလမှ စက်တင်ဘာလအတွင်း ပေးချေရမည့် ဂျပန်ယန်း ၅၁၆ ဒသမ ၇၁၇ သန်းနှင့် ညီမျှသော ငွေကျပ် ၆၂၇၈ ဒသမ ၁၁၂ သန်းကို အရေးပေါ်ရန်ပုံငွေမှ ကျခံသုံးစွဲခြင်းကို ခွင့်ပြုခဲ့ပြီးဖြစ်

ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်က မြန်မာ့အသံနှင့် ရုပ်မြင်သံကြားအနေဖြင့် ဂျပန်နိုင်ငံအစိုးရ အထောက်အပံ့နှင့် ဆောင်ရွက်သည့် The Project for Extension of Broadcast Equipment of Myanmar Radio and Television အတွက် ထောက်ပံ့ငွေ ဂျပန်ယန်း ၂၂၆၃ သန်းတန်ဖိုးရှိသည့် Project ကို ရရှိခဲ့ပါကြောင်း၊ အဆိုပါ Project နှင့် ပတ်သက်ပြီး Exchange of Note ကို ၂၀၁၇ ခုနှစ် မတ် ၃ ရက်တွင် လည်းကောင်း၊ Grant Agreement ကို ၂၀၁၇ ခုနှစ် မတ် ၂၉ ရက်တွင် လည်းကောင်း သဘောတူလက်မှတ်ရေးထိုးခဲ့ပါကြောင်း၊ ၂၀၁၈ ခုနှစ် ဧပြီလမှ စက်တင်ဘာလ ၆ လတာ ဘတ်ဂျက်လျာထားချက်ကို စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနသို့ ၂၀၁၇ ခုနှစ် နိုဝင်ဘာ ၂၀ ရက်၌ ပေးပို့ရာတွင် Broadcasting Equipment ပစ္စည်းများ ဝယ်ယူရမည့် ဘတ်ဂျက်ငွေပမာဏကို တိကျစွာ မသိရှိရသေးသည့်အတွက် လျာထားနိုင်ခြင်း မရှိခဲ့ပါကြောင်း။

ဂျပန်နိုင်ငံအစိုးရ အထောက်အပံ့နှင့် Broadcasting Equipment ပစ္စည်းများ ဝယ်ယူရန် တင်ဒါဖွင့်ဖောက်စစ်ဆေးခြင်းကို ၂၀၁၈ ခုနှစ် ဖေဖော်ဝါရီ ၄ ရက်က ဂျပန်နိုင်ငံ၌ ပြုလုပ်သည့်အခါတွင် Sumitomo Corporation က ဂျပန်ယန်း ၁၉၆၉ သန်းနှင့် တင်ဒါအောင်မြင်ခဲ့ပြီး ၂၀၁၈ ခုနှစ် ဖေဖော်ဝါရီ ၉ ရက်တွင် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားနှင့် စာချုပ်ချုပ်ဆိုခဲ့ပါကြောင်း၊ စာချုပ်ပါအချက်များအရ စက်ပစ္စည်းများအတွက် ကြိုတင်ပေးချေရန် ၃၀ ရာခိုင်နှုန်းဖြစ်သည့် ဂျပန်ယန်း ၄၆၉ ဒသမ ၉၁၇ သန်းနှင့် အဆောက်အအုံပြင်ဆင်ထိန်းသိမ်းခြင်းအတွက် ၄၀ ရာခိုင်နှုန်းဖြစ်သည့် ဂျပန်ယန်း ၄၆ ဒသမ ၈ သန်း စုစုပေါင်းဂျပန်ယန်း ၅၁၆ ဒသမ ၇၁၇ သန်းကို ၂၀၁၈ ခုနှစ် ဧပြီလမှ စက်တင်ဘာလအတွင်း ပေးချေရမည်ဖြစ်ပါကြောင်း။

ယခုကဲ့သို့ ပေးချေနိုင်မှု ဖြစ်ပေါ်လာသည့်အခါတွင် မူလလျာထားနိုင်မှု မရှိခဲ့သည့်အတွက် ပြန်ကြားရေးဝန်ကြီးဌာနတစ်ခုလုံး၏ ဘတ်ဂျက်မှ လည်းကောင်း၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၏ ငွေလုံးငွေရင်း ခွင့်ပြုငွေမှလည်းကောင်း သုံးစွဲနိုင်ခြင်း မရှိသည်ကို တွေ့ရှိရသည့်အတွက် လုပ်ထုံးလုပ်နည်းနှင့်အညီ ဆောင်ရွက်နိုင်ရန် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနအား ညှိနှိုင်းခဲ့ရာ အရေးပေါ်ရန်ပုံငွေမှ တောင်းခံသုံးစွဲသွားရန် သဘောထားပြန်ကြားခဲ့သည့်အတွက် စီးပွားရေးရာကော်မတီ ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးများသို့ အဆင့်ဆင့်တင်ပြပြီး ခွင့်ပြုချက်ရယူခဲ့ပါကြောင်း။

ယင်းကိစ္စရပ်သည် ငွေကြေးထုတ်ယူသုံးစွဲခြင်းမဟုတ်ဘဲ ထောက်ပံ့မှုများကို သတ်မှတ်ဘတ်ဂျက်ကာလအတွင်း ပေးချေနိုင်ရေးအတွက် အရအသုံးစာရင်းအနေဖြင့် ဆောင်ရွက်ရခြင်းမျိုး ဖြစ်ပါကြောင်း၊ ၂၀၁၈ ခုနှစ် ဇွန် ၂၁ ရက်တွင် ကျင်းပပြုလုပ်သည့် ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးအမှတ်စဉ်(၁၁/၂၀၁၈)မှ ၂၀၁၈ ခုနှစ် ဧပြီလမှ စက်တင်ဘာလအတွင်း ပေးချေရမည့် ဂျပန်ယန်း ၅၁၆ ဒသမ ၇၁၇ သန်းနှင့်ညီမျှသော ငွေကျပ် ၆၂၇၈ ဒသမ ၁၁၂ သန်းကို အရေးပေါ်ရန်ပုံငွေမှ ကျခံသုံးစွဲခြင်းကို ခွင့်ပြုခဲ့ပြီးဖြစ်သည့်အတွက် ပြည်ထောင်စုလွှတ်တော်မှ မှတ်တမ်းတင်ပေးနိုင်ပါရန် ရှင်းလင်းတင်ပြသည်။

အဆိုပါ **၂၀၁၈ ခုနှစ် ပြည်ထောင်စု၏ ဘဏ္ဍာငွေ အရအသုံးဆိုင်ရာ ဥပဒေပါ အရေးပေါ်ရန်ပုံငွေမှ ငွေကျပ် ၈၁၇၅ ဒသမ ၂၇၂ သန်း ခွဲဝေသုံးစွဲခဲ့သည့် ကိစ္စရပ်**နှင့် စပ်လျဉ်း၍ လွှတ်တော်က မှတ်တမ်းတင်ကြောင်း ပြည်ထောင်စုလွှတ်တော် နာယကမန်းဝင်းခိုင်သန်းက ကြေညာသည်။



သာသနာရေးနှင့် ယဉ်ကျေးမှု ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကို ရှင်းလင်းတင်ပြစဉ်။



အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင် ရှင်းလင်းတင်ပြစဉ်။

## သဘာဝရော်ဘာထုတ်လုပ်သော နိုင်ငံများအသင်းသို့ ဝင်ရောက်ရန်နှင့် နှစ်စဉ်ကြေးထည့်ဝင်ရန်ကိစ္စနှင့် စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်စာရင်းတင်သွင်းနိုင်

ထို့နောက် နိုင်ငံတော်သမ္မတထံမှ ပေးပို့ထားသည့် **သဘာဝရော်ဘာ ထုတ်လုပ်သော နိုင်ငံများအသင်းသို့ ဝင်ရောက်ရန်နှင့် နှစ်စဉ်ကြေးထည့်ဝင်ရန်ကိစ္စ**နှင့် စပ်လျဉ်း၍ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလှကျော်က သဘာဝရော်ဘာထုတ်လုပ်သော နိုင်ငံများအသင်း(Association of Natural Rubber Producing Countries - ANRPC) ကို မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့၌ ၁၉၇၀ ပြည့်နှစ်တွင် စတင်တည်ထောင်ခဲ့ပါကြောင်း၊ အသင်းအနေဖြင့် ကမ္ဘာ့သဘာဝရော်ဘာလုပ်ငန်းဆိုင်ရာ သတင်းအချက်အလက်များ စုစည်းသည့် အရင်းအမြစ်ဌာနတစ်ခုဖြစ်သည့်အပြင် အစိုးရများအချင်းချင်း ရော်ဘာလုပ်ငန်းဆိုင်ရာ ဆန်းစစ်ခြင်းနှင့် မူဝါဒများချမှတ်ရေးဆွဲခြင်းတို့ကို ဆောင်ရွက်လျက်ရှိသည့် အဖွဲ့အစည်း ဖြစ်ပါကြောင်း။

ANRPC အသင်းသို့ ဝင်ရောက်ရခြင်းမှာ သဘာဝရော်ဘာထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေးကိစ္စများကို ညှိနှိုင်းဆောင်ရွက်နိုင်ရန်၊ အဖွဲ့ဝင်နိုင်ငံများအချင်းချင်း နည်းပညာပူးပေါင်းဆောင်ရွက်နိုင်ရန်၊ သဘာဝရော်ဘာဈေးနှုန်း ကောင်းမွန်တည်ငြိမ်မှုရှိနေစေရန်အတွက် ရေရှည်ဆက်လက်ဆောင်ရွက်နိုင်ရန်နှင့် သဘာဝရော်ဘာလုပ်ငန်းများတွင် ထိခိုက်နိုင်သောကိစ္စရပ်များကို ပူးပေါင်းဖြေရှင်း ဆောင်ရွက်သွားနိုင်ရန် ရည်ရွယ်ပါကြောင်း။

အသင်းဝင်ခြင်းဖြင့် ရော်ဘာဆိုင်ရာ သတင်းအချက်အလက်များ ရရှိနိုင်မှုနှင့်အတူ ရော်ဘာတင်ပို့မှုကို တိုးမြှင့်နိုင်မည့်အခွင့်အလမ်းများ ရရှိလာမည့်အပြင် ဆွေးနွေးပွဲများမှ ဈေးကွက်ချဲ့ထွင်နိုင်မှုနှင့် စိုက်ပျိုးထုတ်လုပ်မှုဆိုင်ရာ နည်းပညာများ၊ နည်းစနစ်များ လေ့လာခွင့်ရရှိလာနိုင်မည် ဖြစ်ပါကြောင်း လွှတ်တော်သို့ ရှင်းလင်းတင်ပြသည်။

အဆိုပါ **သဘာဝရော်ဘာ ထုတ်လုပ်သော နိုင်ငံများအသင်းသို့ ဝင်ရောက်ရန်နှင့် နှစ်စဉ်ကြေးထည့်ဝင်ရန်ကိစ္စ**နှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်စာရင်း တင်သွင်းနိုင်ကြောင်း ပြည်ထောင်စုလွှတ်တော်နာယကက ကြေညာသည်။

## ၂၀၁၈ - ၂၀၁၉ ဘဏ္ဍာရေးနှစ် အမျိုးသားစီမံကိန်း ဥပဒေကြမ်းပါ စီမံကိန်းလုပ်ငန်းများနှင့် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေကြမ်းပါ ရငွေသုံးငွေများ နှင့်စပ်လျဉ်း၍ လွှတ်တော်သို့ ရှင်းလင်းတင်ပြ

ယင်းနောက် **၂၀၁၈ - ၂၀၁၉ ဘဏ္ဍာရေးနှစ် အမျိုးသားစီမံကိန်းဥပဒေကြမ်းပါ စီမံကိန်းလုပ်ငန်းများနှင့် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေကြမ်းပါ ရငွေသုံးငွေများ**နှင့် စပ်လျဉ်း၍ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးထွန်းထွန်းဟိန်၊ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်၊ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကို၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်း၊ နိုင်ငံတော်သမ္မတရုံးနှင့် ပြည်ထောင်စုအစိုးရအဖွဲ့ရုံးတို့နှင့် စပ်လျဉ်း၍ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်း၊ ပြည်ထောင်စုလွှတ်တော်ရုံးနှင့် စပ်လျဉ်း၍ ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီ ဒုတိယဥက္ကဋ္ဌ စောသန်းထွဋ်၊ အမျိုးသားလွှတ်တော်ရုံးနှင့် စပ်လျဉ်း၍ ပြည်သူ့ငွေစာရင်းကော်မတီအတွင်းရေးမှူး ဒေါက်တာစိုင်းဆိုင်ကျောက်ဆမ်၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံးမှ တရားသူကြီး ဦးမြင့်အောင်၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးမှ အဖွဲ့ဝင် ဦးမြင့်ဝင်း၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်မှ အဖွဲ့ဝင် ဦးစိုးရယ်၊ ပြည်ထဲရေးဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်သူ၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး ဗိုလ်ချုပ်မြင့်နွယ်၊ နယ်စပ်ရေးရာဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး ဗိုလ်ချုပ်သန်းထွဋ်၊ နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး ဦးခင်မောင်တင်၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး ဦးလှကျော်၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး ဦးကျော်မျိုးတို့က ကဏ္ဍအလိုက် လွှတ်တော်သို့ ရှင်းလင်းတင်ပြကြသည်။

## ဗီဇာပြုလုပ်ခကဲ့သို့ ကောက်ခံရရှိမှုများမှာ သက်ဆိုင်ရာဝန်ကြီးဌာန အသီးသီး၏ ရငွေများ ဖြစ်သည့်အတွက် နိုင်ငံခြားရေးဝန်ကြီးဌာန၏ ရငွေမဟုတ်

နိုင်ငံခြားရေးဝန်ကြီးဌာနနှင့်စပ်လျဉ်း၍ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်က ၂၀၁၈ - ၂၀၁၉ ဘဏ္ဍာရေးနှစ်အတွက် ရငွေလျာထားမှု၌ အဓိကရငွေမှာ ဆောင်ရွက်ပေးမှုအတွက် ရရှိသည့်ရငွေသာဖြစ်ပြီး ပစ္စည်းဟောင်းရောင်းချရငွေ၊ တင်ဒါပုံစံရောင်းချရငွေ၊ ဘဏ်တိုးနှင့် နှစ်လွန်ရငွေ စသည့် ရငွေလျာထားချက်တွင် ကျပ်သန်းပေါင်း ၁၉၃၀ လျာထားပါကြောင်း၊ ဗီဇာပြုလုပ်ခကဲ့သို့ ကောက်ခံရရှိမှုများမှာ သက်ဆိုင်ရာဝန်ကြီးဌာန အသီးသီး၏ ရငွေများ ဖြစ်သည့်အတွက် နိုင်ငံခြားရေးဝန်ကြီးဌာန၏ ရငွေမဟုတ်ပါကြောင်း။

သုံးငွေအပိုင်းတွင် နိုင်ငံခြားရေးဝန်ကြီးဌာန၏ သာမန်အသုံးစရိတ်အတွက် မူဘောင်သတ်မှတ်ခွင့်ပြုငွေကျပ်သန်းပေါင်း ၅၂၅၃၈ ဒသမ ၂၆၂ အား အဆိုပြုလျာထားခဲ့ပါကြောင်း၊ ထို့အတူ ငွေလုံးငွေရင်း အသုံးစရိတ်ဘောင်သတ်မှတ်ချက်အရ နိုင်ငံခြားရေးဝန်ကြီးဌာနအတွက် ငွေကျပ် ၁၄၁၉၉ ဒသမ ၄၁၅ သန်း အဆိုပြုခဲ့ရာ ကော်မတီ ၃ ရပ် (စီမံကိန်းရေးဆွဲရေးဦးစီးဌာန၊ ဆောက်လုပ်ရေးဝန်ကြီးဌာနနှင့် စက်ပစ္စည်းကြီးကြပ်မှုကော်မတီ)တို့မှ စိစစ်ပြီး ကျပ်သန်းပေါင်း ၁၃၅၅၂ ဒသမ ၉၉၃ သန်းအား ခွင့်ပြုခဲ့ပါကြောင်း။

နိုင်ငံခြားရေးရာဦးစီးဌာန ငွေလုံးငွေရင်း အသုံးစရိတ်၏ ဆောက်လုပ်ရေးကဏ္ဍတွင် နိုင်ငံခြားရေးဝန်ကြီးဌာန ရန်ကုန်ရုံးရှိ RC ၅ ထပ်တိုက် သံတမန်သင်တန်းကျောင်း (Diplomatic Academy) ဆောက်လုပ်ခြင်း၊ မီးသတ်ရေကန်ဆောက်လုပ်ခြင်း၊ စတိုဂိုဒေါင်တစ်ခုနှင့် လုံခြုံရေးအဆောက်အအုံဆောက်လုပ်ခြင်း၊ Fire Alarm တပ်ဆင်ခြင်း၊ လျှပ်စစ်မီးကြိုး/ရေပိုက်သွယ်တန်းခြင်း၊ ဆေးသုတ်ခြင်း အပါအဝင် အဆောက်အအုံ အကြီးစားပြင်ဆင်ခြင်းလုပ်ငန်းများ ထည့်သွင်းတင်ပြထားပါကြောင်း။

မြန်မာသံတမန်နှင့် ကောင်စစ်ဝန်အဖွဲ့ရုံး ဆောက်လုပ်ရေးကဏ္ဍတွင် မြန်မာသံရုံး ပရီတိုးရီးယားမြို့ရှိ နိုင်ငံတော်ပိုင်သံရုံးအကြီးအကဲနေအိမ်ဆောက်လုပ်ခြင်း၊ မြန်မာသံရုံး လန်ဒန်မြို့မှ သံရုံးအဆောက်အအုံအကြီးစားမွမ်းမံခြင်းနှင့် မြန်မာသံရုံး ကင်ဘာရာမြို့မှ သံရုံးဝင်းအတွင်း၌ (4 Unit) ဝန်ထမ်းအိမ်ရာသစ် ဆောက်လုပ်ခြင်းလုပ်ငန်းများအား ၁၈ လစီမံကိန်းဖြင့် ဆောင်ရွက်နေပြီဖြစ်၍ ကျန် ၁၂ လအတွက် လျာထားခြင်း၊ မြန်မာသံရုံး ကိုလံဘိုမြို့မှ သံရုံးအဆောက်အအုံဝယ်ယူခြင်းနှင့် သံရုံး ၁၀ ရုံးရှိ နိုင်ငံတော်ပိုင် အဆောက်အအုံများ အကြီးစားမွမ်းမံပြင်ဆင်ခြင်းတို့ကို ထည့်သွင်းတင်ပြထားပါကြောင်း ရှင်းလင်းတင်ပြသည်။

ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်က ဘဏ္ဍာရေးကော်မရှင်က ပြန်ကြားရေးဝန်ကြီးဌာန၏ ၂၀၁၈ - ၂၀၁၉ ဘဏ္ဍာရေးနှစ် ရသုံးငွေစာရင်းအရ စုစုပေါင်းရငွေကျပ် ၈၀၄၃၉ ဒသမ ၄၈ သန်း(ငွေကျပ် ၈၀ ဘီလီယံကျော်) အတည်ပြုပေးခဲ့ပါကြောင်း။

ပြန်ကြားရေးဝန်ကြီးဌာနအနေဖြင့် သာမန်အသုံးစရိတ် ငွေကျပ် ၈၃၄၅၀ ဒသမ ၈၄၇ သန်း (ငွေကျပ် ၈၃ ဘီလီယံကျော်)၊ ငွေလုံးငွေရင်း အသုံးစရိတ် ငွေကျပ် ၃၅၇၉၄ ဒသမ ၂၀၀ သန်း(ငွေကျပ် ၃၅ ဘီလီယံကျော်) စုစုပေါင်းငွေကျပ် ၁၁၉၂၄၅ ဒသမ ၀၄၇ သန်း (ငွေကျပ် ၁၁၉ ဘီလီယံကျော်) အဆိုပြုခဲ့ပါကြောင်း။

ယင်းအဆိုပြုမှုအပေါ် ဘဏ္ဍာရေးကော်မရှင်မှ စိစစ်ချက်များအရ ငွေကျပ် သန်းပေါင်း ၁၀၅၈၅ ဒသမ ၀၀၄ သန်း (ငွေကျပ် ၁၀ ဘီလီယံကျော်) လျှော့ချခဲ့ပြီး သာမန်အသုံးစရိတ်တွင် ငွေကျပ် ၈၀၆၅၇ ဒသမ ၀၂၀ သန်း (ငွေကျပ် ၈၀ ဘီလီယံကျော်)၊ ငွေလုံးငွေရင်း အသုံးစရိတ်တွင် ငွေကျပ် ၂၈၀၀၃ ဒသမ ၀၂၃ သန်း (ငွေကျပ် ၂၈ ဘီလီယံကျော်) စုစုပေါင်း ငွေကျပ် ၁၀၈၆၆၀ ဒသမ ၀၄၃ သန်း (ငွေကျပ် ၁၀၈ ဘီလီယံကျော်) သတ်မှတ်ပေးခဲ့ပါကြောင်း၊ ပြန်ကြားရေးဝန်ကြီးဌာနအနေဖြင့် ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေကြမ်းပါ ပြန်ကြားရေးဝန်ကြီးဌာန၏ ရငွေသုံးငွေစာရင်းကို အဆင့်ဆင့်စိစစ်ထားပြီး ဖြစ်ပါကြောင်း ရှင်းလင်းတင်ပြသည်။

*စာမျက်နှာ ၉ သို့*

❒ *စာမျက်နှာ ၆ မှ*

အမျိုးသားစာကြည့်တိုက်သည် အများပြည်သူကို အယုတ်အလတ်အမြတ်မရွေး စာပေဝန်ဆောင်မှုပေးရသည့် စာကြည့်တိုက်ဖြစ်သည့်အပြင် မြန်မာနိုင်ငံ၏ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်စေရန် အထောက်အကူပြုရသော အဖွဲ့အစည်းဖြစ်သဖြင့် ပညာရပ်အမျိုးမျိုးနှင့် ဘာသာစကားအမျိုးမျိုးမှ အသိပညာဗဟုသုတ တိုးပွားစေနိုင်သော စာပေယဉ်ကျေးမှုနှင့် အမျိုးသားယဉ်ကျေးမှုအမွေအနှစ်များကို ထင်ဟပ်စေနိုင်သော နိုင်ငံသူ နိုင်ငံသားများ၏ ဉာဏ်ရည်ဉာဏ်သွေးကို မြင့်မားစေပြီး တီထွင်ဖန်တီးမှုစွမ်းရည်ကို မြင့်မားစေမည့် ပုံနှိပ်နှင့် ပုံနှိပ်မဟုတ်သော စာပေပစ္စည်းများ (Digital resources များ၊ database များအပါအဝင်) ကို စုဆောင်းပေးရပါမည်။ စာကြည့်တိုက်၏ စာစု တိုးပွားလာရေးအပြင် စာကြည့်တိုက်အသုံးပြုသူများအတွက် ပြည့်စုံသောစာစုများ ရရှိစေရန် ရည်ရွယ်၍ စာပေအနုပညာပစ္စည်းလဲလှယ်ရေး အစီအစဉ်ကို အမျိုးသားစာကြည့်တိုက်က ပီပြင်စွာ ဆောင်ရွက်ရပါမည်။

အဓိကစာကြည့်တိုက်လုပ်ငန်းတစ်ခုဖြစ်သော စာဖြန့်ဝန်ဆောင်မှုလုပ်ငန်းတွင် ပါဝင်သည့် စာဖတ်ခန်းဝန်ဆောင်မှု၊ ရည်ညွှန်းဝန်ဆောင်မှု၊ စာဖတ်သူလိုအပ်သော အချက်အလက်များကို မိတ္တူကူးပေးခြင်း၊ အစိုးရဌာနများကို လုပ်ငန်းလိုအပ်ချက်အရ အချိန်အကန့်အသတ်ဖြင့် ငှားရမ်းခြင်း စသည်တို့ကို စည်းမျဉ်း စည်းကမ်းများနှင့်အညီ ဆောင်ရွက်ရပါမည်။

နိုင်ငံအတွင်း စာကြည့်တိုက်ပညာ ပြန့်ပွားစေရန် အမျိုးသားစာကြည့်တိုက်က ဘွဲ့လွန်စာကြည့်တိုက်စီမံခန့်ခွဲမှုပညာ ဒီပလိုမာသင်တန်းနှင့် အခြေခံစာကြည့်တိုက်ပညာရက်တိုသင်တန်းများ ဖွင့်လှစ်ခြင်း၊ ပြည်တွင်း ပြည်ပမှ စာကြည့်တိုက်များ၊ စာကြည့်တိုက်အသင်းအဖွဲ့များနှင့် စဉ်ဆက်မပြတ် ဆက်သွယ်၍ မြန်မာနိုင်ငံ စာကြည့်တိုက်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး၊ စာကြည့်တိုက်မှူးများ အရည်အသွေး တိုးတက်မြင့်မားရေးအတွက် သင်တန်းများ၊ ဟောပြောပွဲများ၊ အလုပ်ရုံဆွေးနွေးပွဲများ၊ နှီးနှောဖလှယ်ပွဲများ ပြုလုပ်ခြင်း၊ ပညာပြန့်ပွားရေးနည်းလမ်း အမျိုးမျိုးဖြင့် ဖြန့်ဖြူးပေးခြင်း၊ ပြည်သူ့စာကြည့်တိုက်များနှင့် ပူးပေါင်းကာ နိုင်ငံတော်အတွင်း စာဖတ်စွမ်းရည် မြှင့်တင်ရေးနှင့် စာကြည့်တိုက်အသုံးပြုမှု အလေ့အထ တိုးပွားရေးလုပ်ငန်းများကို ဆောင်ရွက်ရပါမည်။

အမျိုးသားစာကြည့်တိုက်သည် ရယူစုဆောင်းထားသော စာပေအနုပညာပစ္စည်းများကို ဒစ်ဂျစ်တယ်အသွင် ပြောင်းလဲကာ စီးပွားရေးအကျိုးအမြတ်အတွက်မဟုတ်ဘဲ အများပြည်သူထံ ပညာဖြန့်ဝေရန် ရည်ရွယ်လျက် အမျိုးသားစာကြည့်တိုက်ခွဲများသို့ ဖြန့်ဝေအသုံးပြုခွင့်လည်း လိုအပ်ပါသည်။

အမျိုးသားစာကြည့်တိုက်၏ ထူးခြားသော ဝိသေသလက္ခဏာများနှင့်အညီ ဆောင်ရွက်ရမည့် လုပ်ငန်းရပ်များကို ပီပြင်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်စေရန်အတွက် ရေးဆွဲလျက်ရှိသည့် အမျိုးသားစာကြည့်တိုက်ဥပဒေတစ်ရပ် ပေါ်ထွက်လာစေရန် ပူးပေါင်းဆောင်ရွက်ကြစေလိုကြောင်း ရည်ရွယ်၍ တင်ပြလိုက်ရပါသည်။ ။

# လွှတ်တော်ရုံးများ၏ ၂၀၁၈ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ စုပေါင်းကျင်းပ



ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတွင် သတ်မှတ်နေရာ၌ သစ်ပင်စိုက်ပျိုးပေးစဉ်။



အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတွင် သတ်မှတ်နေရာ၌ သစ်ပင်စိုက်ပျိုးပေးစဉ်။

**နေပြည်တော် ဇူလိုင် ၂၅**

လွှတ်တော်ရုံးများ၏ ၂၀၁၈ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲအခမ်းအနားကို ယနေ့နံနက် ၈ နာရီခွဲတွင် လွှတ်တော်ဝင်းအတွင်း၌ စုပေါင်းကျင်းပရာ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း၊ ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးထွန်းထွန်းဟိန်၊ အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးအေးသာအောင်၊ လွှတ်တော်ရေးရာကော်မတီဥက္ကဋ္ဌများ၊ ကော်မတီအတွင်းရေးမှူးများ၊ လွှတ်တော်ရုံးအသီးသီးမှ တာဝန်ရှိသူများနှင့် ဝန်ထမ်းများ တက်ရောက်ကြသည်။

ရှေးဦးစွာ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း၊ ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးထွန်းထွန်းဟိန်၊ အမျိုးသားလွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးအေးသာအောင်၊ လွှတ်တော်ရေးရာကော်မတီဥက္ကဋ္ဌများနှင့် ကော်မတီအတွင်းရေးမှူးများက သတ်မှတ်နေရာများတွင် သစ်ပင်များကို စိုက်ပျိုးပေးခဲ့ကြသည်။

ထို့နောက် လွှတ်တော်ရုံးအသီးသီးမှ တာဝန်ရှိသူများနှင့် ဝန်ထမ်းများက ကံ့ကော်၊ ခရေ၊ ရွှေသပြေနှင့် စိန်ပန်းပင်များကို စုပေါင်းစိုက်ပျိုးကြရာ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌတို့က လိုက်လံကြည့်ရှုအားပေးကြသည်။ **သတင်းစဉ်**

# နိုင်ငံခြားရေးဝန်ကြီးဌာနနှင့် အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေး ဝန်ကြီးဌာနတို့၏ ၂၀၁၈ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကျင်းပ

**နေပြည်တော် ဇူလိုင် ၂၅**

နိုင်ငံခြားရေးဝန်ကြီးဌာနနှင့် အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာနတို့၏ ၂၀၁၈ ခုနှစ် မိုးရာသီ သစ်ပင် စိုက်ပျိုးပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် နိုင်ငံခြားရေးဝန်ကြီးဌာန ရုံးရှေ့မြက်ခင်းပြင်၌ ကျင်းပသည်။

သစ်ပင်စိုက်ပျိုးပွဲအထိမ်းအမှတ်အဖြစ် အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်က အောင်သပြေပင်ကို စိုက်ပျိုးပေးခဲ့ပြီး **(အောက်ပုံ)** တက်ရောက်လာကြသည့် ညွှန်ကြားရေးမှူးချုပ်များ၊ ဌာန အကြီးအကဲများနှင့် ဝန်ထမ်းများက ပိတောက်၊ ကံ့ကော်နှင့် အခြားအရိပ်ရ နှစ်ရှည်ပင်များကို သတ်မှတ်နေရာများတွင် စိုက်ပျိုးကြသည်။ **သတင်းစဉ်**






# နယ်စပ်ရေးရာဝန်ကြီးဌာန မိုးရာသီသစ်ပင်စိုက်ပွဲတော်ကျင်းပ

**နေပြည်တော် ဇူလိုင် ၂၅**

နယ်စပ်ရေးရာဝန်ကြီးဌာန၏ မိုးရာသီသစ်ပင်စိုက်ပွဲတော်ကို ယနေ့နံနက် ၈ နာရီခွဲတွင် ဝန်ကြီးဌာနရုံးပတ်ဝန်းကျင်နှင့် နေပြည်တော် ဇမ္ဗူသီရိမြို့နယ် ဝဏ္ဏသိဒ္ဓိရပ်ကွက်ရှိ ဆောက်လုပ်ဆဲ ဝန်ထမ်းအိမ်ရာပတ်ဝန်းကျင်တို့၌ ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရဲအောင်နှင့် ဇနီး ဒေါ်ခိုင်မေကြူတို့က မဟော်ဂနီပင်ကို ဦးဆောင်စိုက်ပျိုးပေးပြီး **(အပေါ်ပုံ)** ဒုတိယဝန်ကြီး ဗိုလ်ချုပ်သန်းထွဋ်နှင့် တာဝန်ရှိသူများ၊ အရာထမ်း၊ အမှုထမ်းများက ရတနာတန်းဝင် ကျွန်းပင်၊ ပျဉ်းကတိုးပင်၊ မဟော်ဂနီပင်၊ ကံ့ကော်ပင်နှင့် ခရေပင်စုစုပေါင်း ၈၅၀ ကို စိုက်ပျိုးခဲ့သည်။

ပြည်ထောင်စုဝန်ကြီးနှင့် ဒုတိယဝန်ကြီးတို့သည် နယ်စပ်ရေးရာဝန်ကြီးဌာန ရုံးဧရိယာအတွင်း ယခင်နှစ် မိုးရာသီအထိ စုပေါင်းစိုက်ပျိုးခဲ့သော ပိတောက်ပင် ၅၀၊ သပြေပင် ၅၀၊ ကျွန်း ၅၁၆ ပင်၊ ပျဉ်းကတိုး ၄၇၅ ပင်၊ မဟော်ဂနီ ၂၇၅ပင်၊ ကံ့ကော် ၉၅ ပင်၊ ငုချယ်ရီ ၅၅ပင် စုစုပေါင်း ရတနာတန်းဝင်သစ်ပင် ၁၅၁၆ ပင်တို့၏ ရှင်သန်ဖြစ်ထွန်းမှုကို လှည့်လည်ကြည့်ရှုခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# လူငယ်ဘက်စုံဖွံ့ဖြိုးရေးပွဲတော်(မန္တလေး)ကျင်းပရေးလုပ်ငန်းကော်မတီ ညှိနှိုင်းအစည်းအဝေးကျင်းပ

**နေပြည်တော် ဇူလိုင် ၂၅**

လူငယ်ဘက်စုံ ဖွံ့ဖြိုးရေးပွဲတော်(မန္တလေး) ကျင်းပရေးလုပ်ငန်းကော်မတီ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ ပြန်ကြားရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။ **(ယာပုံ)**

အစည်းအဝေးသို့ လုပ်ငန်းကော်မတီဝင် အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် လုပ်ငန်းကော်မတီဥက္ကဋ္ဌ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်လှထွန်းက လူငယ်ဘက်စုံဖွံ့ဖြိုးရေးပွဲတော်(မန္တလေး)ကျင်းပရေး ဦးစီးကော်မတီကို နိုင်ငံတော်သမ္မတရုံးက ၂၀၁၈ ခုနှစ် ဇွန် ၂၅ ရက်တွင် ဖွဲ့စည်းပေးခဲ့ပြီး လူငယ်ဘက်စုံဖွံ့ဖြိုးရေးပွဲတော် (မန္တလေး) ကျင်းပရေးလုပ်ငန်းကော်မတီကို ၂၀၁၈ ခုနှစ် ဇူလိုင် ၄ ရက်တွင် ဖွဲ့စည်းခဲ့ပါကြောင်း၊ အလားတူလုပ်ငန်းများ အဆင်ပြေချောမွေ့စွာဆောင်ရွက်နိုင်ရန် ဆပ်ကော်မတီ ၁၄ ခုနှင့် ကဏ္ဍများအားလုံး ဟန်ချက်ညီစွာပေါင်းစပ်ဆောင်ရွက်နိုင်ရန် အတွင်းရေးမှူးများအဖွဲ့ကိုလည်း ဖွဲ့စည်းပြီးဖြစ်ပါကြောင်း၊ လူငယ်ဘက်စုံဖွံ့ဖြိုးရေးပွဲတော်(မန္တလေး)အောင်မြင်စွာကျင်းပနိုင်ရေးအတွက် သက်ဆိုင်ရာကဏ္ဍများအလိုက် ပေါင်းစပ်ညှိနှိုင်းရန် ကျန်ရှိမှုများကို ပွင့်လင်းမြင်သာစွာ ဆွေးနွေးပေးကြပါရန် တိုက်တွန်းပါကြောင်း ပြောကြားသည်။

ယင်းနောက် အစည်းအဝေးသို့ တက်ရောက်လာကြသည့် လုပ်ငန်းကော်မတီဝင်များနှင့် တာဝန်ရှိသူများက သက်ဆိုင်ရာကဏ္ဍအလိုက် ဆောင်ရွက်ပြီးစီးမှုများ၊ ဆောင်ရွက်ရန် ကျန်ရှိမှုများကို ရှင်းလင်းတင်ပြကြပြီး အစည်းအဝေးကို ညနေ ၃ နာရီတွင် ရပ်နားခဲ့သည်။

ယခုကျင်းပမည့်လူငယ်ဘက်စုံဖွံ့ဖြိုးရေးပွဲတော်(မန္တလေး)ကို မန္တလေးတက္ကသိုလ်တွင် ဩဂုတ် ၁၁ ရက်မှ ၁၃ ရက်အထိ ကျင်းပသွားမည်ဖြစ်သည်။

**သတင်းစဉ်**



# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး၏ ဆဋ္ဌမအကြိမ်မြောက် ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲကျင်းပ

**နေပြည်တော် ဇူလိုင် ၂၅**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး၏ ဆဋ္ဌမအကြိမ်မြောက် ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲ အခမ်းအနားကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး ညီလာခံခန်းမ၌ ကျင်းပရာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးလှသိန်းနှင့် ဇနီး ဒေါ်အေးသီတာ၊ ကော်မရှင်အဖွဲ့ဝင်များဖြစ်ကြသော ဦးအောင်မြင့်၊ ဦးထွန်းခင်၊ ဦးလှတင့်၊ ဦးမြင့်နိုင်နှင့်ဇနီး၊ ဦးသန်းဌေးနှင့် ကော်မရှင်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြည်ညိုကြပြီး ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

အခမ်းအနားသို့ နေပြည်တော် ဇေယျာသီရိမြို့နယ် သံဃနာယကအဖွဲ့ ဥက္ကဋ္ဌ၊ ရတနာစံပရိယတ္တိစာသင်တိုက် ဆရာတော်ဘဒ္ဒန္တ ဝိစိတ္တသာရ အမှူးပြုသော သံဃာတော်များ ကြွရောက်ချီးမြှင့်တော်မူကြသည်။

အခမ်းအနားတွင် ညီ့ပရိသတ်များက ဆရာတော်ထံမှ ငါးပါးသီလခံယူ ဆောက်တည်ကြသည်။ ယင်းနောက် ဆရာတော်၊ သံဃာတော်များ ရွတ်ပွားသရဇ္ဈာယ်တော်မူသည့် အန္တရာယ်ကင်း ပရိတ်တရားတော်များကို နာယူကြပြီး ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ တာဝန်ရှိသူများက ဆရာတော်၊ သံဃာတော်များအား ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် ဆရာတော်ထံမှ အနုမောဒနာတရားနာယူ၍ လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းချ အမျှပေးဝေကြပြီး ဆရာတော်၊ သံဃာတော်များအား နေ့ဆွမ်းဆက်ကပ် လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**



ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးလှသိန်းနှင့် ဇနီး ဒေါ်အေးသီတာ ဆရာတော်ထံ ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။

*စာမျက်နှာ ၇ မှ*

## သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန

သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုက ဝန်ကြီးဌာနအနေဖြင့် ၂၀၁၈ ခုနှစ် အောက်တိုဘာလမှ ၂၀၁၉ ခုနှစ် စက်တင်ဘာလအထိ ရငွေတင်ပြချက်များတွင် သာမန်ရငွေကျပ် ၉၅၀၀ သန်းနှင့် ငွေလုံးငွေရင်း ရငွေကျပ် ၂၀၂၃၁ ဒသမ ၀၆၄ သန်း လျာထားပါကြောင်း၊ အသုံးစရိတ်အပိုင်းတွင် သာမန်အသုံးစရိတ်ငွေကျပ် ၂၄၁၈၁ ဒသမ ၉၀၀ သန်းနှင့် ငွေလုံးငွေရင်းအသုံးစရိတ်ငွေကျပ် ၁၂၈၁၄ ဒသမ ၄၀၃ သန်း လျာထားပါကြောင်း။

## ဆောက်လုပ်ရေးကဏ္ဍ

ငွေလုံးငွေရင်းအသုံးစရိတ် ဆောက်လုပ်ရေးကဏ္ဍတွင် အမျိုးသားစာကြည့်တိုက် (ရန်ကုန်)အဖြစ် ပြောင်းရွှေ့ဖွင့်လှစ်မည့် ပန်းဘဲတန်းမြို့နယ်ရှိ အမှတ်(၆၀၄/၆၀၈) အဆောက်အအုံအဟောင်း မွမ်းမံခြင်းအတွက် ငွေကျပ် ၅၉၉၂ သန်း၊ ရုံးအမှတ်(၃၁) အတွင်း ရုံးအဆောက်အအုံအသစ် ဆောက်လုပ်ရန် RC ၃ ထပ်၊ ကွန်ကရစ်လမ်းခင်းခြင်း၊ ခြံစည်းရိုးကာရံခြင်း ဆောင်ရွက်ရန်အတွက် ငွေကျပ် ၁၁၈၇ ဒသမ ၇၆၀ သန်းနှင့် ငွေကျပ်သန်း ၇၀၀ အထက် လုပ်ငန်းတွင် အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ် (ရန်ကုန်)ဝင်းအတွင်း သံကူကွန်ကရစ် ၆ ခန်းတွဲ၊ ၄ ထပ် ဝန်ထမ်းအိမ်ရာနှင့် သံကူကွန်ကရစ် ၃ ထပ် စာသင်ဆောင်တည်ဆောက်ခြင်း၊ ငွေကျပ်သန်း ၃၀၀ အထက်တွင် ဗဟန်းမြို့နယ် ကမ္ဘောဇရိပ်သာဝင်းအတွင်းတွင် ပန်းချီပန်းပုဌာန သင်ကြားဆောင် တစ်ထပ်တည်ဆောက်ခြင်း၊ ကမ္ဘာအေးကုန်းမြေ အမှုထမ်းအိမ်ရာ ၆ ခန်းတွဲ RC ၄ ထပ် ၂ ဆောင် ဆောက်လုပ်ခြင်းလုပ်ငန်းနှင့် မွမ်းမံထိန်းသိမ်းရေးလုပ်ငန်းများအတွက် ငွေကျပ်သန်း ၁၀၀ အထက် လုပ်ငန်း ၄ ခု၊ ငွေကျပ်သန်း ၅၀ နှင့်အထက် လုပ်ငန်း ၁၃ ခု၊ ငွေကျပ် သန်း ၄၀ နှင့်အထက် လုပ်ငန်း ၃ ခု၊ ငွေကျပ်သန်း ၃၀ နှင့်အထက် လုပ်ငန်း ၇ ခု၊ ငွေကျပ်သန်း ၂၀ နှင့်အထက် လုပ်ငန်း ၄ ခု၊ ငွေကျပ် ၁၀ သန်းနှင့်အထက် လုပ်ငန်း ၁၅ ခုနှင့် ငွေကျပ် ၁၀ သန်းအောက် လုပ်ငန်း ၂၁ ခုတို့ကို လျာထားရေးဆွဲထားပါကြောင်း။

စက်ပစ္စည်းကဏ္ဍတွင် ရုံးသုံး၊ ဌာနသုံး စက်ကိရိယာများ၊ အခြားကဏ္ဍတွင် ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ် သုတေသနလုပ်ငန်း ဆောင်ရွက်ခြင်း၊ ပုဂံဒေသနှင့် မြောက်ဦးဒေသတို့အား ကမ္ဘာ့အမွေအနှစ်စာရင်း ဝင်ရောက်နိုင်ရန် ကြိုတင်ပြင်ဆင်ခြင်းနှင့် မြေပုံထုတ်ခြင်း၊ မြောက်ဦးယဉ်ကျေးမှုအမွေအနှစ်ဒေသအား ကမ္ဘာ့အမွေအနှစ်စာရင်း ဝင်ရောက်နိုင်ရေးအတွက် နိုင်ငံခြားသားပညာရှင် ငှားရမ်းခြင်းနှင့် ပြည်ပပညာရှင်များအတွက် စရိတ်ချီးမြှင့်ခြင်းနှင့် စာကြည့်တိုက်သုံးစာအုပ်စာတမ်းများ စသည်တို့အတွက် လျာထားရေးဆွဲထားပါကြောင်း ရှင်းလင်းတင်ပြသည်။

## သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်းက ၂၀၁၈ - ၂၀၁၉ ဘဏ္ဍာနှစ် ရငွေပိုင်းတွင် သာမန်ရငွေအနေဖြင့် ငွေကျပ် ၅၃၀ ဒသမ ၅၅၀ ဘီလီယံ၊ ငွေလုံးငွေရင်း ရငွေအနေဖြင့် ငွေကျပ် ၉ ဒသမ ၈၀၄ ဘီလီယံနှင့် ကြွေးမြီရငွေကျပ် ၀ ဒသမ ၀၃၀ ဘီလီယံ စုစုပေါင်း ငွေကျပ် ၅၄၀ ဒသမ ၃၈၄ ဘီလီယံရရှိရန် လျာထားပါကြောင်း။

သာမန်ရငွေတွင် အခွန်အကောက်ရငွေကျပ် ၃၆ ဒသမ ၁၈၈ ဘီလီယံ၊ အခြားသာမန် ရငွေကျပ် ၄၉၃ ဒသမ ၅၈၃ ဘီလီယံနှင့် ပြည်ပအကူအညီရငွေကျပ် ၀ ဒသမ ၇၇၉ ဘီလီယံ စုစုပေါင်း သာမန်ရငွေအနေဖြင့် ငွေကျပ် ၅၃၀ ဒသမ ၅၅၀ ဘီလီယံရရှိမည် ဖြစ်ပါကြောင်း။

သာမန်အသုံးစရိတ်အနေဖြင့် ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေမှ ငွေကျပ် ၃၃ ဒသမ ၇၃၄ ဘီလီယံ၊ လုပ်ငန်းသုံးရင်းနှီးငွေမှ ငွေကျပ် ၂၉၀ ဒသမ ၂၃၉ ဘီလီယံ၊ ပြည်ပအကူအညီရငွေမှ ငွေကျပ် ၀ ဒသမ ၇၇၉ ဘီလီယံ စုစုပေါင်း သာမန်အသုံးစရိတ်ငွေကျပ် ၃၂၄ ဒသမ ၇၅၂ ဘီလီယံ သုံးစွဲရန် လျာထားပါကြောင်း၊ ဦးစီးဌာနများအတွက် ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေမှ ကျခံသုံးစွဲပြီး နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းများအတွက် လုပ်ငန်းသုံးရင်းနှီးငွေမှ ကျခံသုံးစွဲမည် ဖြစ်ပါကြောင်း၊ သာမန်အသုံးစရိတ်ပိုင်းရှိ ပြည်ပအကူအညီရငွေမှ သုံးစွဲငွေမှာ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၊ ဘူမိဗေဒလေ့လာရေးနှင့် ဓာတ်သတ္တုရှာဖွေရေးဦးစီးဌာနတို့နှင့် ဆက်စပ်ဆောင်ရွက်သော စီမံကိန်းများအတွက် သုံးစွဲသွားမည် ဖြစ်ပါကြောင်း။

ငွေလုံးငွေရင်း အသုံးစရိတ်အနေဖြင့် ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေမှ ငွေကျပ် ၂၀ ဒသမ ၂၈၇ ဘီလီယံ၊ လုပ်ငန်းသုံးရင်းနှီးငွေမှ ငွေကျပ် ၃ ဒသမ ၅၁၁ ဘီလီယံ၊ ပြည်ပအကူအညီရငွေမှ ငွေကျပ် ၉ ဒသမ ၈၀၄ ဘီလီယံ စုစုပေါင်း ငွေလုံးငွေရင်းအသုံးစရိတ်မှာ ငွေကျပ် ၃၃ ဒသမ ၆၀၂ ဘီလီယံ သုံးစွဲမည်ဖြစ်ပါကြောင်း၊ ငွေလုံးငွေရင်းအသုံးစရိတ်ပိုင်းရှိ ပြည်ပအကူအညီ ရငွေမှသုံးစွဲငွေမှာ သစ်တောဦးစီးဌာန၊ အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေးဦးစီးဌာန၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၊ ဘူမိဗေဒလေ့လာရေးနှင့် ဓာတ်သတ္တုရှာဖွေရေးဦးစီးဌာန၊ မြန်မာ့သစ်လုပ်ငန်းတို့နှင့် ဆက်စပ်ဆောင်ရွက်လျက်ရှိသည့် စီမံကိန်းများအတွက် ဖြစ်ပါကြောင်း ရှင်းလင်းတင်ပြသည်။

## ကာကွယ်ရေးဝန်ကြီးဌာန

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဝန်ကြီးဗိုလ်ချုပ်မြင့်နွယ်က ကာကွယ်ရေးဝန်ကြီးဌာန၏ ဘဏ္ဍာရေးနှစ်အလိုက် အရအသုံး သုံးနှစ်စာ နှိုင်းယှဉ်ချက်များကို တင်ပြသွားမည်ဖြစ်ပါကြောင်း၊ သာမန်အသုံးစရိတ်အနေဖြင့် ၂၀၁၆ - ၂၀၁၇ ဘဏ္ဍာရေးနှစ် ပြုပြင်ပြီး ခန့်မှန်းခြေငွေစာရင်း (RE)တွင် ငွေကျပ် ၁၆၅၃ ဒသမ ၁၆၄ ဘီလီယံ၊ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ် ပြုပြင်ပြီးခန့်မှန်းခြေငွေစာရင်း (RE)တွင် ငွေကျပ် ၁၇၆၅ ဒသမ ၉၄၁ ဘီလီယံနှင့် ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ် ရသုံးခန့်မှန်းခြေငွေစာရင်း (BE)အတွက် ငွေကျပ် ၁၈၁၈ ဒသမ ၁၄၆ ဘီလီယံ တောင်းခံထားပါသဖြင့် ၂၀၁၇ -၂၀၁၈ ဘဏ္ဍာရေးနှစ် ပြုပြင်ပြီးခန့်မှန်းခြေငွေစာရင်း(RE)ထက် ငွေကျပ် ၅၂ ဒသမ ၂၀၅ ဘီလီယံ တိုးမြှင့်တောင်းခံထားပါကြောင်း။

ငွေလုံးငွေရင်း အသုံးစရိတ်အနေဖြင့် ၂၀၁၆ - ၂၀၁၇ ဘဏ္ဍာရေးနှစ် ပြုပြင်ပြီးခန့်မှန်းခြေငွေစာရင်း(RE)တွင် ငွေကျပ် ၁၃၃၇ ဒသမ ၃၉၈ ဘီလီယံ၊ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ် ပြုပြင်ပြီးခန့်မှန်းခြေငွေစာရင်း(RE)တွင် ငွေကျပ် ၁၄၂၇ ဒသမ ၀၁၀ ဘီလီယံနှင့် ၂၀၁၈ - ၂၀၁၉ ဘဏ္ဍာရေးနှစ် ရသုံးခန့်မှန်းခြေငွေစာရင်း(BE) အတွက် ၁၄၃၁ ဒသမ ၉၁၉ ဘီလီယံ တောင်းခံထားပါသဖြင့် ၂၀၁၇ - ၂၀၁၈ ဘဏ္ဍာရေးနှစ် (RE)ထက် ငွေကျပ် ၄ ဒသမ ၉၀၉ ဘီလီယံ တောင်းခံထားပါကြောင်း။

၂၀၁၆ - ၂၀၁၇ ဘဏ္ဍာရေးနှစ် ပြုပြင်ပြီးခန့်မှန်းခြေငွေစာရင်း(RE) (သာမန်၊ ငွေလုံးငွေရင်း) စုစုပေါင်းအနေဖြင့် ၂၉၉၀ ဒသမ ၅၆၂ ဘီလီယံ၊ ၂၀၁၇ - ၂၀၁၈ ဘဏ္ဍာရေးနှစ် ပြုပြင်ပြီးခန့်မှန်းခြေငွေစာရင်း(RE)တွင် ငွေကျပ် ၃၁၉၂ ဒသမ ၉၅၁ ဘီလီယံနှင့် ၂၀၁၈ - ၂၀၁၉ ဘဏ္ဍာရေးနှစ် ရသုံးခန့်မှန်းခြေငွေစာရင်း (BE) အတွက် အသုံးစရိတ် စုစုပေါင်းငွေကျပ် ၃၂၅၀ ဒသမ ၀၆၅ ဘီလီယံ တောင်းခံထားပါသဖြင့် ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ် ပြုပြင်ပြီး ခန့်မှန်းခြေငွေစာရင်း (RE) ထက် ငွေကျပ် ၅၇ ဒသမ ၁၁၄ ဘီလီယံ တိုးမြှင့်တောင်းခံထားပါကြောင်း၊ ထိုသို့ တိုးမြှင့်တောင်းခံရခြင်းမှာ ၂၀၁၈ ခုနှစ် ဧပြီလတွင် နိုင်ငံ့ဝန်ထမ်းလစာများ တိုးမြှင့်လာသောကြောင့် ထပ်မံလိုအပ်ငွေမှာ ငွေကျပ် ၁၂၇ ဒသမ ၅၁၇ ဘီလီယံ ဖြစ်သော်လည်း ကျန်အသုံးစရိတ်များအား လျှော့နည်းတောင်းခံထားပါသဖြင့် မဖြစ်မနေလိုအပ်သည့် ငွေကျပ် ၅၇ ဒသမ ၁၁၄ ဘီလီယံကိုသာ တိုးမြှင့်တောင်းခံထားပါကြောင်း ရှင်းလင်းတင်ပြသည်။

## နယ်စပ်ရေးရာဝန်ကြီးဌာန

နယ်စပ်ရေးရာဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး ဗိုလ်ချုပ်သန်းထွဋ်က ၂၀၁၈ - ၂၀၁၉ ဘဏ္ဍာရေးနှစ် အသုံးစရိတ်လျာထားချက်တွင် သာမန်အသုံးစရိတ်ငွေကျပ် ၃၂၃၅၂ ဒသမ ၉၅၆ သန်း၊ ငွေလုံးငွေရင်း အသုံးစရိတ်မှာ ငွေကျပ် ၁၀၁၉၄၉ ဒသမ ၃၆၈ သန်း စုစုပေါင်းငွေကျပ် ၁၃၄၃၀၂ ဒသမ ၃၂၄ သန်း လျာထားပါကြောင်း၊ သာမန်အသုံးစရိတ်ငွေကျပ် ၃၂၃၅၂ဒသမ ၉၅၆ သန်းတွင် လစာနှင့် အုပ်ချုပ်မှုသုံးအတွက် သာမန်အသုံးစရိတ်ငွေကျပ် ၂၁၈၄၁ ဒသမ ၇၆၇ သန်းနှင့် ထောက်ပံ့အသုံးစရိတ်ငွေကျပ် ၁၀၅၁၁ ဒသမ ၁၈၉ သန်းတို့ကို တင်ပြထားခြင်း ဖြစ်ပါကြောင်း။

နယ်စပ်ရေးရာဝန်ကြီးဌာနအနေဖြင့် နိုင်ငံတော်၏ အမျိုးသားစီမံကိန်းနှင့်အညီ ဘဏ္ဍာငွေအခြေအနေအပေါ် ချင့်ချိန်လျက် နယ်စပ်ဒေသများ၏ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အမှန်တကယ်ဆောင်ရွက်ရန် လိုအပ်သည့် လုပ်ငန်းများနှင့် အကြီးအကဲခရီးစဉ်၊ လွှတ်တော်ကတိကဝတ်များ၊ တိုင်းဒေသကြီး၊ ပြည်နယ်နှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသများမှ တင်ပြချက်များ၊ တိုင်းရင်းသားအဖွဲ့အစည်းများ၏ တင်ပြချက်များ၊ ငြိမ်းချမ်းရေးနှင့် IDP ပြည်တွင်းရွှေ့ပြောင်းနေထိုင်သူများ၏ စားဝတ်နေရေးကိစ္စရပ်များနှင့်စပ်လျဉ်းသော နယ်စပ်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကိုသာ ရန်ပုံငွေအနည်းဆုံးဖြင့် ထိထိရောက်ရောက် အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေး လျာထားတောင်းခံထားခြင်းဖြစ်ပါကြောင်း ရှင်းလင်းတင်ပြသည်။

## စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး ဦးလှကျော်က ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်အတွက် ကဏ္ဍအလိုက် စုစုပေါင်း ထုတ်လုပ်မှုတန်ဖိုး(GDP) ပုံမှန်ဈေးနှုန်းအရ လယ်ယာကဏ္ဍအနေဖြင့် ငွေကျပ် ၁၁၆၃၀ ဒသမ ၀၄၆ ဘီလီယံ ရည်မှန်းထားရှိပြီး ၂ ဒသမ ၄ ရာခိုင်နှုန်း တိုးတက်ရန်နှင့် သားငါးကဏ္ဍအနေဖြင့် ငွေကျပ် ၅၃၆၂ ဒသမ ၉၇၄ ဘီလီယံ ရည်မှန်းထားရှိပြီး ၄ ရာခိုင်နှုန်း တိုးတက်ရန် ရည်မှန်းထားပါကြောင်း။

ဝန်ကြီးဌာန၏ ဘဏ္ဍာငွေ အရအသုံးဆိုင်ရာ ဥပဒေကြမ်းပါ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်ရငွေ(ပြည်ပအကူအညီ ရငွေအပါအဝင်) အနေဖြင့် ငွေကျပ် ၅၇၆ ဒသမ ၅၈၆ ဘီလီယံ ဖြစ်ပါကြောင်း၊ သာမန်ရငွေမှာ ငွေကျပ် ၁၄၁ ဒသမ ၂၄၂ ဘီလီယံ၊ ငွေလုံးငွေရင်းရငွေကျပ် ၄၃ ဒသမ ၈၇၈ ဘီလီယံ၊ ကြွေးမြီရငွေကျပ် ၃၉၁ ဒသမ ၄၆၆ ဘီလီယံ ဖြစ်ပါကြောင်း။

၂၀၁၈ -၂၀၁၉ ဘဏ္ဍာနှစ် စီမံကိန်းရေးဆွဲမှုတွင် အခြေခံမူအဖြစ် ချမှတ်ထားသည့် နိုင်ငံတော်၏ စီးပွားရေးမူဝါဒများ၊ ရည်မှန်းချက်၊ လုပ်ငန်းစဉ်များ ရေရှည်တည်တံ့ဖွံ့ဖြိုးမှုပန်းတိုင်များနှင့် ချိတ်ဆက်အကောင်အထည်ဖော်နိုင်ခြင်း၊ အများပြည်သူအကျိုးဖြစ်ထွန်းမှု၊ စီးပွားရေးအရ ထိရောက်စွာ အကျိုးဖြစ်ထွန်းနိုင်မှု၊ ပို့ကုန်တိုးတက်စေရန်နှင့် နည်းပညာနှင့် ဘဏ္ဍာရေးအရင်းအမြစ်များ ရရှိသုံးစွဲနိုင်ရေးအပေါ် အခြေပြုရေးဆွဲဆောင်ရွက်ခဲ့ပါကြောင်း ရှင်းလင်းတင်ပြသည်။

ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် နဝမပုံမှန်အစည်းအဝေး တတိယနေ့ကို ဇူလိုင် ၂၆ ရက်တွင် ကျင်းပသွားရန် လျာထားကြောင်း သိရသည်။

**သတင်း-သူရဇော်၊ ဓာတ်ပုံ-အေးသန်း(သတင်းစဉ်)**

■ *ကျောဖုံးမှ*

**အကြံပြုချက်**

သို့ဖြစ်ပါ၍ ဘားအံမြို့နယ်၊ ရွှေကျင်မြို့နယ်နှင့် မဒေါက်မြို့နယ်အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် အထူးသတိပြုနေထိုင်ကြပါရန် မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက အကြံပြုထားသည်။

**ပဲခူးမြစ်ရေ**


ယနေ့ နံနက် ၈ နာရီခွဲ တိုင်းထွာချက်အရ ပဲခူးမြစ်ရေသည် ပဲခူးမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက် ပေ၀က်ခန့်တွင် ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ကျော်လွန်ရောက်ရှိနိုင်သည်။

လေးမြို့မြစ်ရေသည် မြောက်ဦးမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက် နှစ်ပေခန့်တွင် ရောက်ရှိနေသည်။ အဆိုပါ မြစ်ရေသည် နောက်တစ်ရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ ပဲခူးမြို့နယ်နှင့် မြောက်ဦးမြို့နယ်များအတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် အထူးသတိပြုနေထိုင်ကြပါရန် အကြံပြုအပ်ပါသည်။

မိုး/ဇလ

# ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း ဆွစ်ဇာလန်သံအမတ်ကြီးအား လက်ခံတွေ့ဆုံ



**နေပြည်တော် ဇူလိုင် ၂၅**

ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းသည် ယနေ့နံနက်ပိုင်းတွင် တာဝန်ပြီးဆုံး၍ ပြန်လည်ထွက်ခွာတော့မည့် မြန်မာနိုင်ငံဆိုင်ရာ ဆွစ်ဇာလန်နိုင်ငံ သံအမတ်ကြီး H.E.Mr. Paul R. Seger အား နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။ **(ယာပုံ)**

ထိုသို့တွေ့ဆုံစဉ် ဆွစ်ဇာလန်နိုင်ငံအနေဖြင့် မြန်မာနိုင်ငံ၏ ပြည်တွင်း ငြိမ်းချမ်းရေးဖြစ်စဉ်နှင့် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA) လက်မှတ်ရေးထိုးရေးတွင် ဆက်လက်ပူးပေါင်းကူညီဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များ၊ သင်တန်းဆိုင်ရာကိစ္စရပ်များ၊ တပ်မတော်အနေဖြင့် နိုင်ငံတော်ကာကွယ်ရေး တာဝန်ထမ်းဆောင်ရာတွင် ထုတ်ပြန်ထားသည့် စည်းကမ်း၊ အမိန့်နှင့် ညွှန်ကြားချက်များ၊ ဥပဒေတို့နှင့်အညီ လိုက်နာဆောင်ရွက်လျက်ရှိသည့် အခြေအနေများ၊ NCA လက်မှတ်မရေးထိုးရသေးသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများကို လက်ကမ်းကြိုဆိုလျက်ရှိသည့် အခြေအနေများနှင့် စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်အပြန်အလှန်ဆွေးနွေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# မြန်မာနိုင်ငံ ကြက်ခြေနီအသင်း အကြိမ်(၈၀)မြောက် ဗဟိုကောင်စီအစည်းအဝေး ဖွင့်ပွဲအခမ်းအနားကျင်းပ

**နေပြည်တော် ဇူလိုင် ၂၅**

မြန်မာနိုင်ငံကြက်ခြေနီအသင်း၏ အကြိမ်(၈၀)မြောက် ဗဟိုကောင်စီအစည်းအဝေး ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ မြန်မာနိုင်ငံ ကြက်ခြေနီအသင်း ဌာနချုပ် စုဝေးခန်းမ၌ ကျင်းပရာ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေး တက်ရောက်အမှာစကားပြောကြားသည်။ **(ယာပုံ)**



အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံကြက်ခြေနီအသင်း၏ ဆောင်ရွက်ချက်များသည် အထူးသဖြင့် အရေးပေါ်အခြေအနေများတွင် နိုင်ငံအတွက် များစွာအရေးကြီးသဖြင့် မိမိတို့ဝန်ကြီးဌာနအနေဖြင့် ဆက်လက်ပံ့ပိုးပူးပေါင်းဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံကြက်ခြေနီအသင်းအနေဖြင့် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနနှင့် ပူးပေါင်းဆောင်ရွက်ရာတွင်လည်းကောင်း၊ အသင်း၏ဆောင်ရွက်မှုလုပ်ငန်းများ ယခုထက်ပိုမိုထိရောက်လျင်မြန်စွာနှင့် တုံ့ပြန်မှုအားကောင်းစွာဖြင့် အောင်မြင်စေရန်အတွက်လည်းကောင်း၊ လုပ်ရိုးလုပ်စဉ်အတိုင်းမဟုတ်ဘဲ ဆန်းသစ်တီထွင်သော အတွေးအမြင်များဖြင့် လုပ်ငန်းစဉ်များ၊ မဟာဗျူဟာများ ချမှတ်ဆောင်ရွက်ရမည် ဖြစ်ပါကြောင်း။

ပြည်သူများနှင့်ကြက်ခြေနီတစ်သားတည်းဖြစ်ကာ ပြည်သူထဲက ကြက်ခြေနီများ ဖြစ်လာစေရန် ကြက်ခြေနီစကားဝိုင်းငယ်များပြုလုပ်ခြင်းဖြင့် ကြက်ခြေနီအသင်း၏ ခံယူချက်များ၊ ရပ်တည်မှုများနှင့် ဆောင်ရွက်ချက်များကို ပြည်သူလူထုသိမြင်စေရန် ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံကြက်ခြေနီအသင်းအနေဖြင့် လှိုင်သာယာမြို့နယ်ရှိ ထိန်ပင်အမှိုက်ပုံမီးလောင်ကျွမ်းမှုဖြစ်စဉ်တွင် ဆောင်ရွက်ခဲ့မှုအပေါ် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်က ချီးကျူးဂုဏ်ပြုခဲ့ပါကြောင်း၊ ဝန်ကြီးဌာနအနေဖြင့်လည်း လတ်တလော ရေကြီးမှုဖြစ်စဉ်များအပါအဝင် မြန်မာနိုင်ငံကြက်ခြေနီအသင်း၏ ကိုယ်ကျိုးမပါ စေတနာမှန်ကန်စွာ ကြိုးပမ်းဆောင်ရွက်နေမှုများကို အသိအမှတ်ပြုချီးကျူးပါကြောင်း ပြောကြားသည်။

ထို့နောက် အကြိမ်(၈၀)မြောက် ဗဟိုကောင်စီအစည်းအဝေးကို ဆက်လက်ကျင်းပရာ သဘာပတိ မြန်မာနိုင်ငံကြက်ခြေနီအသင်းဥက္ကဋ္ဌ ပါမောက္ခဒေါက်တာ ဒေါ်မြသူက အမှာစကားပြောကြားသည်။

ယင်းနောက် ဒုတိယဥက္ကဋ္ဌ ပါမောက္ခဒေါက်တာ ဒေါ်နန်းထွမ်းလှက (၇၉)ကြိမ်မြောက် ဗဟိုကောင်စီအစည်းအဝေး၏ ဆုံးဖြတ်ချက်များအပေါ် ဆောင်ရွက်ပြီးစီးမှုအခြေအနေကို ရှင်းလင်းတင်ပြပြီး အထွေထွေအတွင်းရေးမှူး ဦးခင်မောင်လှက အကြိမ်(၈၀)မြောက် ဗဟိုကောင်စီအစည်းအဝေးသို့ တင်သွင်းသည့် အမှုဆောင်အဖွဲ့၏ အစီရင်ခံစာကို ဖတ်ကြားတင်ပြသည်။

ထို့နောက် အချိန်ပြည့်အလုပ်အမှုဆောင်အဖွဲ့ဝင် ဦးကင်ဘွိုင်းက အမှုဆောင်အဖွဲ့၏ ဘဏ္ဍာရေးအစီရင်ခံစာနှင့် Audit and Risk Committee ၏ အစီရင်ခံစာတို့ကို ဖတ်ကြားတင်ပြပြီး အချိန်ပြည့်အလုပ်အမှုဆောင်အဖွဲ့ဝင် ဒေါက်တာဒေါ်အမယာမော်နိုင်က အသင်းဌာနချုပ်၏ ၂၀၁၇ ခုနှစ် အောက်တိုဘာမှ ၂၀၁၈ ခုနှစ် ဇွန်အထိ လုပ်ငန်းဆောင်ရွက်မှုအခြေအနေများနှင့် ရှေ့လုပ်ငန်းစဉ်များကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် အထွေထွေအတွင်းရေးမှူး ဦးခင်မောင်လှက ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်နှင့်ရခိုင်ပြည်နယ်တို့တွင် မြန်မာနိုင်ငံကြက်ခြေနီအသင်းမှ ဆောင်ရွက်လျက်ရှိသည့် ကြက်ခြေနီလှုပ်ရှားမှုများကို ရှင်းလင်းတင်ပြီး ဥပဒေအကြံပေး ပါမောက္ခဒေါက်တာ ဒေါ်မေထားက မြန်မာနိုင်ငံကြက်ခြေနီအသင်း ဥပဒေပြင်ဆင်ချက်များနှင့် နည်းဥပဒေ(မူကြမ်း)ကို တင်ပြသည်။

ထို့နောက် အချိန်ပိုင်းအလုပ်အမှုဆောင်အဖွဲ့ဝင် ဦးဂဲနက်စ်က ရွေးချယ်တင်မြှောက်ရေးစည်းမျဉ်း(မူကြမ်း)ကို ရှင်းလင်းတင်ပြပြီး မြန်မာနိုင်ငံကြက်ခြေနီသူနာပြုတပ်ဖွဲ့ ဗဟို ဦးစီးမှူးချုပ် ဦးမျိုးမင်းနောင်က တပ်ဖွဲ့ဗဟိုအုပ်ချုပ်ရေးအဖွဲ့၏ လုပ်ငန်းဆောင်ရွက်ပြီးစီးမှု အခြေအနေကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဝန်ကြီးဌာနကိုယ်စားပြု ဗဟိုကောင်စီဝင်များကိုယ်စား ညွှန်ကြားရေးမှူးချုပ် ပါမောက္ခဒေါက်တာ သာထွန်းကျော်က ဝန်ကြီးဌာနများနှင့် ကြက်ခြေနီအသင်းတို့ ပူးပေါင်းဆောင်ရွက်သည့်လုပ်ငန်းများကို ရှင်းလင်းတင်ပြပြီး လူမှုအဖွဲ့အစည်းကိုယ်စားပြု ဗဟိုကောင်စီဝင်များကိုယ်စား ကိုယ်စားလှယ်တစ်ဦးက ဗဟိုကောင်စီ၏ ဆုံးဖြတ်ချက်များအပေါ် ဆောင်ရွက်ပြီးစီးမှုများကို ရှင်းလင်းတင်ပြသည်။

မွန်းလွဲပိုင်းတွင် နေပြည်တော် ပြည်ထောင်စုနယ်မြေ၊ တိုင်းဒေသကြီးနှင့်ပြည်နယ် ကြက်ခြေနီကြီးကြပ်မှုကော်မတီများက တိုင်းဒေသကြီးနှင့်ပြည်နယ်များအလိုက် လုပ်ငန်းဆောင်ရွက်မှု အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

အဆိုပါ မြန်မာနိုင်ငံကြက်ခြေနီအသင်း အကြိမ်(၈၀)မြောက် ဗဟိုကောင်စီ အစည်းအဝေးကို ဇူလိုင် ၂၆ ထိ ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

# BMVSS (JAIPUR FOOT) အဖွဲ့နှင့် ဦးနု-ဒေါ်မြရီ ဖောင်ဒေးရှင်းတို့ ပူးပေါင်းပြီး မသန်စွမ်းသူတို့အား ခြေတုလက်တုများကို ဩဂုတ် ၁၇ ရက်အထိ အခမဲ့တပ်ဆင်ပေးသွားမည်

**ရန်ကုန် ဇူလိုင် ၂၅**

အိန္ဒိယသမ္မတနိုင်ငံအစိုးရ၏ ကူညီပံ့ပိုးမှုဖြင့် အိန္ဒိယနိုင်ငံ ဂျေပူရ်မြို့ရှိ BMVSS (JAIPUR FOOT)အဖွဲ့နှင့် ဦးနု-ဒေါ်မြရီ ဖောင်ဒေးရှင်းတို့ပူးပေါင်းပြီး ဒုတိယအကြိမ် ခြေတုလက်တု အခမဲ့တပ်ဆင်ရေးစခန်းကို ဇူလိုင် ၁၈ ရက်က ရန်ကုန်မြို့ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် ပိဋကတ်သုံးပုံနိကာယ် စာသင်တိုက်၌ ဖွင့်လှစ်ခဲ့ပြီး ခြေတုလက်တုတပ်ဆင်ခြင်းကို ဩဂုတ် ၁၇ ရက်ထိ လုပ်ဆောင်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။



မသန်စွမ်းသူများကို တပ်ဆင်ပေးရန် ခြေတုများ ပြုလုပ်နေစဉ်။

"ကျွန်မက အိန္ဒိယနိုင်ငံမှာ နှစ်ပေါင်း ၃၀ ကျော်နေခဲ့တယ်။ ၁၉၇၇ ခုနှစ်မှာ အိန္ဒိယနိုင်ငံ Jaipur Foot ခြေတုလက်တုတပ်ဆင်ခြင်းအကြောင်းကို ရုပ်သံတစ်ခုမှာ ကြည့်ခဲ့ရတယ်။ မြန်မာနိုင်ငံကိုပြန်ရင် တပ်ပေးမယ်ဆိုပြီး ၁၉၇၇ ခုနှစ်ကတည်းက စိတ်ကူးခဲ့တာပါ။ ခြေတုလက်တုတပ်ဆင်ချင်တယ်ဆိုရင် အဓိကကတော့ နာမည်၊ အသက်၊ မှတ်ပုံတင်ရှိရင်လည်း မှတ်ပုံတင်အမှတ်၊ ဘယ်အရပ်ဒေသမှာ နေတယ်၊ ဖုန်းနံပါတ်လည်း လိုပါတယ်။ ဘယ်ခြေထောက်လား၊ ညာခြေထောက်လား၊ ဒူးအထက်လား၊ ဒူးအောက်လားဆိုတာ အရေးကြီးပါတယ်။ ဒူးအထက်က တပ်ရတာ နည်းနည်းခက်တယ်။ ဒူးအောက်က လွယ်တယ်။ ခြေတုလက်တု လာတပ်သူတွေထဲမှာ မိုင်းထိတဲ့သူတွေများတယ်။ ဆီးချိုကြောင့် ဖြတ်လိုက်ရတဲ့ လူတွေလည်းပါတယ်။ ဧရာဝတီတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ပဲခူးတိုင်းဒေသကြီး ပြည်မြို့ဘက်က လူတွေလာကြတယ်။ ဧရာဝတီတိုင်းဒေသကြီးက အများဆုံး လာတာတွေ့ရတယ်။ ခြေတုလက်တုတပ်ထားရင် သုံးနှစ်အာမခံပါတယ်။ အခုလိုတပ်ဆင်ပေးရတဲ့အတွက် အတိုင်းမသိဝမ်းသာပါတယ်" ဟု ဦးနု-ဒေါ်မြရီ ဖောင်ဒေးရှင်းဥက္ကဋ္ဌ ဒေါ်သန်းသန်းနုက ပြောသည်။

"ခြေတုလက်တုတပ်တာကို နေ့ချင်းပြီး ဆောင်ရွက်ပေးပါတယ်။ အိန္ဒိယနိုင်ငံ Jaipur မြို့ကလာတဲ့ ကျွမ်းကျင်ပညာရှင်တွေနဲ့ ကျွန်တော်တို့ ပူးပေါင်းပြီး လုပ်ပါတယ်။ မသန်စွမ်းသူခြေထောက်၊ လက်အနေအထားအပေါ် မူတည်ပြီး တပ်ဆင်ပေးတာ ဖြစ်ပါတယ်။ မနှစ်က မသန်စွမ်းသူ ၃၃၀ ကို တပ်ဆင်ပေးပါတယ်။ ဒီနှစ်မှာတော့ မသန်စွမ်းသူ ၅၀၀ ကို တပ်ဆင်ပေးဖို့ စီစဉ်ထားပါတယ်။ ဒီကြားထဲမှာ အကြောင်းအမျိုးမျိုးကြောင့် မလာနိုင်တဲ့လူတွေ ငါးယောက်လောက်ရှိပါတယ်။ ဇူလိုင် ၁၇ ရက်က ဖွင့်ပွဲနေ့အတွက်ပြဖို့ မသန်စွမ်းသူ ငါးယောက်ကို တပ်ပေးတယ်။ ဇူလိုင် ၁၈ ရက် ဖွင့်ပွဲပြီးလို့ အချိန်ပိုတော့ ငါးယောက်ထပ်ပြီး တပ်ပေးတယ်။ ဇူလိုင် ၁၉ ရက်ကစပြီး တစ်နေ့ကို ၁၅ ယောက်နှုန်းနဲ့ ကျွန်တော်တို့ တပ်ဆင်ပေးနေပါတယ်။ ဒီနေ့ဆိုရင် ၁၈ ယောက်လောက် ဖြစ်သွားပါပြီ။ နယ်ဝေးကလာတဲ့ လူနာပဲဖြစ်ဖြစ်၊ စောရောက်လာတဲ့ လူနာပဲဖြစ်ဖြစ်၊ လူနာရောက်လာတဲ့ အခြေအနေအပေါ် မူတည်ပြီးတော့ တပ်ပေးတာပါ။ ဦးနု-ဒေါ်မြရီ ဖောင်ဒေးရှင်းကနေ မသန်စွမ်းသူတွေကို ခြေတုလက်တုတွေ အခမဲ့ တပ်ဆင်ပေးတဲ့အတွက် ကျွန်တော်တို့လည်း ပရဟိတလုပ်ရတာ ဝမ်းသာပီတိဖြစ်ရပါတယ်" ဟု ဦးနု-ဒေါ်မြရီ ဖောင်ဒေးရှင်းမှ အုပ်ချုပ်ရေးမှူး ဦးစိုးလွင်က ပြောသည်။

Shree Bhagwan Mahaveer Viklang Sahayata Samiti (BMVSS) သည် အိန္ဒိယနိုင်ငံနှင့် ကမ္ဘာတစ်ဝန်းရှိ မသန်စွမ်းသူ ၁ ဒသမ ၇၁ သန်းအား ကူညီခဲ့ကြောင်း သိရသည်။ BMVSS သည် အိန္ဒိယနိုင်ငံအပြင် အာရှ၊ အာဖရိကနှင့် လက်တင်အမေရိကရှိ နိုင်ငံ ၂၉ နိုင်ငံ၌ နိုင်ငံတကာစခန်းပေါင်း ၆၇ ခု တည်ထောင်ခဲ့ပြီး ယခုမြန်မာနိုင်ငံမှ စခန်းသည် BMVSS ၏ ၆၈ ခုမြောက်စခန်း ဖြစ်သည်။ မြန်မာနိုင်ငံ၌ BMVSS (JAIPUR FOOT) အဖွဲ့နှင့် ဦးနု-ဒေါ်မြရီ ဖောင်ဒေးရှင်းတို့ ပူးပေါင်းပြီး ၂၀၁၇ ခုနှစ် ဖေဖော်ဝါရီ ၆ ရက်မှ မတ်လ ပထမပတ်အထိ ပထမအကြိမ်အဖြစ် မသန်စွမ်းသူ ၃၃၀ ကို ခြေတုလက်တု အခမဲ့တပ်ဆင်ပေးခဲ့ကြောင်း သိရသည်။ **မိမိဖြိုး၊ ဓာတ်ပုံ-လှမိုး**

# ရခိုင်ပြည်နယ်အတွင်း လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်နိုင်ရေး ဆွေးနွေး

**နေပြည်တော် ဇူလိုင် ၂၅**

အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေသည် မြန်မာနိုင်ငံဆိုင်ရာ နော်ဝေနိုင်ငံသံအမတ်ကြီး H.E. Ms. Tone Tinnes အား ဇူလိုင် ၂၄ ရက် ညနေ ၄ နာရီ မိနစ် ၂၀ တွင် နေပြည်တော်ရှိ အဆိုပါဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ ညှိနှိုင်းခန်းမ၌ တွေ့ဆုံသည်။ **(ယာပုံ)**

ထိုသို့တွေ့ဆုံစဉ် ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ တိမ်းရှောင်သူများအား ပြန်လည်လက်ခံရေးလုပ်ငန်းစဉ်များတွင် UNDP နှင့် UNHCR တို့မှ ပူးပေါင်းကူညီဆောင်ရွက်နိုင်ရေးအတွက် နားလည်မှုစာချွန်လွှာ (MoU) လက်မှတ်ရေးထိုးဆောင်ရွက်မှု၊ MoU ပါ အချက်အလက်များအတိုင်း ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ တိမ်းရှောင်သူများအနေဖြင့် ၎င်းတို့ဆန္ဒအရ လုံခြုံစိတ်ချစွာ ပြန်လာနိုင်ရေးအတွက် ဆောင်ရွက်ပေးမည့် အစီအစဉ်များ၊ ပြန်လည်လက်ခံရေးနှင့် ပြန်လည်နေရာချထားရေးအတွက် UNDP နှင့် UNHCR တို့၏ ကိုယ်စားလှယ်အဖွဲ့မှ ရခိုင်ပြည်နယ်အတွင်း ကွင်းဆင်းလေ့လာဆောင်ရွက်နေမှု၊ ရခိုင်ပြည်နယ်အတွင်း ပညာရေး၊ ကျန်းမာရေးနှင့် လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည့် လုပ်ငန်းအစီအစဉ်များ၊ ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပေးကော်မရှင်၏ အကြံပြုချက်များအပေါ် အကောင်အထည်ဖော်ဆောင်ရွက်မှု၊ ရခိုင်ပြည်နယ်အပါအဝင် တိုင်းဒေသကြီး၊ ပြည်နယ်များအလိုက် NV Card ထုတ်ပေးဆောင်ရွက်မှုနှင့် နိုင်ငံသားစိစစ်ရေးလုပ်ငန်းဆောင်ရွက်မှု၊ မြန်မာ-ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံနယ်စပ်မှ အပြန်အလှန် နယ်စပ်ကုန်သွယ်ရေးဆောင်ရွက်နေမှု ၊ Norwegian Refugee Council (NRC)နှင့် ပူးပေါင်း၍ နိုင်ငံသားစိစစ်ရေးကတ်ပြားများ ထုတ်ပေးဆောင်ရွက်မှုနှင့် ဆက်လက်ပူးပေါင်းဆောင်ရွက်မည့် အခြေအနေများ၊ လုပ်ငန်းများအောင်မြင်ရေးအတွက် ပံ့ပိုးကူညီဆောင်ရွက်ပေးနိုင်ရေး အခြေအနေများနှင့် စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



# နိုင်ငံတကာကင်းထောက်လူငယ်များနှင့် မြန်မာနိုင်ငံ ကင်းထောက်လူငယ်များ၏ ငြိမ်းချမ်းရေးစကားဝိုင်း သင်တန်းဆင်းပွဲကျင်းပ

**နေပြည်တော် ဇူလိုင် ၂၅**

ကမ္ဘာ့ကင်းထောက်အဖွဲ့ချုပ်၏ ကြီးကြပ်မှုဖြင့် အာရှပစိဖိတ်ဒေသတွင် ပထမဆုံးအကြိမ်အဖြစ် မြန်မာနိုင်ငံတွင် ဖွင့်လှစ်ခဲ့သည့် "ငြိမ်းချမ်းရေးစကားဝိုင်းသင်တန်း" (Dialouge For Peace Facilitator's Training) ဆင်းပွဲကို ယနေ့နံနက် ၁၁ နာရီက နေပြည်တော် အားကစားလေ့ကျင့်ရေးစခန်း(Gold Camp) မော်လမြိုင်အဆောင်၌ ကျင်းပသည်။

သင်တန်းဆင်းပွဲမစတင်မီ ငြိမ်းချမ်းရေးကော်မရှင် အဖွဲ့ဝင် ဒေါက်တာ အောင်ထွန်းသက်က မြန်မာနိုင်ငံ ငြိမ်းချမ်းရေးဖြစ်စဉ်များနှင့်ပတ်သက်ပြီး ဟောပြောဆွေးနွေးကာ တက်ရောက်လာကြသည့် သင်တန်းသား သင်တန်းသူများ၏ မေးမြန်းမှုများကို ပြန်လည်ဖြေကြားသည်။

သင်တန်းဆင်းပွဲတွင် ကမ္ဘာ့ကင်းထောက်ချုပ် ကော်မတီဝင် Professor Peter Blatch က ကမ္ဘာ့ကင်းထောက်အဖွဲ့ချုပ်နှင့် အာရှပစိဖိတ်ဒေသဆိုင်ရာ ကင်းထောက်အဖွဲ့တို့ ဦးဆောင်၍ မြန်မာနိုင်ငံကင်းထောက်အဖွဲ့ချုပ်တို့ ပူးပေါင်းပါဝင် ကျင်းပခဲ့သည့် ငြိမ်းချမ်းရေးစကားဝိုင်း မြန်မာနိုင်ငံတွင် အောင်မြင်စွာ ကျင်းပပြီးစီး၍ ဝမ်းမြောက်ကြောင်း၊ ငြိမ်းချမ်းရေးစကားဝိုင်း၏ အသွင်သဏ္ဌာန်ကို စာတွေ့လက်တွေ့သင်ကြားပို့ချ သရုပ်ပြခဲ့မှုများကို သင်တန်းသား သင်တန်းသူများက စိတ်ဝင်စားစွာ လိုက်နာလုပ်ဆောင်ခဲ့ကြသဖြင့် ပိုမိုကောင်းမွန်သည့် ဒေသတွင်း ငြိမ်းချမ်းရေးနှင့် ငြိမ်းချမ်းသော ကမ္ဘာကြီးအတွက် လုပ်ငန်းများ အထောက်အကူပြုနိုင်မည်ဖြစ်ကြောင်း ပြောကြားသည်။

ယင်းနောက် အာရှပစိဖိတ်ဒေသဆိုင်ရာ အစီအစဉ်ဆပ်ကော်မတီဥက္ကဋ္ဌ Mr.Dev Raj Ghimire, သင်တန်းမှူးချုပ် Mr.Anas Alabbadiတို့က အမှာစကား ပြောကြားပြီး မြန်မာနိုင်ငံ ကင်းထောက်အဖွဲ့ချုပ် ကင်းထောက်ချုပ် ဒေါက်တာ တင်ညိုက ကျေးဇူးတင်စကား ပြောကြားသည်။




ဂုဏ်ပြုညှိသည်တော် ငြိမ်းချမ်းရေးကော်မရှင်အဖွဲ့ဝင် ဒေါက်တာ အောင်ထွန်းသက်အား မြန်မာနိုင်ငံ ကင်းထောက်အဖွဲ့ချုပ် ကင်းထောက်ချုပ် ဒေါက်တာတင်ညိုက ဂုဏ်ပြုအမှတ်တရ လက်ဆောင်ပေးအပ်စဉ်။

ထို့နောက် သင်တန်းသား ဆလိုင်းဇော်မျိုးကျော် (ချင်းပြည်နယ် ဒေသခံလူငယ်)၊ မထူးအိမ်လွင် (ဒဂုံတက္ကသိုလ် ကင်းထောက်)၊ Farhana Nasrin (ဘင်္ဂလားဒေ့ရှ် ကင်းထောက်)တို့က သင်တန်းအတွေ့အကြုံများကို ပြောကြားပြီး သင်တန်းတာဝန်ရှိသူများက သင်တန်းသား သင်တန်းသူများအား သင်တန်းဆင်းလက်မှတ်များနှင့် သင်တန်းနည်းပြများအား အမှတ်တရ ဂုဏ်ပြုလက်ဆောင်များ ပေးအပ်ကာ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

သင်တန်းဆင်းပွဲအပြီးတွင် သင်တန်းသား သင်တန်းသူများသည် အမျိုးသားပြတိုက်၊ ကျောက်မျက်ရတနာပြတိုက်တို့ကို လေ့လာကြည့်ရှုကြသည်။

ယမန်နေ့ ညပိုင်းကလည်း သင်တန်းခန်းမတွင် နိုင်ငံတကာ ဂုဏ်ပြုညစာစားပွဲ (International Night Dinner) ကျင်းပရာ သင်တန်းသား သင်တန်းသူများက နိုင်ငံအလိုက် ရိုးရာဝတ်စုံများ၊ တေးသီချင်းအကများနှင့် သီဆိုဖျော်ဖြေပြီး နိုင်ငံတကာ ရိုးရာအစားအစာများ အပြန်အလှန် ဖလှယ်စားသုံးခြင်း၊ နိုင်ငံတကာ ကင်းထောက်တံဆိပ်များ လဲလှယ်ခြင်းများ ပြုလုပ်ကြသည်။

"ငြိမ်းချမ်းရေးစကားဝိုင်းသင်တန်း" (Dialouge For Peace Facilitator's Training) ကို ဇူလိုင် ၂၂ ရက်မှ ၂၅ ရက်အထိ နိုင်ငံတကာကင်းထောက်အဖွဲ့ဝင် နိုင်ငံများဖြစ်သည့် ထိုင်း၊ ကမ္ဘောဒီးယား၊ ဟောင်ကောင်၊ အိန္ဒိယ၊ အင်ဒိုနီးရှား၊ ကိုရီးယား၊ မလေးရှား၊ နီပေါ၊ ဖိလစ်ပိုင်၊ စင်ကာပူ၊ တီမောလက်စ်တေ၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံများမှ အသက် ၁၈နှစ်မှ ၂၆ နှစ်ရှိ ကင်းထောက်လူငယ် အမျိုးသား၊အမျိုးသမီး ၃၅ ဦး၊ မြန်မာနိုင်ငံ ကင်းထောက်အဖွဲ့တက္ကသိုလ်ကောလိပ်များမှ ကင်းထောက်လူငယ်များနှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ လူငယ်များ အပါအဝင် လူငယ်ပေါင်း ၃၅ ဦး တက်ရောက်ကြပြီး သင်တန်းတွင် ကမ္ဘာ့ကင်းထောက်အဖွဲ့ချုပ် အာရှပစိဖိတ်ဒေသဆိုင်ရာ ကင်းထောက်အဖွဲ့မှ ကော်မတီဝင်များ၊ နိုင်ငံတကာအတွေ့အကြုံရှိ ကင်းထောက်သင်တန်းနည်းပြများက ငြိမ်းချမ်းရေးနှင့် ဆက်နွှယ်သည့် ဘာသာရေး၊ ယဉ်ကျေးမှု၊ ရိုးရာအစဉ်အလာ စသည့်အပိုင်းတွင် ငြိမ်းချမ်းရေးစကားဝိုင်းများ ပြုလုပ်ခြင်းဖြင့် ပိုမိုတိုးတက်ကောင်းမွန်သော ကမ္ဘာကြီးဖြစ်ပေါ်လာစေရန် အပြုသဘောဆောင်သော ငြိမ်းချမ်းရေးစကားဝိုင်းဖြင့် လူသားအချင်းချင်း လေးစားလိုက်နာစေရန် ဆောင်ရွက်မှုများ၊ ငြိမ်းချမ်းရေးစကားဝိုင်းဆိုင်ရာ နည်းပညာများကို သင်တန်းသား တစ်ဦးချင်းက တန်ဖိုးအဖြစ် အသုံးချလာတတ်စေမည့် နည်းစနစ်များ၊ ယနေ့ ကမ္ဘာ့နိုင်ငံအသီးသီးတွင် ငြိမ်းချမ်းခြင်းလိုအပ်ချက်နှင့် ငြိမ်းချမ်းရေးစကားဝိုင်းတန်ဖိုး တိုးတက်လာစေရန် စီစဉ်ဆောင်ရွက်မည့်အစီအစဉ်များကို သင်ကြားပို့ချပေးခဲ့ကြသည်။

**သတင်းစဉ်**

# မောင်တောဒေသ၌ ပြည်တွင်း ပြည်ပ သတင်းမီဒီယာအဖွဲ့ ကွင်းဆင်းသတင်းရယူ

**မောင်တော ဇူလိုင် ၂၅**

ရခိုင်ပြည်နယ် မောင်တောဒေသတည်ငြိမ်အေးချမ်းရေး၊ လုံခြုံရေး၊ ဖွံ့ဖြိုးတိုးတက်ရေး၊ နေရပ်စွန့်ခွာသူများ ပြန်လည်လက်ခံရေးကိစ္စရပ်များ အပါအဝင် သိရှိလိုသည်များကို မြေပြင်ကွင်းဆင်းသတင်းရယူရန် ပြည်တွင်းပြည်ပ သတင်းမီဒီယာများ ပါဝင်သည့် သတင်းအဖွဲ့သည် ယနေ့နံနက်ပိုင်းတွင် စစ်တွေမြို့မှ ထွက်ခွာလာရာ ရေချမ်းပြင် ဆိပ်ကမ်းမှတစ်ဆင့် ကိုင်းကြီး(မြို့) ကျေးရွာသို့ ရောက်ရှိပြီး ကျေးရွာပြောင်းရွှေ့နေထိုင်မှု၊ ကျေးရွာသစ်တွင် နိုင်ငံတော်အထောက်အပံ့ဖြင့် နေအိမ်များ ဆောက်လုပ်ပေးထားမှု၊ ပညာရေး၊ ကျန်းမာရေး ဆောင်ရွက်ပေးထားမှုတို့နှင့် စပ်လျဉ်း၍ တာဝန်ရှိသူများက ရှင်းလင်းပြောကြားသည်။

ထို့နောက် သတင်းမီဒီယာအဖွဲ့က လက်ရှိနယ်မြေ လုံခြုံမှုအခြေအနေ၊ တစ်ဖက်နိုင်ငံမှ ပြန်လည်ဝင်ရောက်လာသူများ ရောက်ရှိလာပါက သဟဇာတမျှတစွာ နေထိုင်နိုင်ရေး အခြေအနေများနှင့်စပ်လျဉ်း၍ မေးမြန်းသတင်းရယူကြသည်။ **(အောက်ပုံ)**

ယင်းနောက် မောင်တောမြို့ ခရိုင်အုပ်ချုပ်ရေးမှူးရုံးသို့ ရောက်ရှိကြပြီး သတင်းမီဒီယာအဖွဲ့က မိုးရာသီကာလ စပါးစိုက်ပျိုးထားမှု၊ နယ်မြေလုံခြုံအေးချမ်းမှု၊ နှစ်ဖက်အသိုက်အဝန်းများ နေထိုင်နေမှုတို့နှင့် စပ်လျဉ်း၍ မေးမြန်းသတင်းရယူကြသည်။

မွန်းလွဲပိုင်းတွင် သတင်းမီဒီယာအဖွဲ့သည် ငါးခူရပြန်လည်လက်ခံရေးစခန်းသို့ ရောက်ရှိရာ တာဝန်ရှိသူများက စခန်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီး သတင်းမီဒီယာအဖွဲ့က ငါးခူရပြန်လည်လက်ခံရေးစခန်းမှ လက်ခံထားသူများအား ကူညီစောင့်ရှောက်ပေးနေမှု၊ စခန်းသို့ ရောက်ရှိလာသူများအား NVC ကတ်ထုတ်ပေးခြင်း၊ ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်များ စသည်တို့နှင့် ပတ်သက်၍ မေးမြန်းသတင်းရယူခဲ့ကြသည်။

**မြင့်မောင်စိုး**



# သွေးလွန်တုပ်ကွေး သံသယရှိလူနာတွေ့ရှိသဖြင့် လူနေအိမ်များနှင့် စာသင်ကျောင်းများတွင် ခြင်ဆေးပက်ဖျန်းခြင်း ဆောင်ရွက်

**ဆော ဇူလိုင် ၂၅**

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန မကွေးတိုင်းဒေသကြီး ဂန့်ဂေါခရိုင် ဆောမြို့နယ် ကျန်းမာရေးဦးစီးဌာနမှ လက်ထောက်ကျန်းမာရေးမှူး ဦးစည်သူမြင့်သိန်း ဦးဆောင်သော ငှက်ဖျားတိုက်ဖျက်ရေးဌာနမှ ဝန်ထမ်းများအဖွဲ့သည် ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ ရပ်/ကျေးစာရေးများနှင့် ပူးပေါင်း၍ သွေးလွန်တုပ်ကွေးသံသယရှိလူနာ တွေ့ရှိသဖြင့် လူနေအိမ်များနှင့် စာသင်ကျောင်းတို့တွင် ဇူလိုင် ၂၃ ရက် မွန်းလွဲပိုင်းက ခြင်ဆေးမှုတ်စက်ဖြင့် ခြင်ဆေးဖျန်းခြင်း ဆောင်ရွက်ခဲ့သည်။

အဆိုပါအဖွဲ့သည် မြို့ပေါ်ရပ်ကွက်နှင့် သစ်တောစိုက်ခင်း (ကြံခင်း)ရွာရှိ သွေးလွန်တုပ်ကွေးသံသယရှိလူနာတွေ့ရှိသဖြင့် နေအိမ်များသို့အရောက် တစ်အိမ်တက်ဆင်း ခြင်ဆေးမှုတ်စက်ဖြင့် လိုက်လံခြင်ဆေးမှုတ်ခြင်းနှင့် ခြင်ဆေးပက်ဖျန်းခြင်းများ ဆောင်ရွက်ပေးခဲ့ရာ ကိုက်တစ်ရာအကွာရှိ ခြင်ခိုအောင်းနေနိုင်သည့် နေရာများ၊ ရေကန်များ၊ သစ်ပင်ချုံနွယ်များ၊ မြက်တောများကို ခြင်ဆေးမှုတ်ခြင်းများ ဆောင်ရွက်ကြပြီး ရေဆိုးရေပုပ်များ လှောင်နေနိုင်သည့်မြောင်းများ၊ အသုံးမပြုသည့်ပစ္စည်းများ စနစ်တကျထားရှိခြင်းဖြင့် ခြင်အန္တရာယ်ကာကွယ် နည်းပညာပေး လက်တွေ့ပြသခြင်းများ ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

**မောင်သန့်(ဆော)**

# မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်မှ ၂၀၁၈ ခုနှစ် (ဧပြီလမှ စက်တင်ဘာလအထိ) ဘဏ္ဍာနှစ်၏ မေလနှင့် ဇွန်လတို့တွင် ဆောင်ရွက်ခဲ့သည့် လုပ်ငန်းဆောင်ရွက်မှု

**မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်အနေဖြင့် ပြည်တွင်းပြည်ပ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများအား မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေနှင့်အညီစိစစ်ကာ ဆောင်ရွက်ပေးလျက်ရှိပါသည်။ ၂၀၁၈ ခုနှစ် (ဧပြီလမှ စက်တင်ဘာလအထိ) ဘဏ္ဍာနှစ်၏ မေလအတွင်း ရင်းနှီးမြှုပ်နှံမှုတိုးမြှင့်ခြင်းအပါအဝင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု စုစုပေါင်းတန်ဖိုး အမေရိကန်ဒေါ်လာ ၁၀၂ ဒသမ ၁၀၈ သန်း၊ ဇွန်လအတွင်း ရင်းနှီးမြှုပ်နှံမှုတိုးမြှင့်ခြင်းအပါအဝင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု စုစုပေါင်းတန်ဖိုးအမေရိကန်ဒေါ်လာ ၂၄၅ ဒသမ ၆၆၅ သန်း ခွင့်ပြုဆောင်ရွက်ပေးနိုင်ခဲ့ပါသည်။**

၂၀၁၈ ခုနှစ် (ဧပြီလမှ စက်တင်ဘာလအထိ) ဘဏ္ဍာနှစ်၏ မေလနှင့်ဇွန်လအတွင်း ခွင့်ပြုခဲ့သည့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု လုပ်ငန်းများမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

| စဉ် | ကဏ္ဍ | မေလ | | ဇွန်လ | |
|---|---|---|---|---|---|
| | | လုပ်ငန်းခုရေ | မတည်ငွေရင်းပမာဏ US$ (သန်း) | လုပ်ငန်းခုရေ | မတည်ငွေရင်းပမာဏ US$ (သန်း) |
| (က) | စက်မှုကဏ္ဍ | ၉ | ၈၁.၇၄၉ * | ၈ | ၁၇၂.၃၇၅ * |
| (ခ) | ဟိုတယ်နှင့်ခရီးသွားကဏ္ဍ | | ၄.၃၃၅ * | ၁ | ၄.၆၃၀ |
| (ဂ) | အခြားဝန်ဆောင်မှုကဏ္ဍ | ၁ | ၉.၂၂၃ | ၂ | ၆၂.၆၆၀ |
| (ဃ) | သတ္တုတွင်းကဏ္ဍ | - | - | | ၆.၀၀၀ * |
| (င) | လယ်ယာကဏ္ဍ | ၁ | ၅.၆၅၀ | - | - |
| (စ) | စက်မှုဇုန်တည်ဆောက်မှုကဏ္ဍ | | ၁.၁၅၁ * | - | - |
| | စုစုပေါင်း | ၁၁ | ၁၀၂.၁၀၈ | ၁၁ | ၂၄၅.၆၆၅ |

* ရင်းနှီးမြှုပ်နှံမှုပမာဏများ၌ ရင်းနှီးမြှုပ်နှံမှုတိုးမြှင့်ထားသည့် ပမာဏများ ထည့်သွင်းဖော်ပြထားခြင်း ဖြစ်ပါသည်။

၂၀၁၈ ခုနှစ် (ဧပြီလမှ စက်တင်ဘာလအထိ) ဘဏ္ဍာနှစ်၏ မေလအတွင်း မြန်မာနိုင်ငံသားရင်းနှီးမြှုပ်နှံမှု စုစုပေါင်းတန်ဖိုးကျပ် ၃၀,၀၈၄ ဒသမ ၉၀၂ သန်းနှင့် ဇွန်လအတွင်း မြန်မာနိုင်ငံသားရင်းနှီးမြှုပ်နှံမှု စုစုပေါင်းတန်ဖိုးကျပ် ၃၅,၅၉၆ ဒသမ ၀၉၀ သန်း ခွင့်ပြုဆောင်ရွက်ပေးနိုင်ခဲ့ပါသည်။ ၂၀၁၈ ခုနှစ် (ဧပြီလ မှ စက်တင်ဘာလအထိ) ဘဏ္ဍာနှစ်၏ မေလနှင့်ဇွန်လအတွင်း ခွင့်ပြုခဲ့သည့် မြန်မာနိုင်ငံသားရင်းနှီးမြှုပ်နှံမှု လုပ်ငန်းများမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

| စဉ် | ကဏ္ဍ | မေလ | | ဇွန်လ | |
|---|---|---|---|---|---|
| | | လုပ်ငန်းခုရေ | မတည်ငွေရင်းပမာဏ ကျပ် (သန်း) | လုပ်ငန်းခုရေ | မတည်ငွေရင်းပမာဏ ကျပ်(သန်း) |
| (က) | အိမ်ရာအဆောက်အအုံ တည်ဆောက်ဖွံ့ဖြိုးမှုကဏ္ဍ | - | - | ၁ | ၂,၀၇၆.၀၀၀ |
| (ခ) | စက်မှုကဏ္ဍ | ၉ | ၁၈,၅၈၄.၉၀၂ | ၆ | ၂၃,၁၇၀.၀၉၀ |
| (ဂ) | ဟိုတယ်နှင့်ခရီးသွားကဏ္ဍ | ၂ | ၁၁,၅၀၀.၀၀၀ | ၃ | ၁,၂၅၀.၀၀၀ |
| (ဃ) | အခြားဝန်ဆောင်မှုကဏ္ဍ | - | - | ၂ | ၉,၁၀၀.၀၀၀ |
| | စုစုပေါင်း | ၁၁ | ၃၀,၀၈၄.၉၀၂ | ၁၂ | ၃၅,၅၉၆.၀၉၀ |

* ရင်းနှီးမြှုပ်နှံမှုပမာဏများ၌ ရင်းနှီးမြှုပ်နှံမှုတိုးမြှင့်ထားသည့် ပမာဏများ ထည့်သွင်းဖော်ပြထားခြင်းဖြစ်ပါသည်။

၂၀၁၈ ခုနှစ် (ဧပြီလမှ စက်တင်ဘာလအထိ) ဘဏ္ဍာနှစ်၏ မေလနှင့် ဇွန်လအတွင်း နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုတွင် ဆောင်ရွက်လျက်ရှိသော လုပ်ငန်းများ၏ ကဏ္ဍအလိုက် ပြည်တွင်းလုပ်သားများအတွက် အလုပ်အကိုင်အခွင့်အလမ်းများ တိုးချဲ့ဖန်တီးနိုင်မှုအခြေအနေမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

| စဉ် | ကဏ္ဍ | ပြည်တွင်းလုပ်သားများအတွက် အလုပ်အကိုင်အခွင့်အလမ်းတိုးချဲ့ဖန်တီးနိုင်မှု(ဦးရေ) | |
|---|---|---|---|
| | | မေလ | ဇွန်လ |
| (က) | လယ်ယာကဏ္ဍ | ၄၀ | - |
| (ခ) | စက်မှုကဏ္ဍ | ၈,၇၈၆ | ၄,၁၅၄ |
| (ဂ) | ဟိုတယ်နှင့်ခရီးသွားကဏ္ဍ | - | ၁၈ |
| (ဃ) | အခြားဝန်ဆောင်မှုကဏ္ဍ | ၄၀ | ၂၄၃ |
| | စုစုပေါင်း | ၈,၈၆၆ | ၄,၄၁၅ |

၂၀၁၈ ခုနှစ် (ဧပြီလ မှ စက်တင်ဘာလအထိ) ဘဏ္ဍာနှစ်၏ မေလနှင့်ဇွန်လအတွင်း မြန်မာနိုင်ငံသားများရင်းနှီးမြှုပ်နှံမှုတွင် ဆောင်ရွက်လျက်ရှိသော လုပ်ငန်းများ၏ ကဏ္ဍအလိုက် ပြည်တွင်းလုပ်သားများအတွက် အလုပ်အကိုင်အခွင့်အလမ်းများ တိုးချဲ့ဖန်တီးနိုင်မှုအခြေအနေမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

| စဉ် | ကဏ္ဍ | ပြည်တွင်းလုပ်သားများအတွက် အလုပ်အကိုင်အခွင့်အလမ်း တိုးချဲ့ဖန်တီးနိုင်မှု(ဦးရေ) | |
|---|---|---|---|
| | | မေလအတွင်း | ဇွန်လအတွင်း |
| (က) | စက်မှုကဏ္ဍ | ၁,၄၆၄ | ၆၂၀ |
| (ခ) | ဟိုတယ်နှင့် ခရီးသွားကဏ္ဍ | ၃၀၂ | ၈၉ |
| (ဂ) | အိမ်ရာနှင့်အဆောက်အဦ တည်ဆောက် ဖွံ့ဖြိုးမှုကဏ္ဍ | - | ၁၀ |
| (ဃ) | အခြားဝန်ဆောင်မှုကဏ္ဍ | - | ၂၁၃ |
| | စုစုပေါင်း | ၁,၇၆၆ | ၉၃၃ |

## ဖားကန့်၌ တစ်လအတွင်း ဒုတိယအကြိမ် ကမ်းပါးပြိုကျမှုဖြစ်စဉ်တွင် ပျောက်ဆုံးသူ ၂၇ ဦးရှိ

**ဖားကန့် ဇူလိုင် ၂၅**

ကချင်ပြည်နယ် ဖားကန့်မြို့နယ် ဆိပ်မူကျေးရွာအုပ်စု မမုံကျေးရွာ မြောက်ဘက် တစ်မိုင်ခန့်အကွာ ရေရတနာကျောက်မျက်ကုမ္ပဏီလုပ်ကွက်ဟောင်းအတွင်း ဇူလိုင် ၂၄ ရက် နံနက် ၆ နာရီခန့်က အမြင့်ပေ ၅၀၀ ခန့်ရှိ ကမ်းပါးယံ ပြိုကျမှုကြောင့် အဆိုပါကမ်းပါးယံအနီးတစ်ဝိုက်တွင် ရေမဆေးကျောက် ရှာဖွေလျက်ရှိသူများနှင့် ပြိုကျကမ်းပါးယံပေါ်တွင် ကျောက်တူးဖော်လျက်ရှိသူများ ဖြစ်စဉ်အတွင်း မြေစာပိခဲ့ဖွယ်ရှိရာ ပျောက်ဆုံးသူ ၂၇ ဦး အထိရှိကြောင်း သိရသည်။

အခင်းဖြစ်ပွားရာနေရာနှင့် အနီးအနားကျေးရွာများမှ ပျောက်ဆုံးသူများ စာရင်းစိစစ်ခဲ့ရာတွင် မမုံကျေးရွာမှ ၁၁ ဦး၊ ဖားပြင်ကျေးရွာမှခုနစ်ဦး၊ အောက်မက်လင်ချောင်ကျေးရွာမှ ခြောက်ဦး၊ ရှမ်းစုကျေးရွာမှနှစ်ဦးနှင့် စပေါ့ကျေးရွာမှ တစ်ဦး စုစုပေါင်း ရေမဆေးကျောက်ရှာဖွေသူ ၂၇ ဦးရှိကြောင်း သိရသည်။

အခင်းဖြစ်ပွားရာ နေရာတွင် အုပ်ချုပ်ရေးအဖွဲ့များ၊ ကြက်ခြေနီအဖွဲ့ဝင်များ၊ မြို့နယ်အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ လူမှုကူညီရေးအသင်းအဖွဲ့များ အနေဖြင့် ရှာဖွေကယ်ဆယ်ရေး လုပ်ဆောင်ရန် မလွယ်ကူဘဲ မြေပြိုနိုင်သည့်အခြေအနေများအား ဆက်လက်စောင့်ကြည့်ခြင်း၊ ဆက်လက်အန္တရာယ်ဖြစ်ပွားနိုင်သည့် နေရာတစ်ဝိုက်တွင် ရေမဆေးကျောက်ရှာဖွေ ခြင်းများ မပြုလုပ်စေဘဲ သတိပေးတားမြစ်ခြင်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **(အပေါ်ယာပုံ)**



ကမ်းပါးယံပြိုကျချိန်တွင် မိုးသည်းထန်လျက်ရှိပြီး ရေမဆေးကျောက်ရှာဖွေသူများအနေဖြင့် မိုးသည်းထန်မှ ကျောက်များပေါ်လာနိုင်သည့်အတွက် စွန့်စားရှာဖွေနေကြရာမှ အဖြစ်ဆိုးများ ကြုံတွေ့နေရခြင်းဖြစ်ကြောင်း သိရပြီး ယခုတစ်ကြိမ် ကမ်းပါးယံပြိုကျမှုသည့် ဖားကန့်မြို့နယ်၌ တစ်လအတွင်းဒုတိယအကြိမ်မြောက်ဖြစ်ပြီး ဇူလိုင် ၁၄ ရက်က အလားတူ ကျောက်မျက်ကုမ္ပဏီ လုပ်ကွက်ဟောင်းတစ်ခုအတွင်း ကမ်းပါးယံပြိုကျမှုတွင် သေဆုံးသူ ၂၀ နှင့် ဒဏ်ရာရရှိခဲ့သူ ၄၃ ဦးအထိရှိခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## လယ်ယာမြေများအား အကွက်ရိုက်၍ ရောင်းဝယ်မှုများ မပြုကြရန် အသိပေးကြေညာ

**မန္တလေး ဇူလိုင် ၂၅**

မန္တလေးတိုင်းဒေသကြီး အတွင်းရှိ မြို့နယ်များတွင် လယ်ယာမြေများအား အကွက်များရိုက်၍ ရောင်းဝယ်မှုများ မပြုကြရန် မန္တလေးတိုင်းဒေသကြီး လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့မှ အသိပေးကြေညာချက် ထုတ်ပြန်ထားသည်။

အဆိုပါ ကြေညာချက်တွင် မန္တလေးတိုင်းဒေသကြီး အတွင်းရှိ မြို့နယ်များတွင် လယ်ယာမြေများအား အကွက်များရိုက်ပြီး လူနေထိုင်ရန်၊ စီးပွားရေးလုပ်ငန်းများ လုပ်ကိုင်ရန် လူမှုကွန်ရက် စာမျက်နှာများပေါ်တွင် ကြော်ငြာ၍လည်းကောင်း၊ အကျိုးဆောင်များမှတစ်ဆင့် လည်းကောင်း ရောင်းဝယ်မှုများ ပြုလုပ်နေသည်ကို လေ့လာတွေ့ရှိရကြောင်း၊ သို့ဖြစ်ရာ လယ်ယာမြေများအား ခွင့်ပြုချက်မရှိဘဲ ရောင်းချခြင်း၊ ခြံစည်းရိုးခတ်ခြင်း၊ မြေဖို့ခြင်း၊ အဆောက်အအုံဆောက်လုပ်ခြင်း၊ လမ်းဖောက်လုပ်ခြင်းများသည် ၂၀၁၂ ခုနှစ် လယ်ယာမြေဥပဒေနှင့် ညီညွတ်မှုမရှိသဖြင့် ဆောင်ရွက်ခြင်းမပြု(မပြု)ကြရန်နှင့် ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးနှိုးဆော်အပ်ပါသည်ဟု ဖော်ပြပါရှိသည်။

အဆိုပါ လယ်ယာမြေများအား အကွက်များရိုက်၍ ရောင်းဝယ်မှုများအပေါ် မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဆောင်သော အဖွဲ့များသည် ဇူလိုင် ၁၈ ရက်မှ ၂၀ ရက်အထိ ပုသိမ်ကြီးမြို့နယ်အတွင်း ကွင်းဆင်းစစ်ဆေးခဲ့ကြကြောင်းသိရသည်။ **အောင်စံမောင်**

● *ကျောဖုံးမှ*

သွားရောက်လေ့ကျင့်ခဲ့ပြီး ခြေစမ်းပွဲနှစ်ပွဲ ယှဉ်ပြိုင်ကစားရာ တစ်ပွဲနိုင်၊ တစ်ပွဲသရေကျခဲ့သည်။ မြန်မာ ယူ-၁၆ အသင်းသည် Bangkok Christain College အသင်းကို လေးဂိုး-တစ်ဂိုးဖြင့် အနိုင်ရပြီး ထိုင်း ယူ-၁၆ လူငယ်လက်ရွေးစင် အသင်းနှင့် တစ်ဂိုးစီသရေကျခဲ့သည်။ မြန်မာယူ-၁၆ အသင်းသည် အကယ်ဒမီများမှ ကစားသမားများဖြင့် ဖွဲ့စည်းထားခြင်းဖြစ်ပြီး ကစားသမားများ အတွေ့အကြုံရရန် ယူ-၂၁ အမှတ်ပေးပြိုင်ပွဲတွင် MFF Youth အသင်းအမည်ဖြင့် ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည်။

အာဆီယံ ယူ-၁၆ ပြိုင်ပွဲကို အုပ်စုနှစ်ခုခွဲ၍ ကျင်းပမည်ဖြစ်ပြီး အုပ်စု (က) တွင် ဗီယက်နမ်၊ မြန်မာ၊ ကမ္ဘောဒီးယား၊ အင်ဒိုနီးရှား၊ တီမော၊ ဖိလစ်ပိုင်၊ အုပ်စု (ခ) တွင် ထိုင်း၊ မလေးရှား၊ လာအို၊ ဘရူနိုင်းနှင့် စင်ကာပူအသင်းတို့ ပါဝင်ကြသည်။

**သတင်း-ညီမြတ်သော်တာ၊ ဓာတ်ပုံ-စိုးညွန့်**

## KBZ Bank Women's League ပြိုင်ပွဲဆက်လက်ကျင်းပ

**ရန်ကုန် ဇူလိုင် ၂၅**

၂၀၁၇-၂၀၁၈ ရာသီ KBZ Bank Women's League ပြိုင်ပွဲ ပွဲစဉ် (၁၁) ကို ယနေ့ ဆက်လက်ကျင်းပရာ အား/ကာသိပ္ပံအသင်း ဂိုးပြတ်နိုင်ပွဲရခဲ့သည်။ အား/ကာသိပ္ပံအသင်းသည် တက္ကသိုလ်အသင်းနှင့် ယှဉ်ပြိုင်ခဲ့ရပြီး ခုနစ်ဂိုးပြတ်အနိုင်ရခဲ့ခြင်းဖြစ်သည်။

နိုင်ပွဲတစ်ပွဲသာရသေးသည့် အား/ကာသိပ္ပံအသင်းအတွက် ဒုတိယမြောက်နိုင်ပွဲဖြစ်ခဲ့ပြီး အဆင့် ၅ အတွင်း ဝင်ရောက်ခွင့်ရရန် မျှော်လင့်ချက်ရှိလာခဲ့သည်။ ယမန်နေ့က ကျင်းပသည့်ပွဲတွင် ဂန္ဓမာအသင်းအနိုင်ရခဲ့သောကြောင့် အား/ကာသိပ္ပံအသင်းသည် နိုင်ပွဲပြန်ရရန် အားထည့်ကစားခဲ့ပြီး ခြေအသာဖြင့် ကစားကာ ဂိုးပြတ်အနိုင်ရခဲ့ခြင်းဖြစ်သည်။ အား/ကာသိပ္ပံအသင်းအတွက် အနိုင်ဂိုးများကို မေဖူးကိုက ၄၃၊ ၆၁၊ ၇၅ မိနစ်တွင် ဟက်ထရစ်သွင်းယူပြီး ကျန်အနိုင်ဂိုးများကို ၂၆၊ ၂၈ မိနစ်တွင် ရွှေရည်ထွန်း၊ ၅၅ မိနစ်တွင် မေဌေးလွင်၊ ၈၇ မိနစ်တွင် သူဇာချိုတို့က သွင်းယူခဲ့သည်။ ယမန်နေ့က ကျင်းပသည့်ပွဲတွင် ဂန္ဓမာအသင်းက YREO အသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရခဲ့သည်။ တတိယနေ့ကို ဇူလိုင် ၂၆ ရက် **(ယနေ့)** ဆက်လက်ကျင်းပမည်ဖြစ်ပြီး အားကစား နှင့် ကာယပညာဦးစီးဌာနအသင်းနှင့် သစ္စာအားမာန်အသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ **သတင်း-ရဲရင့်ရှိုင်း**

## နိုင်ငံတကာဘောလုံးလောကသတင်းတိုများ

- ရိုးမားအသင်းက ဘော်ဒိုးအသင်းတောင်ပံကစားသမား မယ်ကွန်ကို စာချုပ်တော့မည်ဟုပြောကြားပြီးနောက်တစ်ရက်အကြာတွင် ယခုလို ဘာစီလိုနာအသင်းက အဆိုပါ ကစားသမားအား ပေါင် ၃၆ ဒသမ ၅ သန်းဖြင့် ခေါ်ယူနိုင်ခဲ့ခြင်းဖြစ်ကြောင်း ဘီဘီစီသတင်းတစ်ရပ်၏ ဖော်ပြချက်အရ သိရသည်။ အသက် ၂၁ နှစ်အရွယ် ဘရာဇီးတောင်ပံကစားသမား မယ်ကွန်သည် ဘာစီလိုနာအသင်းနှင့်အတူ ငါးနှစ် စာချုပ်ရန် သဘောတူညီခဲ့ကြောင်း ဖော်ပြထားသည်။
- ပရီမီယာလိဂ်တန်းတက် ဝုဗ်အသင်းသည် ပေါ်တူဂီကွင်းလယ်ကစားသမား မော်တင်ဟိုကို မိုနာကိုအသင်းမှ ပေါင် ၅ သန်းဖြင့် ခေါ်ယူလိုက်ပြီဖြစ်ကြောင်း ဘီဘီစီသတင်းတစ်ရပ်အရ သိရသည်။ မော်တင်ဟိုသည် ပေါ်တူဂီအသင်းအတွက် စီရိုနယ်ဒို၊ ဖီဂိုတို့နောက် တတိယမြောက် ပွဲအများဆုံး ကစားပေးထားသူဖြစ်ကြောင်း သိရသည်။
- အဲဗာတန်အသင်းသည် ဘရာဇီးတောင်ပံကစားသမား ရစ်ချတ်လီဆန်ကို ဝက်ဖို့ဒ်အသင်းမှ ခေါ်ယူလိုက်ပြီဖြစ်ကြောင်း ဘီဘီစီသတင်းတစ်ရပ်တွင် ဖော်ပြထားသည်။ ၎င်းသည် အဲဗာတန်အသင်းနှင့်အတူ ငါးနှစ်စာချုပ် ချုပ်ဆိုခဲ့ကြောင်း သိရသည်။
- ရီးရဲမက်ဒရစ်အသင်းသည် တော့တင်ဟမ်အသင်းမှ ပြင်သစ်ဂိုးသမား ဟူဂိုလောရစ် (၃၁နှစ်) ကို ပေါင်သန်း ၆၀ ဖြင့် ခေါ်ယူရန် စဉ်းစားလျက်ရှိနေကြောင်း သည်ဆန်း၏ ဖော်ပြချက်အရ သိရသည်။
- မန်ယူအသင်းနှင့် ချယ်လ်ဆီးအသင်းတို့သည် ဘိုင်ယန်မြူးနစ်အသင်းမှ အသက် ၂၇ နှစ်အရွယ် စပိန်ကွင်းလယ်ကစားသမား အယ်ကန်တာရာကို ခေါ်ယူရေးနှင့်ပတ်သက်ပြီး စုံစမ်းမှုများပြုလုပ်လျက်ရှိကြောင်း ယူကေအခြေစိုက်သတင်းရင်းမြစ်တစ်ခု၏ ဖော်ပြချက်အရ သိရသည်။
- အေစီမီလန်အသင်းက အသက် ၃၀ အရွယ် ဂျူဗင်တပ်စ် တိုက်စစ်ကစားသမား ဟီဂူအင်အတွက် ပေါင် ၅၇ သန်းဖြင့် ခေါ်ယူရန်စိတ်ဝင်စားလာမှုကြောင့် ချယ်လ်ဆီးအသင်းအနေဖြင့် အဆိုပါ ကစားသမားကို ခေါ်ယူရေးနှင့်ပတ်သက်ပြီး လက်လွှတ်ဆုံးရှုံးရဖွယ်ရှိကြောင်း ယူကေအခြေ စိုက်သတင်းရင်းမြစ်တစ်ခု၏ ဖော်ပြချက်အရ သိရသည်။
- အဲဗာတန်နှင့် ဝက်စ်ဟမ်းအသင်းတို့သည် အော့စ်ဘတ်အသင်းမှ ဩစတြီးယား နောက်ခံကစားသမား ဟင်တာရက်ဂါ (၂၅နှစ်) အား ခေါ်ယူရန် စိတ်ဝင်စားနေကြောင်း သည်ဆန်းတွင် ဖော်ပြထားသည်။
- မန်ယူအသင်းသည် ချယ်လ်ဆီးအသင်း၏ အသက် ၂၉ နှစ်အရွယ် ဘရာဇီးတောင်ပံကစားသမား ဝီလီယံကို ခေါ်ယူရန် စဉ်းစားလျက်ရှိနေပြီး ဖရန့်ဖွတ်အသင်း၏ အသက် ၂၄ နှစ်အရွယ် ခရိုအေးရှားတောင်ပံကစားသမား အန်တီ ရီဘစ်ကိုခေါ်ယူရန်လည်း စောင့်ကြည့်လျက်ရှိနေကြောင်း အင်ဒီပင်းဒန့်၏ ဖော်ပြချက်အရ သိရသည်။
- ဘွန်ဒက်စ်လီဂါအသင်းများဖြစ်သော အော့စ်ဘတ်၊ မိန့်ဇ်နှင့် လိုက်ဇစ်အသင်းတို့သည် နယူးကာဆယ်အသင်းက ခေါ်ယူရန် ပစ်မှတ်ထားနေသော ဘရစ္စတိုးအသင်း၏ အသက် ၂၄ နှစ်အရွယ် အင်္ဂလန်ဗဟိုခံစစ် ကစားသမား ဂျိုးဘရိုင်ယန်ကိုခေါ်ယူရန် စိတ်ဝင်စားနေကြောင်း ဒေးလီးစတားတွင် ဖော်ပြထားသည်။ **အောင်ဇော်**

## မြန်မာ့ရုပ်မြင်သံကြား

၂၆ -၇-၂၀၁၈ (ကြာသပတေးနေ့)

**နံနက်ပိုင်း**

၆း၀၀ - တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
၇း၀၀ - Breakfast News
၈း၄၀ - "မဟာဝံသမြတ်ဗုဒ္ဓ" (ပထမပိုင်း)
၁၀း၃၀ - အလုပ်သမားရေးရာ အစီအစဉ်
၁၂း၃၀ - မြန်မာဇာတ်လမ်းတွဲ "ဇနီးချောများကွန်ရက်" (အပိုင်း -၁၈)
၁၅း၀၀ - နိုင်ငံခြားဇာတ်လမ်းတွဲ "မကြွေတဲ့နှင်းဆီ" (အပိုင်း- ၇၀)

**ညပိုင်း**

၁၆း၃၅ - "နှစ်စဉ်နှစ်တိုင်းနွဲလို့ပျော် ပဲခွယ်ကုန်းမြို့ရဲ့ ဝါဆိုယမင်းပွဲတော်"
၁၇း၀၅ - NHK အစီအစဉ် "ပတ်ဝန်းကျင်နှင့် သဟဇာတဖြစ်သော အနာဂတ်ကားများ"
၁၇း၃၅ - လူမှုစီးပွားမြင်ကွင်းများ
၁၈း၃၅ - မျက်မှောက်ရေးရာအဖြာဖြာ
၁၈း၅၅ - "CHOICE" (အပိုင်း-၇၄)
၁၉း၁၅ - မြန်မာဇာတ်လမ်းတွဲ "ဇနီးချောများကွန်ရက်" (အပိုင်း -၁၉)
၂၀း၀၀ - ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ
၂၀း၃၅ - "မီးတစ်ပွင့်ရဲ့ရာဇဝင်" (အပိုင်း-၃)
- Britain's Got Talent(5)
- မှတ်မှတ်ထင်ထင် မြန်မာ့ရုပ်ရှင် (အပိုင်း-၃) (ဒါရိုက်တာ -ကြည်စိုးထွန်း၊ မြင်းစိုင်းသား အောင်အောင်)

## မီးပျက်နေသည်ဟု ထင်ကာ လျှပ်စစ်မီးကြိုးကို ကိုင်မိရာမှ လူတစ်ဦးဓာတ်လိုက်သေဆုံး

**နေပြည်တော် ဇူလိုင် ၂၅**

ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ် ဈေးရပ်ကွက်၌ ဇူလိုင် ၂၄ ရက် ည ၉ နာရီခွဲက လူတစ်ဦးဓာတ်လိုက်၍ ဆေးရုံသို့ ရောက်ရှိစဉ် သေဆုံးသွားကြောင်း သိရသည်။

လူတစ်ဦး ဓာတ်လိုက်ကြောင်း သတင်းအရ မြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များ သွားရောက်စစ်ဆေးခဲ့ရာ သေဆုံးသူမှာ အဆိုပါရပ်ကွက်နေ ကိုထွန်းထွန်းဦး (၃၈ နှစ်) ဖြစ်ပြီး ၎င်းသည် လျှပ်စစ်မီးတိုင်မှ သွယ်တန်းထားသည့် မီးကြိုးကို မီးပျက်နေသည်ဟုထင်ကာ လက်ဖြင့် သွားရောက်ဆွဲကိုင်စဉ် ဓာတ်လိုက်သေဆုံးသွားခြင်းဖြစ်ကြောင်း စစ်ဆေးသိရှိရ၍ မင်္ဂလာဒုံမြို့မရဲစခန်း၌ သေမှုသေခင်းဖွင့်စစ်ဆေးလျက်ရှိကြောင်း သိရသည်။

**ကိုရဲ**



## စဉ့်ကူးမြို့နယ်၌ မိုင်းလုပ်သားသုံးဦး အင်းအတွင်းပိတ်မိနေ

**စဉ့်ကူး ဇူလိုင် ၂၅**

မန္တလေးတိုင်းဒေသကြီး စဉ့်ကူးမြို့နယ် ကျည်တောက်ပေါက်ကျေးရွာ ကျောက်ချောင်းရပ်ကွက်ရှိ ထက်ရည်လင်းကုမ္ပဏီ (SGU-6) လုပ်ကွက်အတွင်း အင်းအတွင်းဆင်း၍ လုပ်ငန်းများ ဆောင်ရွက်နေကြသော မိုင်းလုပ်သားသုံးဦး အင်းအတွင်းပိတ်မိပျောက်ဆုံးလျက်ရှိ၍ ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **(အပေါ်ပုံ)**

အဆိုပါ မိုင်းလုပ်သားများသည် ကျောက်ချောင်းရပ်ကွက် ထက်ရည်လင်းကုမ္ပဏီအင်းဦးစီး ဦးမြင့်သိန်း၏ အင်း၌ အလုပ်လုပ်နေကြသော ရုံးပင်ကုန်းရပ်ကွက်နေ ဦးလှမြင့် (၃၈) နှစ်၊ နွယ်ရုံကျေးရွာနေ ဦးပိုင်ပိုင် (၂၅) နှစ်နှင့် ကျောက်ချောင်းရပ်ကွက်နေ ဦးမြစိုးဝင်း (၃၀) နှစ်တို့ ဖြစ်ကြပြီး၊ ဇူလိုင် ၂၄ ရက် ည ၇ နာရီခွဲက အင်းအတွင်းဆင်း၍ လုပ်ငန်းများဆောင်ရွက်စဉ် တစ်ဖက်အင်းမှ ရေများပေါက်ကျကာ အင်းအတွင်းပိတ်မိနေပြီး ၎င်းအင်းလုပ်သားများကို ပြန်လည်ကယ်ဆယ်ထုတ်ယူနိုင်ရေးအတွက် သက်ဆိုင်ရာတာဝန်ရှိသူများက အင်းအတွင်းမှ ရေများကို စက်များဖြင့် စုပ်ယူနေကြောင်း သိရသည်။

**မင်းဇော်ဦး(ပြန်/ဆက်)**

## ပဲခူးတိုင်းဒေသကြီးအတွင်း ဧပြီလမှ ဇွန်လအထိ သစ်တန် ၂၁၀ ကျော် သိမ်းဆည်းရမိ

**ရေတာရှည် ဇူလိုင် ၂၅**

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ်သည် မကွေးတိုင်းဒေသကြီး ဆင်ပေါင်ဝဲမြို့နယ်၊ နေပြည်တော်ကောင်းစီနယ်မြေ၊ လယ်ဝေးမြို့နယ်များနှင့် ထိစပ်လျက်ရှိပြီး သာဂရ - ကိုးပင်ရိုးမ ဖြတ်ကျော်လမ်းတစ်လျှောက် သစ်တောကြိုးဝိုင်းများမှ တရားမဝင် သစ်ခိုးထုတ်မှုများအား မြို့နယ်သစ်တောဦးစီးဌာနက ဖမ်းဆီးအရေးယူမှုများဆောင်ရွက်လျက်ရှိရာ ဧပြီလမှစ၍ ဇွန်လအထိ ကျွန်း၊ ပျဉ်းကတိုး၊ အခြားသားသစ် ၂၁၀ ဒသမ ၆၅၀၀ တန်၊ သစ်တင်ယာဉ်လေးစီး၊ ဆိုင်ကယ် ၁၂ စီး၊ လှည်းအခွဲ ၂၇ စီးတို့ကို ဖမ်းဆီးရမိခဲ့ကြောင်း မြို့နယ်သစ်တောဦးစီးဌာနရုံးမှတ်တမ်းများအရ သိရသည်။

"လက်ရှိဖမ်းဆီးရမိတဲ့ သစ်တွေကတော့ အနောက်ဆွာကြိုးဝိုင်း၊ ကျောက်မဆင်ကြိုးဝိုင်း၊ စိုင်းရသစ်တောကြိုးဝိုင်းတွေအပြင် သာဂရ-ကိုးပင်ရိုးမဖြတ်ကျော်ကားလမ်းတစ်လျှောက်နဲ့ ရန်ကုန်-နေပြည်တော် အမြန်လမ်းပိုင်းတွေမှာ ဖမ်းမိတာတွေလည်း ရှိပါတယ်" ဟု မြို့နယ်သစ်တောဦးစီးအရာရှိ ဦးကျော်ဆန်းမိုးက ပြောကြားသည်။

မိုးရာသီဖြစ်သည့် အားလျော်စွာ တရားမဝင်သစ်ခိုးထုတ်မှုများ လျော့ကျသွားခဲ့သော်လည်း သစ်တောဦးစီးဌာနနှင့် သစ်တောလုံခြုံရေးပူးပေါင်းအဖွဲ့သည် ဒေသခံများနှင့် ပူးပေါင်း၍ နေ့စဉ်စောင့်ကြည့်မှုများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ကိုလွင်(ဆွာ)**

## ရေပူစစ်ဆေးရေးအဖွဲ့ ပိတောက်ခွဲသားများ ဖမ်းဆီးရမိ

**နေပြည်တော် ဇူလိုင် ၂၅**

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့် မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းတို့အား ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များဖြင့် ၂၀၁၇ ခုနှစ် မတ် ၁ ရက်က စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး ဇူလိုင် ၂၄ ရက်တွင် မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ်ပို့ကုန် ၁၂၉၈ စီး သွင်းကုန် ၉၂၆ စီး၊ ရန်ကုန်-မြဝတီလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၁၅ စီး၊ သွင်းကုန် ၆၂ စီး ကုန်စည်များ သယ်ယူပို့ဆောင်လျက်ရှိသည်။

အဆိုပါ စစ်ဆေးရေးစခန်းများက တင်သွင်း/တင်ပို့သော ကုန်ပစ္စည်းများကို စစ်ဆေးမှုပြုလုပ်ဆောင်ရွက်လျက်ရှိရာ ဇူလိုင် ၂၄ ရက်က ရေပူအမြဲတမ်းစစ်ဆေးရေးစခန်းမှ တားဆီးမှု ငါးမှု ခန့်မှန်းတန်ဖိုးငွေကျပ် ၅၄ ဒသမ ၆၂၃ သန်းခန့်၊ မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းမှ တားဆီးမှုသုံးမှုခန့်မှန်းတန်ဖိုးငွေကျပ် ၁၃ ဒသမ ၃၂၀ သန်းခန့် စုစုပေါင်းတားဆီးမှု ရှစ်မှု ခန့်မှန်း တန်ဖိုးငွေကျပ် ၆၇ ဒသမ ၉၄၄ သန်းခန့်ကို ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ထူးခြားဖမ်းဆီးမှုအနေဖြင့် ဇူလိုင် ၂၄ ရက်တွင် မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်း ပူးပေါင်းစစ်ဆေးရေးအဖွဲ့မှ စစ်ဆေးမှုများဆောင်ရွက်စဉ် တိုယိုတာဟိုင်းအေ့စ်(အန်စာတုံး) ယာဉ်နှစ်စီးပေါ်တွင် တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် ပိတောက်ခွဲသား ၁ ဒသမ ၄၀၅ တန်နှင့် အဆိုပါပစ္စည်းသယ်ဆောင်သည့် ယာဉ်နှစ်စီး စုစုပေါင်း ခန့်မှန်းတန်ဖိုး ငွေကျပ် ၅၄ ဒသမ ၂၁၅ သန်းခန့်ကို စစ်ဆေးတွေ့ရှိ၍ ဖမ်းဆီးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## အကောက်ခွန်ဦးစီးဌာနမှ အရာထမ်း၊ အမှုထမ်း ၁၂ ဦးအပေါ် အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်မှ တရားစွဲအရေးယူ

**နေပြည်တော် ဇူလိုင် ၂၅**

အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်သည် အဂတိလိုက်စားမှု တိုက်ဖျက်ရေးဥပဒေအရ အကောက်ခွန်ဦးစီးဌာနမှ အရာထမ်း၊ အမှုထမ်း ၁၂ ဦးအား ယနေ့ ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော်တွင် တရားစွဲဆို တင်ပို့ခဲ့ကြောင်း အဆိုပါကော်မရှင်မှ သိရသည်။

အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်အနေဖြင့် အကောက်ခွန်ဦးစီးဌာနမှ အရာထမ်း/အမှုထမ်းခုနစ်ဦးအပေါ် ၂၀၁၃ ခုနှစ်၊ အဂတိလိုက်စားမှု တိုက်ဖျက်ရေးဥပဒေပုဒ်မ ၅၆ အရ လည်းကောင်း၊ အကောက်ခွန်ဦးစီးဌာနမှ အရာထမ်း/အမှုထမ်းငါးဦးအပေါ် ၂၀၁၃ ခုနှစ်၊ အဂတိလိုက်စားမှု တိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၆/၆၃ အရ လည်းကောင်း တရားစွဲဆိုခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

အဂတိလိုက်စားမှု တိုက်ဖျက်ရေး ဥပဒေအရ တရားစွဲဆိုခံရသည့် အကောက်ခွန် ဦးစီးဌာနမှ အရာထမ်း၊ အမှုထမ်း ၁၂ ဦးကို ဇူလိုင် ၁၆ ရက်က ပထမသတင်းပေးတိုင်ကြားချက်ဖွင့်လှစ်၍ တရားစွဲဆို အရေးယူနိုင်ရေး ဆောင်ရွက်ခြင်းဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## တာချီလိတ်၌ တရုတ်နိုင်ငံသားနှစ်ဦးနှင့် မြန်မာနိုင်ငံသားတစ်ဦး ဖမ်းဆီးရမိ

**တာချီလိတ် ဇူလိုင် ၂၅**

ရှမ်းပြည်နယ်အရှေ့ပိုင်း တာချီလိတ်မြို့ လွယ်တော်ခမ်းပူးပေါင်းစစ်ဆေးရေးဂိတ်၌ တရားဝင်ခွင့်ပြုချက် အထောက်အထားမရှိဘဲ မြန်မာနိုင်ငံအတွင်းသို့ ဝင်ရောက်လာသော တရုတ်နိုင်ငံသားနှစ်ဦးနှင့် မြန်မာနိုင်ငံသားတစ်ဦးကို ဇူလိုင် ၂၄ ရက် ညပိုင်းက အရေးယူထားသည်။

အမှုမှာ ဇူလိုင် ၂၄ ရက် မွန်းလွဲ ၁ နာရီ ၃၅ မိနစ်တွင် လွယ်တော်ခမ်းပူးပေါင်း စစ်ဆေးရေးဂိတ်တွင် လက်ထောက်လူဝင်မှုကြီးကြပ်ရေးဦးစီးဌာနမှူး ဦးဟိန်းဝင်းပိုင်သည် မိုင်းဆတ်မြို့ဘက်မှ တာချီလိတ်မြို့တွင်းသို့ ယာဉ်မောင်း အောင်စိုးသူ မောင်းနှင်လာသည့် Hilux Vigo ယာဉ်အား ရပ်တန့်စစ်ဆေးရာ ယာဉ်ပေါ်ပါ Mr.Wang Wen Fa (၂၄ နှစ်)နှင့် Mr.Huang Yu Long (၂၀ နှစ်)၊ တာလီမြို့ ယူနန်ပြည်နယ် တရုတ်နိုင်ငံနေသူနှစ်ဦးအား တရားဝင်စာရွက်စာတမ်းများ ပါရှိခြင်းမရှိဘဲ ဝင်ရောက်လာခြင်းဖြစ်ကြောင်း စစ်ဆေးတွေ့ရှိခဲ့သည်။ ၎င်းတို့နှစ်ဦးသည် လွန်ခဲ့သော ခြောက်နှစ်ခန့်ကပင် ယူနန်ပြည်နယ်မှ တစ်ဆင့် မြန်မာနိုင်ငံ 'ဝ' အထူးဒေသ(၂) ပန်ဆန်းမြို့သို့ တရားမဝင် ဝင်ရောက်ခဲ့ပြီး မိုင်းဆတ်မြို့နယ် ဝမ်ဟုန်ကျေးရွာ၌ အိမ်ငှားရမ်းပြီး ဈေးရောင်း ဈေးဝယ် လုပ်ကိုင်နေထိုင်ခဲ့ကြောင်း သိရသည်။

ဇူလိုင် ၂၄ ရက်တွင် တာချီလိတ်မြို့သို့ ၎င်းတို့ပိုင် မော်တော်ယာဉ်ဖြင့် ယာဉ်မောင်း အောင်စိုးသူအား ယာဉ်မောင်းခ ထိုင်းဘတ်ငွေ ၇၀၀ ဖြင့် ငှားရမ်းမောင်းနှင်လာစဉ် ဖမ်းဆီးရမိသဖြင့် တာချီလိတ်မြို့မရဲစခန်း၌ အမှုဖွင့် အရေးယူထားကြောင်း သိရ သည်။

**မြင့်မိုရ်(တာချီလိတ်)**

## ကြာအင်းဆိပ်ကြီး၌ တရားမဝင်အသားတိုးကြက်များ ဖမ်းဆီး

**ကြာအင်းဆိပ်ကြီး ဇူလိုင် ၂၅**

ကရင်ပြည်နယ် ကြာအင်းဆိပ်ကြီးမြို့နယ်၌ မြန်မာနိုင်ငံဘုရားသုံးဆူမြို့နယ်စပ်မှ တရားမဝင်သယ်ဆောင်လာသော ထိုင်းနိုင်ငံမှ အသားတိုးကြက်များကို ဇူလိုင် ၂၃ရက် ညနေ ၃နာရီခန့်က ဖမ်းဆီးရမိခဲ့သည်။

ကြာအင်းဆိပ်ကြီးမြို့မ ရဲစခန်းမှ ဒုတိယရဲစခန်းမှူး ရဲအုပ်ကာဠု ဦးစီးအဖွဲ့က ဘုရားသုံးဆူ-ကြာအင်းဆိပ်ကြီးကားလမ်း ကြာအင်းဆိပ်ကြီး မုဒုံကားလမ်း မြို့အထွက် မြို့ဝင် ဘီးခွန်ဂိတ်၌ ကင်းလှည့်စစ်ဆေးဆောင်ရွက်နေစဉ် ဂိတ်အနီးလမ်းဘေးတစ်နေရာတွင် အသားတိုးကြက်အရှင်ကောင်ရေ ၁၂၀၀ အား တွေ့ရှိပြီး မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှ ခွင့်ပြုချက်အထောက်အထားစာရွက်စာတမ်း ပြသနိုင်ခြင်း မရှိကြောင်း စိစစ်တွေ့ရှိရသည်။

အဆိုပါကြက်များအား မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှ ခွင့်ပြုချက်မရှိဘဲ တစ်ဖက်နိုင်ငံမှတရားမဝင် အသားတိုးကြက်အရှင်များသယ်ဆောင်လာသူ ပိုင်ရှင် သက်ပိုင်ဦး (၁၈ နှစ်) အလုပ်သမားများဖြစ်ကြသော မုဒုံမြို့နေမောင်ဝေယံ (၁၉ နှစ်) နှင့် မုဒုံမြို့နေ စည်သူစိုး (၂၀ နှစ်) အား ဥပဒေနှင့်အညီ ဆောင်ရွက်နိုင်ရေး အတွက် စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **မျိုးမင်းဦး(ပြန်/ဆက်)**

## မကွေးမြို့၌ ဖမ်းမိသော တရားမဝင်ရောက်လာသူနှစ်ဦးအား ပြစ်ဒဏ်ချမှတ်

**မကွေး ဇူလိုင် ၂၅**

မကွေးမြို့တွင် ဖမ်းမိခဲ့သော တရားမဝင်ရောက်လာသူနှစ်ဦးအမှုအား ဇူလိုင် ၂၀ ရက် မွန်းလွဲပိုင်းက မကွေးမြို့နယ်တရားရုံးက ကလေးသူငယ်ရာဇဝတ်ကြီး အမှုအမှတ် ၁၈/၂၀၁၈ ဖြင့် အမှုလက်ခံစစ်ဆေးခဲ့ပြီး ၁၉၄၉ခုနှစ် ပြည်ထောင်စုမြန်မာနိုင်ငံအတွင်း နေထိုင်သူများ မှတ်ပုံတင်ရေးအက်ဥပဒေပုဒ်မ ၆ (၂) အရ ကလေးသူငယ်သင်တန်းကျောင်းသို့ နှစ်နှစ်ပို့ဆောင်စေရန် ပြစ်ဒဏ်ချမှတ်လိုက်ကြောင်း သိရသည်။

ပြစ်ဒဏ်ကျခံရသူများမှာ ရခိုင်ပြည်နယ် ကျောက်တော်မြို့နယ် ပိုက်သည်ရွာမှ ဟာလာလော်တီ(၁၀) နှစ်နှင့် နူရူကူလီ(၁၁)နှစ်တို့ဖြစ်ပြီး ဦးမောင်ဝင်းကြီးနှင့် မောင်တိုးတို့က ဆိုင်ကယ်တစ်ယောက်တစ်စီးစီဖြင့် အမ်းမြို့မှ သယ်ဆောင်လာခဲ့ကြောင်း၊ မကွေးမြို့ သင်းချယ်ရီတည်းခိုခန်းသို့ တည်းခိုရန်ရောက်ရှိလာစဉ် မကွေးမြို့ အမှတ်(၂)ရဲစခန်း၊ ဒုတိယရဲအုပ် နောင်နောင်စိုး ခေါင်းဆောင်သည့် ရဲတပ်ဖွဲ့ဝင်များက ရပ်ကွက်အုပ်ချုပ်ရေးမှူးများက သတင်းအရ ဖမ်းဆီးနိုင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

တရားမဝင် ဝင်ရောက်လာသူနှစ်ဦးသည် ၎င်းတို့နေထိုင်ရာ ရခိုင်ပြည်နယ်မှတစ်ဆင့် ရန်ကုန်မြို့သို့သွားရောက်ရာ၌ မည်သူမည်ဝါဖြစ်ကြောင်း အထောက်အထား၊ သက်သေခံလက်မှတ်၊ ခရီးသွားလာခွင့်မရှိဘဲ လာရောက်ခြင်းဖြစ်ပြီး ၁၉၅၁ခုနှစ် ပြည်ထောင်စုမြန်မာနိုင်ငံအတွင်းနေထိုင်သူများ မှတ်ပုံတင်ရေးနည်းဥပဒေပုဒ်မ (၂၅၊၂၆၊၂၉) တို့ကို ဖောက်ဖျက်ကျူးလွန်ကြောင်း စစ်ဆေးတွေ့ရှိရသဖြင့် ၁၉၄၉ ခုနှစ် ပြည်ထောင်စုမြန်မာနိုင်ငံအတွင်း နေထိုင်သူများ မှတ်ပုံတင်ရေးအက်ဥပဒေပုဒ်မ ၆(၂)၊ ၆(၃) အရ တရားစွဲ အရေးယူခဲ့ခြင်းဖြစ်သည်။

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာ မကွေးမြို့နယ်ဦးစီးမှူး ဦးကျော်လွင်က မြို့နယ်တရားရုံးသို့ ဦးတိုက်လျှောက်ထားခဲ့ကာ ပြစ်ဒဏ်များ ချမှတ်နိုင်ခဲ့ခြင်းဖြစ်ပြီး သယ်ဆောင်လာသူနှစ်ဦးကိုလည်း မကွေးမြို့အမှတ်(၂) နယ်မြေ ရဲစခန်းက (ပ)၂၇၈၊ ပြစ်မှုပုဒ်မ ၃၆၇ ဖြင့် မြို့နယ်တရားရုံး၌ တရားစွဲဆိုထားကြောင်း သိရသည်

**ဇေယျာတု(မကွေး)**

# ဆယ်စုနှစ်အတွင်း ကြောက်စရာ ဂရိတောမီးကြောင့် သေဆုံးသူ ၇၄ ဦးအထိရှိလာ

**အေသင် ဇူလိုင် ၂၅**

ဂရိနိုင်ငံတွင် တောမီးအကြီးအကျယ်လောင်ကျွမ်းမှုကြောင့် ကလေးငယ်များအပါအဝင် သေဆုံးသူဦးရေမှာ ၇၄ဦးရှိလာကြောင်း၊ မီးသည်လူနေအိမ်များကို ဝါးမျိုကာ သစ်တောများကိုလည်း အရှိန်အဟုန်ကောင်းကောင်းဖြင့် လောင်ကျွမ်းခဲ့သောကြောင့် ဒေသခံများမှာ ကြောက်လန့်တကြားဖြင့် မီးဘေးမှ လွတ်ကင်းရန် ပင်လယ်ကမ်းခြေသို့ ထွက်ပြေးတိမ်းရှောင်ခဲ့ရကြောင်း ဒေသဆိုင်ရာအာဏာပိုင်များက ပြောခဲ့သည်။

လိမ္မော်ရောင်မီးညွန့်ကြီးသည် ထင်းရှူးတောများကို ပြုတ်ပြုတ်ပြန်းဝါးမျိုကာ ပြာမှုန့်များအသွင် ချက်ချင်းပြောင်းလဲလိုက်ပြီး အေသင်မြို့အနီး ပင်လယ်ဆိပ်ကမ်းမြို့လေးတစ်မြို့ဖြစ်သော မာတီလမ်းများပေါ်က ကားများကိုလည်း ဟုန်းဟုန်းတောက်လောင်ကျွမ်းခဲ့ကြောင်း သိရသည်။ အဆိုပါမီးသည် ဇူလိုင် ၂၃ ရက်ကတည်းက လောင်ကျွမ်းခဲ့ခြင်းဖြစ်ကြောင်း၊ မီးလောင်မှုကြောင့် အနည်းဆုံး အိမ်ပေါင်း ၁၀၀၀နှင့် ကားအစီး ၃၀၀ တို့ မီးလောင်ကျွမ်းခဲ့ကြောင်းနှင့် လူများပျောက်ဆုံးလျက် ရှိကြောင်း ဒေသဆိုင်ရာ အာဏာပိုင်များက ပြောသည်။

ကယ်ဆယ်ရေးသမားများသည် ကမ်းခြေတွင် မီးဘေးရှောင်နေသည့် ဒေသခံများနှင့် နိုင်ငံခြားခရီးသွားများကို ကြိုးစားပြီး ဘေးအန္တရာယ်ကင်းသည့်နေရာများကို ရွှေ့ပြောင်းမှုများပြုလုပ်နေကြောင်း၊ မီးလောင်မှုကြောင့် ကျွမ်းနေသော လူ့ခန္ဓာကိုယ်များ၊ တိရစ္ဆာန်များကိုလည်း တွေ့ခဲ့ရကြောင်း အေအက်ဖ်ပီသတင်းထောက်များက ပြောခဲ့သည်။

မီးလောင်မှုကြောင့် အစောပိုင်းသတင်းထုတ်ပြန်ချက်တွင် လူ ၆၀ သေဆုံးခဲ့ကြောင်း သတင်းထုတ်ပြန်ခဲ့သော်လည်း နောက်ပိုင်း ဇူလိုင် ၂၄ ရက်အထိ သေဆုံးသူ ၇၄ ဦးရှိခဲ့ကြောင်း နောက်ပိုင်းတွင်လည်း သေဆုံးသူဦးရေမှာ မြင့်တက်လာနိုင်ကြောင်း သိရသည်။

ယခုတောက်လောင်ခဲ့သည့် တောမီးသည် ဆယ်စုနှစ်အတွင်း ဂရိနိုင်ငံတွင် အကြီးမားဆုံးလောင်ခဲ့သည့် တောမီးဖြစ်ကြောင်း အာဏာပိုင်များကပြောသည်။ မီးလောင်မှုကြောင့် ကလေးများ၊ မိဘများ၊ အိမ်များအပါအဝင် အားလုံးဆုံးရှုံးခဲ့ရကြောင်း ကြက်ခြေနီအဖွဲ့ပြောရေးဆိုခွင့်ရှိသူ ဂျော်ဂျီယာ ထရိုင် စဘီရော်တီက ပြောသည်။



ဂရိဝန်ကြီးချုပ်လည်း ဘော့စနီးယားသို့သွားမည့် ခရီးစဉ်ကို ရပ်နားခဲ့ပြီး သုံးရက်တာ ဝမ်းနည်းကြောင်း အထိမ်းအမှတ်နေ့များအဖြစ် သတ်မှတ်ကြေညာပေးခဲ့သည်။ ဥရောပသမဂ္ဂအဖွဲ့ဝင်နိုင်ငံများမှ အကူအညီများအပါအဝင် အရေးပေါ်တပ်ဖွဲ့များအားလုံး မီးများကို ငြိမ်းသတ်နိုင်ရေး ကြိုးစားဆောင်ရွက်နေကြောင်း ဝန်ကြီးချုပ်က ဆက်လက်ပြောကြားခဲ့သည်။

**အေအက်ဖ်ပီ**

# လာအိုနိုင်ငံတွင် ရေအားလျှပ်စစ်ဆည်တစ်ခုပြိုကျရာ လူပေါင်းများစွာ သေဆုံးပြီး ရာချီပျောက်ဆုံး

**ဗီယင်ကျန်း ဇူလိုင် ၂၅**

လာအိုနိုင်ငံ အရှေ့တောင်ပိုင်း အတာပူပြည်နယ် ဆန်နန်ဆေးခရိုင်ရှိ ဆောက်လုပ်ဆဲ ရေအားလျှပ်စစ်ဆည်တစ်ခု ပြိုကျမှုဖြစ်ပွားခဲ့ရာ နေအိမ်များမျောပါသွားပြီး လူပေါင်းများစွာသေဆုံးကာ ရာချီပျောက်ဆုံးနေကြောင်း ပြည်နယ်အုပ်ချုပ်ရေးမှူးရုံးက မကြာသေးမီတွင် သတင်းထုတ်ပြန်ခဲ့သည်။



ရေဘေးသင့်ပြည်သူများအတွက် ကယ်ဆယ်ရေးအကူအညီများပေးရန် အတာပူပြည်နယ်အုပ်ချုပ်ရေးမှူးရုံးက ကြေညာခဲ့သည်။

ပါတီ၊အစိုးရအဖွဲ့အစည်းများ၊ စီးပွားရေးအသိုင်းအဝိုင်း၊ တာဝန်ရှိသူများ၊ ရဲတပ်ဖွဲ့နှင့် တပ်မတော်တပ်ဖွဲ့ဝင်များ၊ စေတနာရှင် လာအိုနိုင်ငံသားများအား ရေဘေးသင့်ပြည်သူများအတွက် အရေးပေါ်ကူညီပေးရန် မေတ္တာရပ်ခံထားကြောင်း သိရသည်။

အဆိုပါတည်ဆောက်ဆဲဆည်ကို တောင်ကိုရီးယားနိုင်ငံ၊ ထိုင်းနိုင်ငံနှင့် လာအိုနိုင်ငံတို့မှ ကုမ္ပဏီများပါဝင်သည့် ဖက်စပ်ကုမ္ပဏီဖြစ်သော Xe Pian-Xe Namnoy Power Company (PNPC) က တည်ဆောက်နေခြင်းဖြစ်သည်။

Xe Pian-Xe Namnoy ရေအားလျှပ်စစ်စီမံကိန်းသည် ခန့်မှန်းခြေအမေရိကန်ဒေါ်လာ ၁ ဒသမ ၀၂ ဘီလီယံ ကုန်ကျမည်ဟု ခန့်မှန်းရပြီး နှစ်စဉ် လျှပ်စစ်ဓာတ်အား ခန့်မှန်းခြေ ၁၈၆၀ ဂစ်ဂါဝပ်ထုတ်လုပ်နိုင်မည်ဖြစ်ကြောင်း သိရသည်။

ရေအားလျှပ်စစ်စီမံကိန်း ကနဦးလေ့လာမှုများကို ၂၀၀၈ ခုနှစ် ဖေဖော်ဝါရီတွင် အဆုံးသတ်ခဲ့ပြီး စီမံကိန်းတည်ဆောက်မှုကို ၂၀၁၃ ခုနှစ် ဖေဖော်ဝါရီလတွင် စတင်ကာ စီးပွားဖြစ်လည်ပတ်မှုကို မကြာမီစတင်နိုင်မည်ဟု ခန့်မှန်းထားခဲ့သည်။


**ဆင်ဟွာ**

# ပိုင်နက်ကျူးကျော်ဝင်ရောက်လာသည့် ဆီးရီးယားစစ်လေယာဉ်တစ်စင်းကို အစ္စရေးတို့ ပစ်ချ

**ဒမတ်စကတ် ဇူလိုင် ၂၅**

အစ္စရေးထိန်းချုပ်ထားသော လေပိုင်နက်ထဲသို့ ဆီးရီးယား ဂျက်လေယာဉ်တစ်စင်း ထိုးဖောက်ဝင်ရောက်လာသောကြောင့် အစ္စရေးက အဆိုပါ ဆီးရီးယား ဂျက်လေယာဉ်ကို ပေဟင်ပစ် ဒုံးကျည်ဖြင့် ပစ်ခွင်းလိုက်ကြောင်း စစ်ဘက်ဆိုင်ရာက မကြာသေးမီကပြောကြားခဲ့သည်။

ထိုသို့ဖြစ်ခြင်းမှာ ကြုံတောင့်ကြုံခဲဖြစ်ရပ်ဖြစ်သော်လည်း နှစ်နိုင်ငံတင်းမာမှုများကို ဖြစ်ပေါ်စေနိုင်ကြောင်း သိရသည်။ လေယာဉ်ပိုင်နက်ကျူးကျော်ဝင်ရောက်လာခြင်းသည် ဆီးရီးယားပြည်တွင်းစစ်ဖြစ်ပွားခြင်း၏ အကျိုးရလဒ်ကြောင့် ဖြစ်နိုင်ကြောင်း အစ္စရေးက ပြောဆိုခဲ့သော်လည်း နှစ်နိုင်ငံအပစ်ရပ်စဲရေးနယ်နိမိတ်ကို လေးစားသင့်ကြောင်း အစ္စရေးဘက်က အလေးအနက်တိုက်တွန်းပြောကြားခဲ့သည်။



"ဒါဟာ အစ္စရေးနဲ့ ဆီးရီးယားကြား ၁၉၇၄ ခုနှစ်ထွက်ရေး သဘောတူညီချက်ကို ဖြောင်ကျကျချိုးဖောက်ခြင်းပင်ဖြစ်ကြောင်း" အစ္စရေးဝန်ကြီးချုပ် ဘန်ဂျမင်နေတန်ယာဟုက ထုတ်ပြန်ချက်တွင် ပြောခဲ့သည်။ "မိမိတို့ရဲ့ အချုပ်အခြာပိုင်နက်ထဲကို မြေပြင်ဝေဟင်က ဝင်ရောက်လာတဲ့ မည်သည့်ကျူးကျော်မှုမျိုးကိုမဆို လုံးဝလက်ခံသွားမှာ မဟုတ်ကြောင်း" ၎င်းက ဆက်လက်ပြောကြားခဲ့သည်။

ဆူခွိုင် ၂၂ သို့မဟုတ် ဆူခွိုင် ၂၄ လေယာဉ်သည် ဆီးရီးယားဘက်အခြမ်း ဂိုလန်ကုန်းမြင့်တစ်နေရာတွင် ပျက်ကျ သွားခဲ့ကြောင်း၊ သို့သော်လည်း လေယာဉ်မှူးများနှင့်ပတ်သက်သည့် အခြေအနေကို ရှင်းရှင်းလင်းလင်းမသိရသေးကြောင်း အစ္စရေးစစ်ဘက်ဆိုင်ရာ ပြောရေးဆိုခွင့်ရှိသူ ဂျွန်နသန်ကွန်ရီးကပ်စ်က သတင်းထောက်များကို ပြောခဲ့သည်။

ဆီးရီးယားဘက်မှ လေယာဉ်သည် တောင်ဘက် ဂိုလန်ကုန်းမြင့်ရှိ အစ္စရေးထိန်းချုပ်ထားသော လေပိုင်နက်ထဲသို့ ၂ ကီလိုမီတာ ၁ ဒသမ ၂၅ မိုင် ခန့်ကျူးကျော်ဝင်ရောက်လာချိန်တွင် ပစ်ချခံရခြင်းဖြစ်ကြောင်း ကွန်ရီးကပ်စ်က ဆက်လက်ပြောကြားသည်။

အစ္စရေးက ဆီးရီးယားစစ်လေယာဉ်တစ်စင်း ပစ်ချခဲ့ခြင်းကို ဆီးရီးယားစစ်ဘက်ဆိုင်ရာက အတည်ပြုခဲ့သည်။ သို့သော်လည်း အစ္စရေးတို့ပစ်ချခဲ့သည့် စစ်လေယာဉ်မှာ ဆီးရီးယားပိုင်နက်အစွန်းတွင် ဂျီဟတ်သောင်းကျန်းသူများရှိ၊ မရှိ စစ်ဆင်ရေးဆောင်ရွက်နေသည့် လေယာဉ်ဖြစ်ကြောင်း ဆီးရီးယားစစ်ဘက်က ပြောကြားခဲ့သည်။

အစ္စရေးစစ်ဘက်က ဆီးရီးယားစစ်လေယာဉ်ကို မျက်ခြည်မပြတ်လေ့လာစောင့်ကြည့်နေခဲ့ပြီး ပက်ထရီယော့ ဒုံးကျည်နှစ်စင်းဖြင့် ပစ်ချခဲ့ကြောင်း ပြောခဲ့သည်။ ၂၀၁၄ခုနှစ်မှစကာလူလိုက်ပါသည့် ဆီးရီးယားစစ်လေယာဉ်ကို အစ္စရေးစစ်ဘက်က ပထမဆုံးအကြိမ်ပစ်ချခဲ့ခြင်းဖြစ်သည်။ **အေအက်ဖ်ပီ**

## တစ်ရက်အတွင်း ပင်လယ်ပြင်မှ ဒုက္ခသည် ၅၀၀ ခန့် စပိန်ကယ်တင်

**မက်ဒရစ် ဇူလိုင် ၂၅**

စပိန်နိုင်ငံကမ်းရိုးတန်းကို ဝင်ရောက်ရန် ကြိုးပမ်းလာသည့် ဒုက္ခသည် ၅၀၀ ခန့်ကို မြေထဲပင်လယ်အတွင်းမှ ကယ်တင်နိုင်ခဲ့ကြောင်း စပိန်ကယ်ဆယ်ရေးအဖွဲ့က အင်္ဂါနေ့တွင်ပြောသည်။ စပိန်နိုင်ငံ ပင်လယ်ရေကြောင်းလုံခြုံရေးအေဂျင်စီက ၎င်းတို့၏ တွစ်တာစာမျက်နှာပေါ်တွင် မော်ရိုကိုမှတစ်ဆင့် စပိန်သို့ဝင်ရောက်ရန် ကြိုးပမ်းကြသော ယာယီလှေအစင်း ၃၀ ပေါ်မှ ဒုက္ခသည် ၄၈၄ ဦးကို ကယ်တင်နိုင်ခဲ့ကြောင်း ရေးသားထားသည်ကိုတွေ့ရသည်။

ယခုနှစ်အစပိုင်းမှ ဇူလိုင် ၁၈ ရက်အတွင်း စပိန်နိုင်ငံကမ်းခြေများသို့ရောက်ရှိနေသော ဒုက္ခသည်အရေအတွက်မှာ ၁၈၆၅၃ ဦးအထိရှိကြောင်း အပြည်ပြည်ဆိုင်ရာ ရွှေ့ပြောင်းသွားလာသူများ အဖွဲ့အစည်းက ပြောသည်။ အဆိုပါဒုက္ခသည်များမှာ ဂီနီ၊ မာလီ၊ မောရီတေးနီးယားနှင့် မော်ရိုကိုနိုင်ငံတို့မှ အများဆုံးဖြစ်သည်။ ယခုနှစ်အတွင်းစပိန်နိုင်ငံသို့ရောက်ရှိရန် ကြိုးပမ်းကြရင်း သေဆုံးခဲ့ရသော ဒုက္ခသည်အရေအတွက်မှာ ၂၉၄ ဦးရှိကြောင်း အပြည်ပြည်ဆိုင်ရာ ရွှေ့ပြောင်းသွားလာသူများ အေဂျင်စီက ပြောသည်။

ဇွန်လအတွင်းကလည်း ပြင်သစ်အင်န်ဂျီအိုအဖွဲ့က ကယ်တင်လာသော ဒုက္ခသည် ၆၃၀ ခန့်ကို စပိန်နိုင်ငံကလက်ခံပေးခဲ့သည်။

ဇူလိုင် ၄ ရက်ကလည်း စပိန်နိုင်ငံပိုင် အင်န်ဂျီအိုသင်္ဘောတစ်စင်းက ဒုက္ခသည် ၆၀ခန့်ကိုကယ်တင်ကာ ဘာစီလိုနာမြို့တွင် ကျောက်ချရပ်နားခဲ့သည်။ အဆိုပါ ဒုက္ခသည်များသည် လစ်ဗျားကမ်းရိုးတန်းမှ ထွက်ခွာလာခဲ့ခြင်းဖြစ်ပြီး အီတလီနိုင်ငံက အဆိုပါ ဒုက္ခသည်များ တင်ဆောင်လာသော သင်္ဘောကို ကမ်းကပ်ခွင့်မပြုခဲ့ခြင်းကြောင့် ဘာစီလိုနာ၌ ကမ်းကပ်ခဲ့ရခြင်းဖြစ်သည်။

**အေအက်ဖ်ပီ**

## နိုင်ငံတကာ သတင်းတိုထွာ

### လပေါင်း ၃၀ အတွင်း တောင်ကိုရီးယား၌ ကလေးမွေးဖွားမှုနှုန်း ဆက်လက်ကျဆင်း

**ဆိုးလ် ဇူလိုင် ၂၅**

တောင်ကိုရီးယားနိုင်ငံ၌ ကလေးမွေးဖွားမှုနှုန်း လပေါင်း ၃၀ အတွင်း ဆက်တိုက်ကျဆင်းခဲ့ရာ လူဦးရေဆိုင်ရာ ခြိမ်းခြောက်မှု ဖြစ်လာခဲ့ကြောင်း ဗုဒ္ဓဟူးနေ့တွင် ထုတ်ပြန်သည့် အစိုးရအစီရင်ခံစာအရသိရသည်။

မေလအတွင်း ကလေးမွေးဖွားမှုနှုန်းမှာ ၂၇၉၀၀ ခန့်ရှိခဲ့ပြီး လွန်ခဲ့သောနှစ်က နှင့်ယှဉ်လျှင် ၇ ဒသမ ၉ ရာခိုင်နှုန်းခန့် ကျဆင်းလာကြောင်း ကိုရီးယားစာရင်းအင်းအချက်အလက်များအရ သိရသည်။

၁၉၈၁ ခုနှစ်အတွင်း စာရင်းအင်းအချက်အလက်အေဂျင်စီမှ အချက်အလက်များ စတင်ကောက်ခံစဉ်ကစ၍ ယခုနှစ်မေလအတွင်း ကလေးမွေးဖွားမှုနှုန်းမှာ အနည်းဆုံးဖြစ်သည်။ ၂၀၁၅ ခုနှစ် ဒီဇင်ဘာမှစ၍ ကလေးမွေးဖွားမှုနှုန်း ဆက်တိုက်ကျဆင်းခဲ့ခြင်း ဖြစ်သည်။

ယင်းကဲ့သို့ ကလေးမွေးဖွားမှုနှုန်း ဆက်တိုက်ကျဆင်းခြင်းကြောင့် လူဦးရေဆိုင်ရာ ခြိမ်းခြောက်မှုတစ်ခုဖြစ်လာခဲ့ပြီး ၂၀၂၈ ခုနှစ်တွင် ကိုရီးယားလူဦးရေမှာ ဆက်လက် ကျဆင်းလာလိမ့်မည်ဟု စာရင်းအချက်အလက် အေဂျင်စီက ခန့်မှန်းထားသည်။ ကလေးမွေးဖွားမှုနှုန်း ကျဆင်းလာသည့်အတွက် ကိုရီးယားနိုင်ငံ၏ စီးပွားရေးကို ထိခိုက်လာနိုင်ပြီး လုပ်သားအင်အားကိုလည်း ထိခိုက်လာစေနိုင်သည်။ ကိုရီးယားနိုင်ငံတွင် အမျိုးသမီးများ အိမ်ထောင်ပြုမှု နောက်ကျခြင်းနှင့် ကလေးမွေးဖွားနိုင်သည့် အသက်အရွယ်ရှိသည့် အမျိုးသမီးအရေအတွက် ကျဆင်းလာခြင်းကြောင့်ဟုလည်းယူဆကြသည်။ **ဆင်ဟွာ**

### ပါကစ္စတန်၌ အထွေထွေရွေးကောက်ပွဲစတင်

**အစ္စလာမ္မာဘတ် ဇူလိုင် ၂၅**

ပါကစ္စတန်နိုင်ငံ၌ တစ်ရက်ကြာ ကျင်းပသည့် အထွေထွေရွေးကောက်ပွဲကို ဗုဒ္ဓဟူးနေ့တွင် စတင်လိုက်ပြီဖြစ်သည်။ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးနှင့် တိုင်းပြည် တည်ငြိမ်ရေးအတွက် လုပ်ဆောင်ပေးနိုင်မည့် အစိုးရသစ်ကိုရွေးချယ်ရန် မျှော်မှန်းချက်ဖြင့် ပြည်သူများသည် မနက်အစောပိုင်းမှစ၍ မဲရုံများသို့ မဲပေးရန် ရောက်ရှိနေကြပြီဖြစ်သည်။

မဲရုံကို နံနက် ၈ နာရီတွင် စတင်ဖွင့်လှစ်ခဲ့ပြီး ညနေ ၆နာရီတွင် မဲရုံပိတ်မည်ဖြစ်သည်။ အောက်လွှတ်တော် အမတ်နေရာ၂၇၂ နေရာအတွက် ပါဝင်ယှဉ်ပြိုင်သူအမတ်လောင်း ၃၄၉၅ ဦး အထိရှိကြောင်း ပါကစ္စတန်ရွေးကောက်ပွဲကော်မရှင်ကပြောသည်။ ခိုင်ဘာ၊ ပန်ဂျပ်၊ ဘလူချီစတန်နှင့် ဆင်းဒ်ပြည်နယ်များတွင် ပြည်နယ်အဆင့် ရွေးကောက်ပွဲအတွက် ၅၇၇ နေရာအတွက် ၈၃၉၆ ဦးပါဝင်ယှဉ်ပြိုင်ကြကြောင်း သိရသည်။ အောက်လွှတ်တော်အတွက် နေရာနှစ်နေရာနှင့်၊ ခရိုင်အဆင့် နေရာခြောက်နေရာအတွက် ရွေးကောက်ပွဲကိုမူ ပါဝင်ယှဉ်ပြိုင်ကြသော ကိုယ်စားလှယ်လောင်းများ သေဆုံးမှုနှင့် အခြားသော အကြောင်းပြချက်များကြောင့် ရွှေ့ဆိုင်းထားရကြောင်း သိရသည်။ **ဆင်ဟွာ**

# အမေရိကန်နဲ့ အီရန်တို့ စစ်ပွဲကိုဦးတည်နေပြီလား

**ချိုးစန္ဒီမွေး**

**လတ်တလော သတင်းစာမျက်နှာတွေမှာ တွေ့နေရတာကတော့ အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်နဲ့ အီရန်သမ္မတ ရိုဟာနီတို့ရဲ့ အပြန်အလှန် ရန်မူစကားတွေပါပဲ။ အီရန်ဘက်ကလည်း သူတို့ကိုရန်စတဲ့အပြုအမူမျိုးကို လက်မခံဘူးလို့ ကြွေးကြော်ခဲ့သလို အမေရိကန်ဘက်ကလည်း လုံးဝသည်းခံနေမှာ မဟုတ်ဘူးလို့ ပြန်လည်တုံ့ပြန်မှုမျိုးတွေ တွေ့နေရပါတယ်။ နှစ်နိုင်ငံဆက်ဆံရေးကတော့ အတော်လေးဆိုးလာပါတယ်။ ဒီတော့ ပါရှန်ပင်လယ်ကွေ့နိုင်ငံတစ်ခုနဲ့ အမေရိကန်တို့ စစ်ဖြစ်တော့မှာလားဆိုပြီး စိုးရိမ်မှုတွေများလာကြပါတယ်။**





ပါရှန်ပင်လယ်ကွေ့ နိုင်ငံတွေဆိုတာလည်း ကမ္ဘာ့ရေနံအသုံးပြုမှုအတွက် အဓိကကျတဲ့နေရာက ပါဝင်နေပါတယ်။ ရေနံပေါကြွယ်ဝတဲ့ နိုင်ငံတွေဆိုလည်း မမှားပါဘူး။

**အပြန်အလှန်ခြိမ်းခြောက်နေကြ**

လွန်ခဲ့တဲ့ညကလည်း သမ္မတထရန့်ဟာ သူ့ရဲ့တွစ်တာစာမျက်နှာပေါ်ကနေ အကယ်၍ အီရန်ကသာ အမေရိကန်ကို ခြိမ်းခြောက်လာပါက မမျှော်မှန်းနိုင်တဲ့ နောက်ဆက်တွဲအကျိုးဆက်တွေ ဆက်လက်ခံစားရမယ် လို့ရေးသားထားပါတယ်။ ဒါကိုကြည့်ရင် နှစ်နိုင်ငံကြားဆက်ဆံရေး အလွန်ဆိုးရွားနေပြီဆိုတာကို သိနိုင်ပါတယ်။ ရေနံထောက်ပံ့ရရှိနိုင်မှုမှာ အနှောင့်အယှက် အဟန့်အတားတွေ ပေါ်လာနိုင်တယ်လို့ စိုးရိမ်မှုတွေရှိလာတဲ့ နောက်မှာတော့ ရေနံဈေးဟာလည်း ခုန်တက်သွားခဲ့ပါတယ်။

လက်ရှိ အမေရိကန်သမ္မတနဲ့ အီရန်သမ္မတတို့ အပြန်အလှန် ခြိမ်းခြောက်နေကြတာကို ကြည့်ပြီး အီရန်နိုင်ငံရေး သုတေသီတွေကတော့ ထရန့်ဟာ ခြိမ်းခြောက်နေရုံ သက်သက်ပဲလို့ ကောက်ချက် ချထားကြပါတယ်။ နှစ်ဖက်စလုံးမှာ ဘယ်ဘက်ကမှစစ်ပွဲတွေဖြစ်ပွားဖို့ ဆန္ဒမရှိဘူးလို့ ဝါရှင်တန်မှာရှိတဲ့ နိုင်ငံရေးဆိုင်ရာပြဿနာ အဖြေရှာရေးအဖွဲ့ဖြစ်တဲ့ ယူရေးရှားအုပ်စုမှ ဥက္ကဋ္ဌဖြစ်သူ ကလစ် ကပ်ချန်ကပြောပါတယ်။ နှစ်ဖက်စလုံးက စစ်ပွဲကို အလိုမရှိပေမယ့် အီရန်ကတော့ အန္တရာယ်ကြီးတဲ့ သားကောင်နဲ့ ကစားနေတာလို့ ပြောပါတယ်။

**ဖန်တီးမှုတစ်ရပ်လေလား**

သမ္မတထရန့်ရဲ့ အစိုးရအဖွဲ့ကို ကြည့်မယ်ဆိုရင် သမ္မတဘေးမှာ လက်ယာယိမ်းတွေ ကြီးစိုးနေတာကို တွေ့ရတယ်။ အထူးသဖြင့်တော့ သမ္မတရဲ့ အမျိုးသားလုံခြုံရေး အကြံပေးဂျွန်အာဘော့တွန်ဖြစ်ပြီး သူ့ရဲ့နိုင်ငံခြားရေး ဝန်ကြီးဖြစ်တဲ့ မိုက်ပွန်ပီအိုကလည်း အီရန်နိုင်ငံမှာ အစိုးရအပြောင်းအလဲဖြစ်တာကို အလိုရှိတဲ့ လူတစ်ယောက်ပဲ ဖြစ်ပါတယ်။

ဒါ့အပြင် မိုက်ပွန်ပီအိုဟာ ၂၀၁၅ ခုနှစ် အီရန်နျူကလီးယား သဘောတူစာချုပ်ကနေ အမေရိကန် နုတ်ထွက်သွားတာကို ကျေနပ်နေသူလည်းဖြစ်တယ်။ နောက်ပြီးတော့ မစ္စတာထရန့်ဟာ အခုလို အီရန်ကို ခြိမ်းခြောက်မှုတွေ ပြုလုပ်နေတာဟာဆိုရင် အီရန်ခေါင်းဆောင်တွေ သူနဲ့ လာပြီးညှိနှိုင်းဖို့အတွက် ဖန်တီးနေတာပဲ ဖြစ်တယ်လို့လည်း နိုင်ငံရေးသုတေသီ အချို့က ယူဆကြပါတယ်။

**အတိတ်ကာလဆက်ဆံရေး**

အတိတ်ကာလက အီရန်နဲ့ အမေရိကန် ဆက်ဆံရေးကို ပြန်ကြည့်မယ်ဆိုရင် အလွန်ကောင်းမွန်ခဲ့တာကိုတော့ တွေ့ရမှာမဟုတ်ပါဘူး။ ၁၉၇၉ခုနှစ်မှာအမေရိကန် ကျောထောက်နောက်ခံပြုထားတဲ့ အီရန်ဘုရင်ကို အစ္စလမ္မစ်တော်လှန်ရေးတပ်တွေက ဖြုတ်ချပြီးတဲ့နောက်မှာတော့ ဆက်ဆံရေးဆိုးရွားလာခဲ့ပါတယ်။ အီရန်မှာ အမေရိကန်သံတော်နှစ်မြုပ်ခဲ့ရပြီးတဲ့နောက် ၁၉၈၈ ဧပြီလမှာ အီရန်စစ်သင်္ဘောနှစ်စင်းကို အမေရိကန်ရေတပ်က နှစ်မြုပ်လိုက်ပါတယ်။ နောက်ထပ်သုံးလအကြာမှာ အီရန်စစ်လေယာဉ်နဲ့မှားပြီး အီရန်လေယာဉ်တစ်စင်းကို အမေရိကန်ဘက်က ပစ်ချလိုက်ပါတယ်။ အဲဒီအတွက် လေယာဉ်ပေါ်ပါခရီးသည် ၂၉၀ သေဆုံးခဲ့ရပါတယ်။ ဒါတွေကတော့ အီရန်နဲ့ အမေရိကန်ကြားက အတိတ်ကာလ ဖြစ်ရပ်ဆိုးတွေပါ။ ဒါပေမယ့် သမ္မတအိုဘားမားလက်ထက်မှာ အတော်လေး အဆင်ပြေလာတာကို တွေ့ရပြီး အီရန်နျူကလီးယား သဘောတူညီမှုကိုလည်း ချုပ်ဆိုနိုင်ခဲ့ပါတယ်။

နောက်ထပ် ပြဿနာတွေကတော့ ထရန့်သမ္မတ ဖြစ်လာမှစတာပါ။ ထရန့် အမေရိကန်သမ္မတဖြစ်လာခဲ့တဲ့အခါမှာတော့ အရင်က မပြေလည်ခဲ့တာတွေဟာ ပိုလို့ ဆိုးလာခဲ့ပါတယ်။

**စီးပွားရေးပိတ်ဆို့မှုပြုလုပ်ရန်ပြင်ဆင်**

အရှေ့အလယ်ပိုင်းဒေသမှာဆိုရင် အစ္စရေး၊ ဆော်ဒီတို့ကို အမေရိကန်ရဲ့ အရင်းနှီးဆုံး မဟာမိတ်တွေလို့သတ်မှတ်ထားခဲ့ပြီး နျူကလီးယားပိုင်ဆိုင်ဖို့ ကြိုးစားနေတဲ့ အီရန်အပေါ်မှာတော့ ဘယ်လိုမှ အမြင်မကြည်နိုင်ပါဘူး။ ၂၀၁၅ အီရန် နျူကလီးယားသဘောတူစာချုပ်ကနေ နုတ်ထွက်ပြီးတဲ့နောက်မှာတော့ အီရန်အပေါ် စီးပွားရေးပိတ်ဆို့မှုတွေ ပြုလုပ်ဖို့ အမေရိကန်က ပြင်ဆင်ပါတော့တယ်။ ဒါတွေတင်မကသေးပါဘူး။ အီရန်နိုင်ငံက ရေနံတွေကိုပါ မဝယ်ဖို့ တခြားသောတိုင်းပြည်တွေကို လိုက်လံပိတ်ပင်နေပါတယ်။

ရေနံဆိုတာကလည်း အီရန်နိုင်ငံရဲ့ အဓိက တင်ပို့ကုန်ပစ္စည်းတစ်ခုဖြစ်ပါတယ်။ ဒါတွေအပြင် အီရန်က အမေရိကန်ကို ခရီးသွားလာခွင့်ပိတ်ပင်တာမျိုးတွေ လုပ်ထားပါသေးတယ်။ အီရန်ဗဟိုဘဏ်အကြီးအကဲကိုလည်း အမေရိကန်က အမည်ပျက်စာရင်းသွင်းထားတယ်။ အမေရိကန်ဘက်က ရေနံပိတ်ဆို့ဖို့ ကြိုးစားတာဟာဆိုရင် အီရန်ခေါင်းဆောင်တွေကို စိတ်အနှောင့်အယှက်ပေးနိုင်တာကတော့ အမှန်ပါ။ တကယ်လို့ အီရန်ရဲ့ ရေနံတွေကိုသာ ပိတ်ဆို့လိုက်မယ်ဆိုရင် ရေနံဈေးကွက်ကိုလည်း ဂယက်ရိုက်လာနိုင်ပါတယ်။

**ထိလွယ်ရှလွယ်သည့်အခြေအနေ**

တနင်္ဂနွေနေ့ကလည်း အီရန်သမ္မတ ရိုဟာနီဟာ တီဟီရန်မြို့မှာ သံတမန်တွေနဲ့တွေ့ဆုံပြီး အမေရိကန်က အီရန်ကို ရန်စတာဟာ စစ်ပွဲတွေအားလုံးရဲ့အရင်းအမြစ်ပဲဆိုပြီး ပြောခဲ့ပါတယ်။ အဲဒီနောက်မှာတော့ ချက်ချင်းဆိုသလို ထရန့်ကလည်း တွစ်တာစာမျက်နှာကနေ တစ်ဆင့် တုံ့ပြန်ခဲ့ပါတယ်။ အခုအချိန်မှာ အမေရိကန်နဲ့ အီရန်ဆက်ဆံရေးဟာ ထိလွယ်ရှလွယ်တဲ့ အခြေအနေဖြစ်နေပါတယ်။

အီရန်ခေါင်းဆောင်တွေဟာ အမေရိကန်ရဲ့ ဖိအားကို ဘယ်လောက်အတိုင်းအတာထိခံနိုင်မလဲဆိုတာကို သံသယရှိတယ်လို့ အီရန်အရေး နှစ်ပေါင်းများစွာ လေ့လာထားသူတွေက ပြောပါတယ်။ တချို့တွေကလည်း အမေရိကန်က အီရန်နိုင်ငံရဲ့အစွမ်းကို လျှော့တွက်ထားတယ်လို့ ဝေဖန်ကြပါတယ်။ ဒီတော့ ထရန့်ရဲ့အစီအစဉ်တွေဟာ တကယ်ပဲ အောင်မြင်ပါ့မလား။

**အတိတ်ကာလစစ်ပွဲများ**

အတိတ်ကိုပြန်ကြည့်ရင် အမေရိကန်ဟာ စစ်ရေးအရပါဝင်ခဲ့တာတွေ အများကြီးပါ။ အီရတ်မှာ ဆက်ဒမ်ဟူစိန်ကိုဖြုတ်ချခဲ့ပြီး အာဖဂန်မှာလည်း တာလီဘန်အစိုးရကိုဖြုတ်ချခဲ့ပါတယ်။ ဒီတော့ အီရန်မှာလည်း စစ်ရေးအရ ကျူးကျော်မှုမရှိနိုင်ဘူးလို့ ဘယ်သူမှ မပြောနိုင်ပါဘူး။

လွန်ခဲ့တဲ့နှစ်ကလည်း အမေရိကန်ဟာ စစ်အသုံးစရိတ် ၆၀၀ ဘီလီယံအထိ အသုံးပြုထားပါတယ်။ စစ်ရေးအရ နှိုင်းယှဉ်ကြည့်မယ်ဆိုရင် အမေရိကန်နဲ့ အီရန်တို့ ကွာခြားမှုတွေကတော့အများကြီးပါ။ ဒါတွေကိုကြည့်ပြီးတော့ အမေရိကန်ဟာ အီရန်ကို ကျူးကျော်မှုပြုလုပ်လိမ့်မယ်လို့တော့ တထစ်ချပြောလို့ မရသေးပါဘူး။ ထရန့်ကိုယ်တိုင်ကလည်း နောက်ထပ် စစ်ပွဲမှာပါဝင်တာမျိုး မလုပ်ချင်ဘူးလို့ ပြောပြီးသားပါ။

**အကျိုးမရှိတဲ့စစ်ပွဲ**

စစ်ပွဲဖြစ်လာခဲ့ရင်လည်း ဘယ်သူ့အတွက်မှ အကျိုးမရှိပါဘူးလို့ ဝါရှင်တန်အခြေစိုက် လေ့လာရေးအုပ်စုဖြစ်တဲ့ အတ္တလန်တစ်ကောင်စီက ညွှန်ကြားရေးမှူး ဘာဘရာ ဆယ်ဗင်ကပြောပါတယ်။ စီးပွားရေးလောကက သမ္မတဖြစ်လာတဲ့ ထရန့်ဟာလည်း အမေရိကန်အတွက် အကျိုးမရှိတဲ့ စစ်ပွဲမျိုးကို ဖန်တီးချင်မှာမဟုတ်ပါဘူး။ ဒီတော့လတ်တလောမှာ ရန်လိုတဲ့ အရိပ်အယောင်တွေ ပြနေပေမယ့် နှစ်ဖက်စလုံးဟာ စစ်ဖြစ်မယ့်အနေအထားမှာ မရှိသေးပါဘူး။ ဒါပေမယ့် တစ်ဖက်နဲ့တစ်ဖက် ရန်လိုနေကြတာကတော့ ရေရှည်မှာ မကောင်းပါဘူး။ ဒီတော့ နှစ်ဦးနှစ်ဖက် ဆွေးနွေးညှိနှိုင်း အဖြေရှာမှုကနေ ပြေလည်သွားကြရင်တော့ အကောင်းဆုံးနည်းလမ်းဖြစ်မှာပါ။ ။

**ကိုးကား -နယူးယောက်တိုင်းမ်စ်**

> **“အတိတ်ကိုပြန်ကြည့်ရင် အမေရိကန်ဟာ စစ်ရေးအရပါဝင်ခဲ့တာတွေ အများကြီးပါ။ အီရတ်မှာ ဆက်ဒမ်ဟူစိန်ကို ဖြုတ်ချခဲ့ပြီး အာဖဂန်မှာလည်း တာလီဘန်အစိုးရကို ဖြုတ်ချခဲ့ပါတယ်။ ဒီတော့ အီရန်မှာလည်း စစ်ရေးအရ ကျူးကျော်မှုမရှိနိုင်ဘူးလို့ ဘယ်သူမှမပြောနိုင်”**

# မွန်ပြည်နယ်နှင့် ကရင်ပြည်နယ်ရှိ ရေဘေးသင့်ဒေသများသို့ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီက သွားရောက်ထောက်ပံ့

ဘားအံ ဇူလိုင် ၂၅

**အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီအတွင်းရေးမှူး၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် မွန်ပြည်နယ်နှင့် ကရင်ပြည်နယ်အတွင်း ဇူလိုင် ၂၂ ရက်မှစ၍ နေ့စဉ်မိုးရေချိန် ၇ လက်မခန့် ရွာသွန်းမှုကြောင့် ရေကြီးရေလျှံမှုများဖြစ်ပေါ်လျက်ရှိပြီး ပြည်သူများ ရေဘေးရှောင်နေရမှုကြောင့် ဇူလိုင် ၂၄ ရက် ညနေပိုင်းတွင် ရေဘေးသင့်ဒေသများသို့ သွားရောက်၍ တွေ့ဆုံအားပေးထောက်ပံ့မှုများ ဆောင်ရွက်ခဲ့သည်။**



ရှေးဦးစွာ မွန်ပြည်နယ် ဘီးလင်းမြို့နယ် သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲမှုအဖွဲ့၊ အဖွဲ့ဝင်များ၊ မြို့မိမြို့ဖများနှင့် ည ၉ နာရီတွင် တွေ့ဆုံ၍ ရေကြီးရေလျှံမှုဖြစ်ပေါ်မှုအခြေအနေ၊ ရေဘေးကြောင့် ပျက်စီးဆုံးရှုံးမှုအခြေအနေ၊ ဒေသ၏ လူမှုကာကွယ်စောင့်ရှောက်ရေးနှင့် ဘေးအန္တရာယ်လျော့ပါးရေးဆိုင်ရာ လိုအပ်ချက်များအခြေအနေ၊ မြစ်ကူးချောင်းကူးကျောင်းတက်နေရသည့် ကလေးငယ်များအတွက် အသက်ကယ်အင်္ကျီလိုအပ်မှုအခြေအနေ၊ ကျေးရွာချင်းဆက်ချောင်းကူးတံတားပျက်စီးမှုအား အရေးပေါ်ပြုပြင်ရန် လိုအပ်မှုအခြေအနေတို့ ဆွေးနွေးသည်။

ထို့နောက် ဘီးလင်းမြို့ ပြင်သာရေဘေးရှောင်စခန်းနှင့် အမက(၂) ကန်သာယာ ရေဘေးရှောင် စခန်းတို့တွင် ရောက်ရှိခိုလှုံနေသော ဒေသခံပြည်သူ ၂၅၉ စု၊ လူဦးရေ ၁၀၄၃ ဦးအတွက် ဆန်ရိက္ခာဖိုး ခုနစ်ရက်စာနှင့် စားသုံးဆီ၊ ငါးသေတ္တာ၊ ခေါက်ဆွဲခြောက်၊ ကလေးများအတွက် ပဲနို့နှင့် မုန့် စုစုပေါင်း တန်ဖိုးငွေကျပ် ကိုးသိန်းကျော်အား ထောက်ပံ့ပေးအပ်သည်။

ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် ယနေ့နံနက်ပိုင်းတွင် ကရင်ပြည်နယ် ဘားအံမြို့ ပြည်နယ်အစိုးရအဖွဲ့ အစည်းအဝေးခန်းမ၌ ပြည်နယ်ဝန်ကြီးချုပ် ဒေါ်နန်းခင်ထွေးမြင့်၊ ပြည်နယ်အစိုးရအဖွဲ့ဝင်များနှင့် တွေ့ဆုံကာ ဒေသ၏လိုအပ်ချက်နှင့် ပြည်ထောင်စုအဆင့်မှ ပံ့ပိုးဆောင်ရွက်ပေးရန် လိုအပ်မည့်အခြေအနေများအား ဆွေးနွေးညှိနှိုင်းသည်။ ထို့နောက် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီရန်ပုံငွေမှ ပြည်နယ်သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုရန်ပုံငွေသို့ လွှဲပြောင်းပေးအပ်ငွေကျပ်သိန်း ၁၀၀၀ နှင့် ပြည်နယ်အတွင်းရှိ ဘားအံ၊ လှိုင်းဘွဲ့၊ ကော့ကရိတ်၊ မြဝတီမြို့များမှ ရေဘေးရှောင်အိမ်ထောင်စု ၃၅၀၉ စု၊ လူဦးရေ ၁၆၇၉၂ ဦးအတွက် ဆန်ရိက္ခာဖိုးငွေတို့အား ပေးအပ်သည်။

ယင်းနောက် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီရန်ပုံငွေဖြင့် ဆောက်လုပ်ထားသည့် ဆိုင်ကလုန်းရှယ်လ်တာနှင့် ဘားအံမြို့ မိုးလုံလေလုံအားကစားခန်းမတို့တွင် ယာယီရောက်ရှိနေသည့် ရေဘေးရှောင်ပြည်သူများအား ရင်းရင်းနှီးနှီးတွေ့ဆုံ၍ စားသုံးဆီ၊ ငါးသေတ္တာ၊ ကြက်ဥ၊ ခေါက်ဆွဲခြောက်နှင့် ကလေးငယ်များအတွက် မုန့်များထောက်ပံ့ခြင်း၊ မွေးကင်းစ မိခင်များအတွက် လူမှုကာကွယ်စောင့်ရှောက်ရေး ထောက်ပံ့ငွေပေးအပ်ခြင်းတို့အား ဆောင်ရွက်ခဲ့သည်။

ဆက်လက်၍ လှိုင်းဘွဲ့မြို့သို့ ထွက်ခွာပြီး အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှု ကော်မတီရန်ပုံငွေဖြင့် ဆောက်လုပ်ထားသည့် ဆိုင်ကလုန်းရှယ်လ်တာနှင့် မူကြိုကျောင်းတို့တွင် ရောက်ရှိနေသည့် ရေဘေးရှောင်ပြည်သူများအား နှုတ်ဆက်အားပေးစကားပြောကြား၍ စားနပ်ရိက္ခာနှင့် ဆန်ဖိုးငွေများထောက်ပံ့ကာ ဆေးရုံတက်မွေးကင်းစမိခင်များအတွက် လူမှုကာကွယ်စောင့်ရှောက်ရေးထောက်ပံ့ငွေ ပေးအပ်သည်။

ကရင်ပြည်နယ်အတွင်းရှိ ရေဘေးရှောင်ပြည်သူများအတွက် ယနေ့အထိ ထောက်ပံ့မှုမှာ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီရန်ပုံငွေမှ ငွေကျပ်သိန်း ၁၀၀၀၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ အရေးပေါ်စားနပ်ရိက္ခာ ထောက်ပံ့ငွေကျပ် ၂၉၅ သိန်းကျော်၊ ရေဘေးရှောင်စခန်းများရှိ မွေးကင်းစမိခင်များအတွက် လူမှုကာကွယ်စောင့်ရှောက်ရေး ထောက်ပံ့ငွေကျပ် ၃ ဒသမ ၆ သိန်း၊ ရေသန့်ဆေးမှုန့်အထုပ်တစ်သောင်း၊ ဓာတ်ဆားထုပ် ငါးသောင်း၊ ရေတွင်းများရှိ ရေဆိုးများ စုပ်ထုတ်ရန် ရေစုပ်စက်ငါးလုံး ထောက်ပံ့ပေးခဲ့ပြီး ကရင်ပြည်နယ်ရှိ အခြားရေဘေးရှောင်စခန်းများသို့လည်း ဆက်လက်သွားရောက် အားပေးထောက်ပံ့သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# မြန်မာနိုင်ငံတစ်ဝန်း ရေကြီးရေလျှံမှုများဖြစ်ပေါ်၊ ကူညီကယ်ဆယ်မှုများ ဆောင်ရွက်လျက်ရှိ

**နေပြည်တော် ဇူလိုင် ၂၅**

ဇူလိုင်လအတွင်း မိုးသည်းထန်စွာ ရွာသွန်းမှုများကြောင့် စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ မွန်ပြည်နယ်၊ ကရင်ပြည်နယ်၊ တနင်္သာရီတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် ပဲခူးတိုင်းဒေသကြီးတို့တွင် ရေကြီးရေလျှံမှုများ ဖြစ်ပွားလျက် ရှိရာ ဇူလိုင် ၉ ရက်မှ ၂၅ ရက်အထိ အိမ်ထောင်စု ၄၆၀၀ ကျော်၊ လူဦးရေ ၂၁၀၀၀ ကျော်တို့သည် ရေဘေးရှောင်စခန်းများ၊ တာပေါင်များ၊ နီးစပ်ရာဆွေမျိုးနေအိမ်များသို့ ခေတ္တတိမ်းရှောင်ခဲ့ရသည်။

အဆိုပါ ရေဘေးသင့်ဒေသများတွင် ကူညီကယ်ဆယ်ရေးလုပ်ငန်းများကို နိုင်ငံတော်နှင့် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ၏ လမ်းညွှန်ကြီးကြပ်မှုဖြင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနသည် သက်ဆိုင်ရာ တိုင်းဒေသကြီး / ပြည်နယ် အစိုးရအဖွဲ့များ၊ ဒေသခံလူမှုရေးအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိပြီး လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနအနေဖြင့် ငွေကျပ် ၄၀၀ သိန်းကျော်တန်ဖိုးရှိ စားနပ်ရိက္ခာ၊ အိမ်ဆောက်ပစ္စည်းဖိုးနှင့် ကယ်ဆယ်ရေးပစ္စည်းများအား ထောက်ပံ့ပေးခဲ့သည်။

လက်ရှိအခြေအနေအရ အချို့နေရာများတွင်ရေများပြန်လည်ကျဆင်းလျက်ရှိရာ မူလနေရာများသို့ ပြန်လည်ပြောင်းရွှေ့လျက်ရှိပြီး ဇူလိုင် ၂၅ ရက် အခြေအနေအရ ကယ်ဆယ်ရေးစခန်း ၆၇ ခုတွင် အိမ်ထောင်စု ၄,၂၀၀ ကျော်၊ လူဦးရေ ၁၉၀၀၀ ကျော်တို့ ဆက်လက်နေထိုင်လျက်ရှိကြောင်း သိရသည်။

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနအနေဖြင့် သက်ဆိုင်ရာ တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့များနှင့် ပူးပေါင်းကာ လိုအပ်သည့် ထောက်ပံ့ကူညီမှုများ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ဂျိုင်း-ကော့ကရိတ် ယာယီဗေတံတား ချဉ်းကပ်လမ်းတွင် ရေလေးပေခွဲခန့် ရေကျော်၍ ယာဉ်များစောင့်ဆိုင်းနေရသဖြင့် လမ်းပိတ်ဆို့မှုများဖြစ်ပေါ်

**ဘားအံ ဇူလိုင် ၂၅**

ဂျိုင်း( ကော့ကရိတ်) ယာယီဗေတံတား ချဉ်းကပ်လမ်းတွင် ရေလေးပေခွဲခန့် ရေကျော်နေ၍ ၁၃ တန်အထက် ယာဉ်ကြီးများအားလုံး ယာယီဗေတံတားမှ ဖြတ်သန်း၍ မရသဖြင့် အာရှလမ်းတစ်လျှောက်တွင် ကုန်ကားကြီးများ ရာနှင့်ချီကာ စောင့်ဆိုင်းနေကြရသဖြင့် ကုန်စည်စီးဆင်းမှုနှင့် ပြည်တွင်း၊ ပြည်ပ ခရီးသွားလုပ်ငန်းများကိုပါ ထိခိုက်စေနိုင်ကြောင်း ကုန်တင်ယာဉ်မောင်းများထံမှ သိရသည်။

“အာရှလမ်းတစ်လျှောက် ကော့ကရိတ်အထွက်ကစပြီး လမ်းတစ်လျှောက်လုံး ဗေတံတားဖြတ်လို့ရမယ့်အချိန်ကို စောင့်နေကြတဲ့အတွက် လမ်းကတစ်လမ်းမောင်းလိုဖြစ်နေတယ်။ ကြိုးတံတားပေါ်က အခုဆို ကတ္တားချိန်တွယ်တာရောဆိုတော့ ကြိုးတံတားပေါ်ကဖြတ်မယ့် ယာဉ်ငယ်တွေနဲ့ အိမ်စီးကားတွေဆို မွန်းလွဲပိုင်းကစပြီး ကျုံဒိုးမြို့ထဲမှာ ပိတ်မိနေတာ နောက်တစ်ရက်ကူးသွားပြီး ဇူလိုင် ၂၅ ရက် နံနက် ၁ နာရီခွဲကျော်လောက်မှ ထွက်လို့ရတယ်။ ဒီပုံစံနဲ့ဆို ကြာလာရင် ကုန်စည်စီးဆင်းမှုနဲ့ ပြည်တွင်း၊ ပြည်ပခရီးသွားလုပ်ငန်းတွေကိုပါ ထိခိုက်စေနိုင်ပါတယ်” ဟု မြဝတီမြို့မှ ဘားအံမြို့သို့ ကိုယ်ပိုင်ယာဉ်ဖြင့် ဆင်းလာသည့် ယာဉ်မောင်းဖြစ်သူတစ်ဦးက ပြောသည်။

အဆိုပါ ယာယီဗေတံတား၌ လူစီးယာဉ် (Express)များအနေဖြင့် (ယာဉ်+ကုန်) ၁၃ တန်ချိန် တင်ဆောင်လာပါက ကြိုးတံတားပေါ်မှ ခရီးသည်များ လမ်းဆင်းလျှောက်သောစနစ်ဖြင့် ယာဉ်များအား ဖြတ်သန်းခွင့်ပြုထားကြောင်းသိရပြီး ကြိုးတံတားပေါ်မှ ဖြတ်သန်းမည့်ယာဉ်များကို တာဝန်ရှိသူများက ကတ္တားပေါ်တက်စေပြီး တိုင်းတာစစ်ဆေးပြီးမှ စေလွှတ်လျက်ရှိကြောင်း လမ်းဦးစီးဌာနမှ သိရသည်။

**မင်းသူ၊ ထွန်းထွန်းထွေး(ဘားအံ)**

# ကျုံဒိုးမြို့၌ မိုးအဆက်မပြတ်ရွာသွန်းပြီး ရေဝင်နေမှုကြောင့် ကယ်ဆယ်ရေးစခန်းသုံးခုဖွင့်လှစ်ထား

**ကော့ကရိတ် ဇူလိုင် ၂၅**

ကရင်ပြည်နယ် ကော့ကရိတ်မြို့နယ် ကျုံဒိုးမြို့၌ ဇူလိုင် ၂၄ ရက်က မိုးများအဆက်မပြတ်ရွာသွန်းမှုကြောင့် နေအိမ်များ ရေဝင်ရောက်လျက်ရှိရာ ရေဘေးကယ်ဆယ်ရေးစခန်းသုံးခု ဖွင့်လှစ်ထားရကြောင်း သိရသည်။



ရေဘေးကယ်ဆယ်ရေး စခန်းများဖြစ်သည့် ဓမ္မသုခ ဘုန်းတော်ကြီးကျောင်း၌ အိမ်ထောင်စု ၁၆ စုလူဦးရေ ၇၇ ဦး၊ အမက(၆) ရေဘေးကယ်ဆယ်ရေးစခန်း၌ အိမ်ထောင်စု ၄၀ လူဦးရေ ၂၁၄ ဦး၊ ကျုံဒိုးမြို့ စပါးဂိုဒေါင်တွင် အိမ်ထောင်စု ၃၃ စု လူဦးရေ ၁၇၄ ဦး စုစုပေါင်းလူဦးရေ ၄၆၅ ဦးတို့အား ရေဘေးကယ်ဆယ်ရေးစခန်းများသို့ ကယ်ဆယ်ထားရကြောင်း သိရသည်။

အဆိုပါ ရေဘေးကြုံတွေ့နေရသူများအား ကော့ကရိတ်မြို့နယ် အုပ်ချုပ်ရေးမှူး ဦးရာဇာအေး၊ စည်ပင်သာယာရေးအမှုဆောင်အရာရှိ ဦးခင်မောင်ချိုနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက ခေါက်ဆွဲခြောက် ၄၆ ဖာ နှင့် သောက်သုံးရေသန့်များ၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာနမှ အိမ်ထောင်စုခြောက်စုအတွက် ရိက္ခာခုနစ်ရက်စာ၊ အမှတ်(၁၂) စစ်ဆင်ရေးကွပ်ကဲမှုဌာနချုပ်မှ စစ်ဦးစီးပထမတန်း ဒုတိယဗိုလ်မှူးကြီး မင်းထင်အောင်နှင့် အရာရှိစစ်သည်များက ထမင်းထုပ်များနှင့် ဆေးတပ်မှ ဆေးတပ်ဖွဲ့ဝင်များက လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှုများကိုလည်း ပေးအပ်ခဲ့ကြသည်။ **(ဓါတ်ပုံ)**

မိုးအဆက်မပြတ်ရွာသွန်းမှုကြောင့် ကော့ကရိတ်မြို့နယ် ဟောင်သရောမြစ်သည် မြစ်ရေချိန် ၅၂၂ စင်တီမီတာ၊ စိုးရိမ်ရေမှတ်မှာ ၅၅၀ နှင့် ကျုံဒိုးမြို့ရှိ ဂျိုင်း မြစ်ရေချိန် ၅၄၀ စင်တာမီတာ စိုးရိမ်ရေမှတ်မှာ ၅၇၀ စင်တီမီတာဖြစ်ကြောင်း သိရသည်။

**စိုးထက်အောင်(ပြန်/ဆက်)**

# မြစ်ဖြတ်ကူး၍ ကျောင်းတက်နေသော ကျောင်းသားများအား အသက်ကယ် အင်္ကျီများထောက်ပံ့ပေးအပ်

**မြဝတီ ဇူလိုင် ၂၅**

မြဝတီမြို့ရှိစာသင်ကျောင်းများသို့ မြန်မာ-ထိုင်းနယ်စပ် သောင်ရင်းမြစ်ကို စက်လှေများဖြင့် ဖြတ်ကျော်ကာနေ့စဉ် ကျောင်းတက်နေကြသည့် ထိုင်းနိုင်ငံအတွင်း အလုပ်လုပ်ကိုင်နေကြသော မြန်မာရွှေ့ပြောင်းအလုပ်သမားများ၏ ကလေးငယ်များအား အသက်ကယ်အင်္ကျီများ ထောက်ပံ့ပေးနိုင်ခဲ့ကြောင်း သိရသည်။

“မြဝတီမြို့မှာ လာပြီးကျောင်းတက်နေကြတဲ့ မြန်မာရွှေ့ပြောင်းအလုပ်သမားတွေရဲ့ ကလေးတွေကို အခုနှစ်မှာတော့ မြဝတီကလွှတ်တော်ကိုယ်စားလှယ်တွေ၊ မြဝတီက ဌာနဆိုင်ရာတွေ၊ NGO အဖွဲ့အစည်းတွေနဲ့ အလှူရှင်တွေပေါင်းစပ်ပြီး ကျောင်းသွား ကျောင်းပြန် စက်လှေစီးတဲ့အခါရုတ်တရက် ဘေးအန္တရာယ်တွေဖြစ်ပေါ်ခဲ့ရင် အသက်အန္တရာယ်မရှိစေဖို့ ကလေးတွေကို အသက်ကယ်အင်္ကျီတွေ ဝတ်ဆင်ပေးနိုင်ခဲ့ပါပြီ”ဟု အထက(၂) ကျောင်းအုပ်ကြီး ဦးမိုးကျော်က ပြောသည်။

ထိုင်းနိုင်ငံ သောင်ရင်းမြစ်အနီး စက်ရုံများတွင် အလုပ်လုပ်နေကြသည့် မြန်မာရွှေ့ပြောင်းအလုပ်သမားများ၏ ကလေးငယ်များမှာ သောင်ရင်းမြစ်ကို စက်လှေများဖြင့် ဖြတ်ကျော်လျက် မြဝတီမြို့ပေါ်ရှိ ကျောင်း ၁၀ ကျောင်းခန့်တွင် စုစုပေါင်း ၁၂၀ ခန့် လာရောက်ပညာသင်ကြားလျက်ရှိကြောင်း သိရသည်။

**ထိန်လင်းအောင်(ပြန်/ဆက်)**

# မှတ်သားဖွယ်ရာ မိုးရေချိန်များ

**နေပြည်တော် ဇူလိုင် ၂၅**

မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ မြောက်ဦးမြို့တွင် ၉ ဒသမ ၂၉ လက်မ၊ ဇောင်းတူမြို့တွင် ၇ ဒသမ ၇၉ လက်မ၊ မောင်တောမြို့တွင် ၇ ဒသမ ၁၃ လက်မ၊ ကျောက်တော်မြို့တွင် ၆ ဒသမ ၇၃ လက်မ၊ အမ်းမြို့တွင် ၆ ဒသမ ၂၆ လက်မ၊ သိမ်ဇရပ်မြို့တွင် ၆ ဒသမ ၀၂ လက်မနှင့် ကျိုက္ခမီမြို့တွင် ၄ ဒသမ ၅၇ လက်တို့ဖြစ်ကြသည်။ **မိုး/ဇလ**

# ကြာအင်းဆိပ်ကြီးမြို့ပေါ် ရေဘေးရှောင်ပြည်သူများကို အစားအသောက်များ ထောက်ပံ့ပေးလျက်ရှိ

**ကြာအင်းဆိပ်ကြီး ဇူလိုင် ၂၅**

ကရင်ပြည်နယ် ကြာအင်းဆိပ်ကြီးမြို့နယ်တွင် ယနေ့ချိန်ထိ မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ဇမိမြစ်ရေလျှံကာ အမှတ်(၆)ရပ်ကွက်ရှိ မြေနိမ့်ပိုင်း နေအိမ်များ ရေနစ်မြုပ်လျက်ရှိပြီး ရေဘေးရှောင်ပြည်သူများအား ရေလွတ်ရာနေရာ ဗိုလ်တဲဝင်းဗညားအောင်ရော်ဘာခြံကုန်းနှင့် နီးစပ်ရာဆွေမျိုးများနေအိမ်တွင် ယာယီနေထိုင်လျက်ရှိသည်။

အဆိုပါ ရေဘေးရှောင်ပြည်သူများ နေထိုင်စားသောက်မှုနှင့် ကျန်းမာရေး အဆင်ပြေစေရေးတွက် မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် ဌာနဆိုင်ရာများက အနီးကပ်ကြီးကြပ်ဆောင်ရွက်လျက်ရှိသည်။ မြို့နယ်ကျန်းမာရေးဦးစီးဌာနမှ ကျန်းမာရေးဝန်ထမ်းများက ကျန်းမာရေးစောင့်ရှောက်မှုပေးလျက်ရှိပြီး မြို့နယ်စည်ပင်သာယာရေးကော်မတီနှင့် စေတနာရှင်ပြည်သူများကလည်း ရေဘေးရှောင်ပြည်သူ ၅၉၄ ဦး အိမ်ထောင်စု ၁၃၁ စုအတွက် တစ်ဦးလျှင် တစ်ရက်စာဆန်နှစ်ဘူး မာမားခေါက်ဆွဲခြောက်တစ်ထုပ်၊ ရေသန့်တစ်ဘူးနှင့် ထမင်းထုပ်များ နေ့စဉ်ထောက်ပံ့ပေးလျက်ရှိကြောင်း သိရသည်။

**မျိုးမင်းဦး(ပြန်/ဆက်)**

# လှိုင်သာယာဆေးရုံ တိုးချဲ့လေးထပ်ဆောင် ဆောက်လုပ်မှု ၇၀ ရာခိုင်နှုန်းပြီးစီး

**ရန်ကုန် ဇူလိုင် ၂၅**
လှိုင်သာယာမြို့နယ်၌ ပြည်သူတို့၏ ကျန်းမာရေးစောင့်ရှောက်မှု ပိုမိုရရှိစေရန် လက်ရှိ ခုတင် ၂၀၀ ဆံ့ ဆေးရုံကြီးတွင် ခုတင် ၂၀၀ ဆံ့ တိုးချဲ့ဆောင်သစ်ကြီးကို တည်ဆောက်လျက်ရှိရာ **(ယာပုံ)** ၇၀ ရာခိုင်နှုန်း ပြီးစီးနေပြီဖြစ်၍ ၂၀၁၉ ခုနှစ် စက်တင်ဘာလတွင် ပြီးစီးမည်ဖြစ်ကြောင်း သိရသည်။

“၂၇၅ ပေ အကျယ် လေးထပ် အဆောက်အအုံဖြစ်ပြီး ခုတင် ၂၀၀ ဆံ့ တိုးချဲ့ဆေးရုံသစ်ကို တည်ဆောက်နေတာပါ။ ၂၀၁၆ ခုနှစ် ဧပြီလမှာ ပုံစံဒီဇိုင်းရေးဆွဲပြီးတော့ တည်ဆောက်ခဲ့ပါတယ်။ ၂၀၁၉ ခုနှစ် စက်တင်ဘာမှာ ပြီးစီးမယ်လို့ ခန့်မှန်းပါတယ်။ အခက်အခဲမရှိပါဘူး။ ဆေးရုံဝင်းထဲမှာ ဆက်လက်တည်ဆောက်ဖို့အပိုင်းက ညွှန်ကြားချက်ရရင် ဆက်လက်လုပ်ဆောင်မှာပါ။ လှိုင်သာယာက လူဦးရေများတော့ တည်ဆောက်မှုပြီးသွားရင် လူနာခုတင် ပိုပြီးတိုးချဲ့နိုင်တဲ့အတွက် ကျန်းမာရေးစောင့်ရှောက်မှု ပိုပြီးအဆင်ပြေစေမှာပါ” ဟု ဆောက်လုပ်ရေးဝန်ကြီးဌာန အဆောက်အဦဦးစီးဌာနရှိ တည်ဆောက်ရေး (၃)၊ အဆောက်အဦအထူးအဖွဲ့(၁) မှ ဒုတိယညွှန်ကြားရေးမှူး ဒေါ်ခင်သင့်ရာမွှေးက ပြောသည်။

အသစ်တိုးချဲ့တည်ဆောက်နေသော ခုတင် ၂၀၀ ဆံ့ဆေးရုံကြီးမှာ အလျား ပေ ၂၀၀၊ အနံ ၇၅ ပေဖြင့် လေးထပ် တည်ဆောက်ထားခြင်း ဖြစ်သည်။ (၂၀× ၂၄) ပေ အခန်းများအပါအဝင် လူနာဆောင်များကို တည်ဆောက်ထားကာ လက်ရှိ ခုတင် ၂၀၀ ဆံ့ ဆေးရုံကြီးတွင် ဘုရားလမ်းဘက် ဆေးရုံဝင်ပေါက်အနီးရှိ အရေးပေါ်ဌာန၊ OPT ဌာနပါဝင်သော နှစ်ထပ်ဆောင်၊ ခွဲစိတ်ခန်း၊ အစည်းအဝေးခန်း၊ ရုံးခန်း၊ သွားဆေးခန်းနှင့် လူနာဆောင်နှစ်ဆောင်တို့ တည်ဆောက်အသုံးပြုလျက်ရှိသည်။ ယင်းအဆောက်အအုံတို့နောက်တွင် တိုးချဲ့လူနာဆောင်၊ လူနာဆောင် (ကျား)၊ လူနာဆောင် (မ) နှင့် ယင်း၏ နောက်ဘက်တွင် ဆေးစတို၊ သီးသန့်ကုသဆောင်တို့ဖြင့် လူနာများကို ကျန်းမာရေးစောင့်ရှောက်မှုပေးလျက်ရှိသည်။



“လက်ရှိ ခုတင် ၂၅၀ နဲ့ ကုသပေးနေပါတယ်။ တိုးချဲ့ဆောင်ကို ဆက်လက်တည်ဆောက်နေပါတယ်။ လက်ရှိမှာ လူနာ ၂၄၀ ကျော် ၂၅၀ ကို ကုသပေးနေပါတယ်” ဟု လှိုင်သာယာမြို့နယ် ဆေးရုံအုပ်ကြီး ဒေါက်တာ ဆန်းလွင်ဦးက ပြောသည်။

နေ့စဉ် လူနာကုသမှုများသော လှိုင်သာယာ ပြည်သူ့ဆေးရုံကြီး၌ လက်ရှိတွင် ခုတင် ၂၅၀ ဖြင့် ကုသပေးလျက်ရှိပြီး တိုးချဲ့တည်ဆောက်နေသော ဆေးရုံမှာလည်း ခုတင် ၂၀၀ ဆံ့ဖြစ်သောကြောင့် ခုတင် ၅၀၀ ဆံ့ ပြည်သူ့ဆေးရုံကြီးအဖြစ် လှိုင်သာယာမြို့နယ်သာမက ရန်ကုန်တိုင်းဒေသကြီးနှင့် ထိစပ်နေသော ဧရာဝတီတိုင်းဒေသကြီးမှ ပြည်သူ များလည်း အားကိုးအားထားပြုရာ ဆေးရုံကြီးတစ်ရုံ ဖြစ်လာဖွယ်ရာရှိသည်။

**သတင်း- သန်းထိုက်၊ ဓာတ်ပုံ- သန်းစိုး**

# ဇမိမြစ်ရေလျှံ၍ ဘုရားသုံးဆူ-ကြာအင်းဆိပ်ကြီးကားလမ်းပေါ်တွင် ရေကျော်နေ

**ကြာအင်းဆိပ်ကြီး ဇူလိုင် ၂၅**
ကရင်ပြည်နယ် ကော့ကရိတ်ခရိုင် ကြာအင်းဆိပ်ကြီးမြို့နယ်တွင် ယခုရက်ပိုင်းအတွင်း မိုးအဆက်မပြတ်ရွာသွန်းမှုကြောင့် ဇူလိုင် ၂၄ ရက်က ဇမိမြစ်ရေလျှံကာ ဘုရားသုံးဆူ-ကြာအင်းဆိပ်ကြီးကားလမ်းနှင့် တံတားပေါ်တွင် ရေကျော်လျက်ရှိပြီး ခရီးသွားပြည်သူများအနေဖြင့် လမ်းပန်းဆက်သွယ်ရေး အခက်အခဲများနှင့် ကြုံတွေ့နေရကြောင်း သိရသည်။



ကြာအင်းဆိပ်ကြီးမြို့မှ သုံးမိုင်ခန့်အကွာ ချောင်းဝကျေးရွာအထွက် ဘုရားသုံးဆူ-ကြာအင်းဆိပ်ကြီးကားလမ်းပေါ်နှင့် တံတားတစ်စင်းနေရာ၌ ရေကျော်နေခြင်းဖြစ်ပြီး ဆိုင်ကယ်များရော ကားများပါ ဖြတ်သန်းသွားလာ၍မရခြင်းကြောင့် ခရီးသွားပြည်သူများအနေဖြင့် ရေမိုင် နှစ်ဖာလုံခန့်ကို စက်လှေများစီးနင်း၍ သွားလာနေကြရပြီး ခရီးချိန်ကြာမြင့်ကာ အခက်အခဲများ ပို၍ကြုံတွေ့ရလျက်ရှိသည်။

လက်ရှိအချိန်တွင် စက်လှေစီး၍ သွားလာနေရသော ပြည်သူများ အန္တရာယ်မဖြစ်ပေါ်စေရေးအတွက် မြို့နယ်ရဲတပ်ဖွဲ့မှ တာဝန်ရှိသူများက လိုအပ်သလို ကြီးကြပ်ဆောင်ရွက်ပေးလျက်ရှိကြောင်းလည်း သိရသည်။

**မျိုးမင်းဦး (ပြန်/ဆက်)**

# ဟားခါးမြို့ပေါ်ရှိ မူကြိုကျောင်းများကို ကလေးသူငယ်အခွင့်အရေးဆိုင်ရာကော်မတီ သွားရောက်ကြည့်ရှု

**ဟားခါး ဇူလိုင် ၂၅**
ဟားခါးမြို့နယ်အတွင်းရှိ ကလေးသူငယ်များ ဉာဏ်ရည်ဖွံ့ဖြိုးတိုးတက်မြင့်မားလာစေရေးရည်ရွယ်၍ မူကြိုကျောင်းများ၏ လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ရေးအတွက် ဟားခါးမြို့နယ် ကလေးသူငယ်အခွင့်အရေးဆိုင်ရာကော်မတီဥက္ကဋ္ဌ ဦးချန်ဇီယာန်နှင့် အဖွဲ့ဝင်များသည် ဇူလိုင် ၂၄ ရက်က ဟားခါးမြို့ပေါ်ရှိ HBC မူကြိုကျောင်း၊ Olive မူကြိုကျောင်းနှင့် Galilee မူကြိုကျောင်းများသို့ သွားရောက်ကြည့်ရှုခဲ့သည်။

မူကြိုကျောင်းများတွင် ကလေးသူငယ်များအတွက် အရေးပေါ်အသုံးပြုရန် ဆေးဝါးများ ရှိ မရှိ၊ သင်ထောက်ကူပစ္စည်းများ ဖြည့်ဆည်းပေးရန် လိုအပ်မှုရှိ မရှိ၊ ကလေးငယ်များအား နေ့လယ်စာကျွေးမွေးမှုအခြေအနေ၊ သောက်သုံးရေ၊ အိပ်ရာ၊ စောင်၊ ခေါင်းအုံးများ လိုအပ်မှုရှိ မရှိ၊ အိမ်သာများ လုံလောက်မှု ရှိ မရှိစသည့် မူကြိုကျောင်းများ၏ အဓိကလိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ရေးအတွက် ကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက သွားရောက်ကြည့်ရှုခဲ့ခြင်းဖြစ်သည်။

ထို့နောက် မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်နီဟွေဆုန်နှင့် အဖွဲ့ဝင်များက မူကြိုကျောင်းရှိ ကလေးငယ်များအတွက် ပဲနို့အချိုရည်များ၊ ဗလာစာအုပ်များ၊ ကလေးကစားစရာပစ္စည်းများနှင့် ထောက်ပံ့ငွေများကို ပေးအပ်လှူဒါန်းခဲ့ပြီး ဟားခါးမြို့ ပြည်သူ့ဆေးရုံကြီးမှ ဒေါက်တာကေရီကလည်း ကလေးငယ်များ၏ သွားကျန်းမာရေးအတွက် သွားတိုက်နည်းကို လက်တွေ့ပြသပေးကာ ကလေးငယ်များအတွက် သွားတိုက်ဆေးနှင့် သွားတိုက်တံများ၊ လိုအပ်သော ဆေးဝါးများကို ထောက်ပံ့လှူဒါန်းပေးခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**



# မှုခင်းစီမံခန့်ခွဲမှုအစီအစဉ် အကောင်အထည်ဖော်ရေး လွိုင်ကော်၌ဆွေးနွေး

**လွိုင်ကော် ဇူလိုင် ၂၅**
လွိုင်ကော်ခရိုင်တရားရုံးနှင့် လွိုင်ကော်မြို့နယ်တရားရုံးတို့တွင် ဩဂုတ် ၁ ရက်မှ စတင်အကောင်အထည်ဖော်ဆောင်ရွက်မည့် နိုင်ငံတစ်ဝန်း မှုခင်းစီမံခန့်ခွဲမှုအစီအစဉ်နှင့် ပတ်သက်၍ ရှင်းလင်းဆွေးနွေးပွဲကို ဇူလိုင် ၂၄ ရက်က လွိုင်ကော်ခရိုင်တရားရုံး အစည်းအဝေးခန်းမ၌ ပြုလုပ်ခဲ့သည်။

ဆွေးနွေးပွဲတွင် ခရိုင်တရားသူကြီး ဒေါ်ညွန့်ညွန့်ဝင်းက တရားစီရင်ရေးမဟာဗျူဟာ စီမံကိန်း ၂၀၁၈-၂၀၂၂ ၏ မဟာဗျူဟာလုပ်ငန်းနယ်ပယ်(၅)ဖြစ်သော ထိရောက်သော မှုခင်းစီမံခန့်ခွဲမှုနှင့် တရားရုံးကဆောင်ရွက်သော အထူးမှုခင်းဆောင်ရွက်မှုတို့ကို တိုးမြှင့်ရန်အတွက် မှုခင်းစီမံခန့်ခွဲမှုအစီအစဉ် အကောင်အထည်ဖော်ခြင်းနှင့် စပ်လျဉ်း၍ မိတ်ဆက်ရှင်းလင်းပြောကြားသည်။

ထို့နောက် မှုခင်းစီမံခန့်ခွဲမှုအစီအစဉ်အရ ဆောင်ရွက်မည့် လုပ်ငန်းစဉ်အဆင့်ဆင့်နှင့် အသုံးပြုမည့်ပုံစံများမှ ရာဇဝတ်မှုများနှင့်ပတ်သက်သည့် ပုံစံများကို မြို့နယ်တရားသူကြီးဒေါ်နွယ်နွယ်စိုးနှင့် မြို့နယ်ဒုတိယတရားသူကြီး ဒေါ်မြစိန်တို့က လည်းကောင်း၊ တရားမမှုများနှင့်စပ်လျဉ်းသည့်ပုံစံများကို ခရိုင်တရားသူကြီး ဒေါ်ညွန့်ညွန့်ဝင်းနှင့် ခရိုင်ဒုတိယတရားသူကြီး ဦးကောင်းမြတ်တိုးတို့ကလည်းကောင်း ရှင်းလင်းပြောကြားခဲ့ကြပြီး တက်ရောက်လာကြသူများက သိရှိလိုသည်များကို မေးမြန်းရာ ခရိုင်တရားသူကြီးက ရှင်းလင်းဖြေကြားပေးခဲ့သည်။

**တင်မောင် (မန်းကိုယ်ပွား)**

## ယနေ့ ဈေးကွက်ပေါက်ဈေးများ

၂၅-၇-၂၀၁၈

**ရွှေ**

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၅၀၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၉၄၁၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၄၉၀၀၀ |
| မန္တလေး | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၉၃၂၀၀ |

(အောင်သမာဓိရွှေဆိုင်မှ ရယူပါသည်)

**စက်သုံးဆီ**

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | လက်လီဈေး(မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၉၀၅/၉၁၅ ကျပ် | ၉၄၅/၉၅၅ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၉၁၅/၉၃၀ ကျပ် | ၉၅၅/၉၆၅ ကျပ် |
| အောက်တိန်း ၉၂ | ၈၇၀/၈၉၀ ကျပ် | ၉၃၅/၉၅၀ ကျပ် |
| အောက်တိန်း ၉၅ | ၉၁၅/၉၄၀ ကျပ် | ၉၈၅/၉၉၅ ကျပ် |

(မြန်မာနိုင်ငံစက်သုံးဆီအသင်းမှ ရယူပါသည်)

**နိုင်ငံတကာ ငွေကြေးများ**

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် ၁၄၂၇ · ၀ |
| ဥရောပ | တစ်ယူရို | ကျပ် ၁၆၆၈ · ၃ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် ၁၀၄၆ · ၂ |
| ဗြိတိန် | တစ်ပေါင်စတာလင် | ကျပ် ၁၈၇၆ · ၈ |
| ဂျပန် | ၁၀၀ ယန်း | ကျပ် ၁၂၈၁ · ၄ |
| ဩစတြေးလျ | တစ်ဒေါ်လာ | ကျပ် ၁၀၆၁ · ၃ |
| တရုတ် | တစ်ယွမ် | ကျပ် ၂၁၀ · ၁၂ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် ၂၀ · ၆၉၇ |
| ကိုရီးယား | ၁၀၀ ဝမ် | ကျပ် ၁၂၆ · ၅၀ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် ၃၅၁ · ၁၈ |
| ထိုင်း | တစ်ဘတ် | ကျပ် ၄၂ · ၇၆၃ |

(ဗဟိုဘဏ်ပေါက်ဈေး ဖြစ်ပါသည်)

ခင်ရတနာ-စုစည်းသည်။

## ပြည်သူများသို့ အသိပေးနှိုးဆော်ချက်

**နိုင်ငံတော်အစိုးရ၏ လူမှုကာကွယ်စောင့်ရှောက်ရေး ငွေကြေးထောက်ပံ့မှု အစီအစဉ်များတွင် အကျုံးဝင်ပါလျက်နှင့် အချိန်မီမရရှိလျှင်သော်လည်းကောင်း၊ ကလေးသူငယ်များနှင့် အမျိုးသမီးများအပေါ် အကြမ်းဖက်မှုများနှင့် ပတ်သက်၍သော်လည်းကောင်း၊ သတင်းပေးတိုင်ကြားလိုပါက အောက်ဖော်ပြပါ Help Line တယ်လီဖုန်းနံပါတ်များသို့ (၂၄ )နာရီ တိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-**
**၀၆၇-၄၀၄၂၂၂၊ ၀၆၇-၄၀၄၉၉၉**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန
လူမှုဝန်ထမ်းဦးစီးဌာန


မြန်မာ့အလင်း

| | | |
|---|---|---|
| **စာတည်းမှူးချုပ်** | - | အောင်နိုင်ဦး |
| **စာတည်းမှူး(တာဝန်)** | - | ဝင်းကျော် |
| **စာတည်းမှူး** | - | မြင့်ဆွေ (သတင်းထောက်ချုပ်) |
| **စာတည်းများ** | - | မြင့်စိုး၊ ကြည်ဝင်း၊ ချိုးစန္ဒီနွေး၊ ကလျာမိုးမြင့် |
| **အကြီးတန်းသတင်းထောက်များ** | - | ကျော်သူဝင်း၊ ခင်ရတနာ၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ တင်စိုး (ဓာတ်ပုံ)၊ မြတ်မွန်ထွေး |
| **အငယ်တန်းသတင်းထောက်များ** | - | တင်လင်းအောင်၊ တင်မောင်လွင်၊ ဇင်ဦး၊ နေဝင်းထွန်း(၂)၊ ဟိန်းထက်ဇော်၊ ဝေသူနွယ် |
| **ထုတ်ဝေခြင်းအမှတ်** | - | (၀၁၀၉၃)၊ ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇) |

**Gmail** mmalin.npt @ gmail.com,
**Facebook** www. facebook.com/MYANMAALINNNEWS

**နေပြည်တော်-စာတည်းမှူး** ၀၆၇-၃၆၁၄၂၊ **စာတည်းအဖွဲ့** ၀၆၇-၃၆၁၄၅၊ **ဖက်စ်** ၀၆၇-၃၆၁၄၆၊ **ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချုပ်(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်**-၄၀၊ **စာတည်းအဖွဲ့** ၀၁-၅၄၄၃၀၉၊ **မန်နေဂျာ** ၀၁-၅၄၄၃၁၄၊ **စီမံ** ၀၁-၅၄၄၃၁၅၊ **ငွေစာရင်း** ၀၁-၅၄၄၃၁၆၊ **ကြော်ငြာ** ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ **Fax** ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ **ဖြန့်ချိရေး** ၀၁-၅၄၄၃၁၇၊ **Fax** ၀၁-၈၆၀၄၅၄၆။



MYANMAR DigitalNews Presented by NPE
www.mdn.gov.mm

# လျှပ်စစ်အန္တရာယ်ကင်းဝေးကြစေဖို့ အပိုင်း(၆)

**သိပ္ပံစာရေးဆရာကိုကိုအောင်**



လူတစ်ဦးတစ်ယောက်ချင်း အနေဖြင့်သော်လည်းကောင်း၊ မိသားစုတစ်စုချင်းအနေဖြင့်သော်လည်းကောင်း၊ ပြည်သူလူထုတစ်ရပ်လုံးအနေဖြင့်သော်လည်းကောင်း လျှပ်စစ်အန္တရာယ်ကို ကာကွယ်နိုင်ရန်အတွက် အောက်ဖော်ပြပါ လျှပ်စစ်ဆိုင်ရာအခေါ်အဝေါ်များနှင့် ဆက်စပ်မှုညီမျှခြင်းများကို သိရှိထားသင့်ကြသည်။

**ကြိမ်နှုန်း**

အေစီလျှပ်စစ်တွင် တစ်စက္ကန့်အတွင်း အပြန်အလှန်စီးသော အကြိမ်ပေါင်းကို ကြိမ်နှုန်း (Frequency) ဟု ခေါ်ဝေါ်ပြီး သင်္ကေတအားဖြင့် Hz ဟု ဖော်ပြသည်။ ကမ္ဘာ့နိုင်ငံအသီးသီးတို့တွင် 50Hz၊ 60 Hz၊ 120 Hz စသည်ဖြင့် ကြိမ်နှုန်းအမျိုးမျိုးရှိသော အေစီလျှပ်စစ်များကို အသုံးပြုလျက်ရှိနေကြသော်လည်း မြန်မာနိုင်ငံ၌မူ ကြိမ်နှုန်း 50 Hz ရှိသော အေစီလျှပ်စစ်တစ်မျိုးတည်းကိုသာ အသုံးပြုသည်။

**လျှပ်ကူးပစ္စည်း**

လျှပ်စစ်ဓာတ်အား အလွယ်တကူ ဖြတ်သန်းစီးဆင်းနိုင်သော ဝတ္ထုပစ္စည်းကို လျှပ်ကူးပစ္စည်း (Conductor) ဟုခေါ်သည်။ ယင်းသို့ လျှပ်စစ်ဓာတ်အား အလွယ်တကူစီးဆင်းသွားနိုင်သော လျှပ်ကူးပစ္စည်းများသည်ပင်လျှင် လျှပ်စစ်ဓာတ်အားစီးဆင်းခြင်းကို အနည်းနှင့်အများဆိုသလို ဟန့်တားခုခံမှုပြုကြသည်။ အကောင်းဆုံးသော လျှပ်ကူးပစ္စည်းများမှာ သတ္တုများနှင့် ဓာတ်ဆားပျော်ဝင်နေသောရေတို့ဖြစ်ကြသည်။ ယင်းတို့အနက် အကောင်းဆုံးသောသတ္တုလျှပ်ကူးပစ္စည်းမှာ ငွေဖြစ်ပြီး ကြေးက ဒုတိယ၊ ဒန်သတ္တုက တတိယဖြစ်သည်။

ငွေသည် အကောင်းဆုံးသောလျှပ်ကူးပစ္စည်းဖြစ်သော်လည်း ကုန်ကျစရိတ်ကြီးမားသဖြင့် လျှပ်စစ်ဆိုင်ရာဆက်သွယ်မှုပစ္စည်းများတွင် ကြေးကိုသာ အဓိကအသုံးပြုသည်။ ဗို့အားပမာဏ အများအပြားသယ်ဆောင်သော ကောင်းကင် ဓာတ်အားလိုင်းကြိုးကြီးများတွင်မူ ဝိုင်ယာကြိုး၏ အလေးချိန်ပေါ့ပါးရန် အလွန်အရေးကြီးသည့်အတွက် ဒန်သတ္တုနန်းလိမ်ဝိုင်ယာကြိုးများကို အသုံးပြုသည်။ အလွန်ရှည်လျားစွာ သွယ်တန်းကြရသော ကောင်းကင်ဓာတ်အားလိုင်းကြိုးကြီးများတွင် ဒန်နန်းလိမ်ကြိုးများ ခိုင်ခံ့စေရန်အတွက် သံမဏိကြိုးများကိုပါ အတွင်း၌ ထည့်သွင်းပြုလုပ်ထားရသည်။

**လျှပ်ကူးမဲ့ပစ္စည်း**

လျှပ်စစ်ဓာတ်အားစီးဆင်းခြင်းကို ပြင်းထန်စွာ ဟန့်တားခုခံသော ဝတ္ထုပစ္စည်းများကို လျှပ်ကူးမဲ့ပစ္စည်း(Non-conductor)ဟုခေါ်သည်။ တစ်နည်းအားဖြင့် လျှပ်ကူးမဲ့ပစ္စည်းများမှာ လျှပ်စစ်ဓာတ်အားဖြတ်သန်းစီးဆင်းခြင်းမပြုနိုင်သောပစ္စည်းများ ဖြစ်ကြသည်။

ကြွေ၊ ဖန်၊ ရော်ဘာ၊ ပလတ်စတစ်၊ ဖယောင်း၊ ပိုးကြိုးမျှင်နှင့် ချည်ကြိုးမျှင် စသည်တို့မှာ လျှပ်ကူးမဲ့ပစ္စည်းများ ဖြစ်ကြသည်။ လျှပ်စစ်ဓာတ်အားသယ်ဆောင်သော ကြေးဝိုင်ယာကြိုး၊ ဒန်ဝိုင်ယာကြိုးများနှင့် ကြေး၊ ဒန်တို့ဖြင့် ပြုလုပ်ထားသည့် လျှပ်စစ်ပစ္စည်းများ၏အပေါ်၌ လျှပ်ကူးမဲ့ပစ္စည်းများဖြင့် ဖုံးအုပ်ကာရံထားကြရသည်။

ဓာတ်တိုင်များ၌သော်လည်းကောင်း၊ လျှပ်စစ်ဝိုင်ယာသွယ်တန်းထားသော အဆောက်အအုံများ၌သော်လည်းကောင်း၊ လျှပ်စစ်ဓာတ်အားယိုစိမ့်စီးဆင်းခြင်းမပြုနိုင်စေရန်အတွက် ကြွေနှင့် ဖန်ထည်ပစ္စည်းများကို ကြားခံပေးထားရသည်။ ဤကဲ့သို့ လျှပ်စစ်ဓာတ်အား ဖြတ်သန်းစီးဆင်းခြင်းမပြုနိုင်စေရေးအတွက် ဖုံးအုပ်ကာရံထားသော လျှပ်ကူးမဲ့ပစ္စည်းများကို လျှပ်ကာပစ္စည်း(Insulator)ဟုခေါ်သည်။

**လျှပ်စစ်ဆိုင်ရာ ဆက်စပ်မှုညီမျှခြင်းများ**

လျှပ်စစ်ဓာတ်အားကို အသုံးပြုလျက်ရှိနေကြသော လူမှုပတ်ဝန်းကျင်တွင် လျှပ်စစ်ဆိုင်ရာပစ္စည်းများကို စနစ်တကျ သွယ်တန်းတပ်ဆင်နိုင်ရေးနှင့် လျှပ်စစ်အန္တရာယ်မှ ကင်းဝေးကြစေရေးအတွက် လျှပ်စစ်ဆိုင်ရာနိယာမကို ဂျာမန်သိပ္ပံပညာရှင်ကြီး ဂျော့(ချ်)ဆိုင်မွန်အုမ်း (George Simon Ohm) က တွေ့ရှိဖော်ထုတ်ခဲ့သည်။ သို့ဖြစ်၍ အဆိုပါ လျှပ်စစ်ဆိုင်ရာနိယာမကို အုမ်း၏နိယာမ(Ohm's Law)ဟု ခေါ်ဝေါ်သည်။ အုမ်းနိယာမကို မလေ့လာမီ လျှပ်စီးပတ်လမ်းတစ်ခုအတွင်းရှိ လျှပ်စစ်ဆိုင်ရာ အခေါ်အဝေါ်များကို သိရှိထားရန်လိုအပ်သည်။

**လျှပ်စီး**

လျှပ်စီးပတ်လမ်းတစ်ခုတွင် အီလက်ထရွန်များ ရွေ့လျားနေခြင်းသည် လျှပ်စီးကြောင်းတစ်ရပ်ဖြစ်ပေါ်နေခြင်းဖြစ်သည်။ အဆိုပါလျှပ်စီးကြောင်းအတွင်း၌ရှိနေသည့် လျှပ်စီးအင်အားပမာဏကို အမ်ပီယာ(Ampere)ဟု ခေါ်ဆိုပြီး၊ လျှပ်စီးအင်အားပမာဏကို ပြည့်ညွှန်သည့် Ampere Meter ကို အသုံးပြု၍ တိုင်းတာခြင်းဖြင့် အမ်ပီယာကို တိကျစွာသိရှိနိုင်သည်။ အမ်ပီယာကို အတိုကောက်အားဖြင့် A ဟု ဖော်ပြပြီး လျှပ်စီးကြောင်း၏ သင်္ကေတကိုမူ I ဖြင့်သတ်မှတ်သည်။

**လျှပ်ခံမှု**

လျှပ်စီးပတ်လမ်းတစ်ခုတွင် လျှပ်စီးကြောင်းကို ခုခံသောပစ္စည်း တစ်နည်းအားဖြင့် ဆန့်ကျင်တားဆီးသောပစ္စည်းကို လျှပ်ခံ(Resistor)ဟု ခေါ်ဆိုပြီး ယင်းလျှပ်ခံကြောင့် ဖြစ်ပေါ်လာသော ဆန့်ကျင်တားဆီးမှုကိုလျှပ်ခံမှု (Resistance) ဟုခေါ်သည်။ လျှပ်ခံအင်အားကို အတိုကောက်အားဖြင့် Ω ဟု ဖော်ပြပြီး၊ လျှပ်ခံမှု၏ သင်္ကေတကိုမူ R ဖြင့်သတ်မှတ်သည်။ လျှပ်ခံမှု ပမာဏကို Ohm Meter ဖြင့် တိုင်းတာရရှိနိုင်သည်။

**လျှပ်စစ်ဖိအား**

လျှပ်စီးပတ်လမ်းတစ်ခုတွင် လျှပ်စီးကြောင်းတစ်ရပ်ဖြစ်ပေါ်စေရန်အတွက် ပင်ရင်းမှ ဖိအားတစ်ရပ် လိုအပ်သည်။ ယင်းကို လျှပ်စစ်ဖိအား (Voltage)ဟု ခေါ်ဆိုပြီး လျှပ်စစ်ဖိအား၏ ပမာဏကို v ဟု ဖော်ပြသည်။ လျှပ်စစ်ဖိအား၏ သင်္ကေတကို V ဖြင့် သတ်မှတ်ပြီး လျှပ်စစ်ဖိအားကို Volt Meter ဖြင့် တိုင်းတာရရှိနိုင်သည်။

**လျှပ်စစ်စွမ်းအား**

လျှပ်စီးပတ်လမ်းတစ်ခုအတွင်း လျှပ်စီးအင်အားပမာဏတစ်ခုဖြင့် လျှပ်စီးကြောင်းတစ်ရပ် စီးဆင်းနေခြင်းသည် စွမ်းအားတစ်ခုဖြင့် အလုပ်လုပ်နေခြင်း ဖြစ်သည်။ ယင်းကို လျှပ်စစ်စွမ်းအား (Electric Power ) ဟုခေါ်ဆိုပြီး လျှပ်စစ်စွမ်းအား၏ပမာဏကို w ဟု ဖော်ပြသည်။ လျှပ်စစ်စွမ်းအား၏ သင်္ကေတကို W ဖြင့် သတ်မှတ်ပြီး Watt Meter ကိုအသုံးပြုတိုင်းတာခြင်းအားဖြင့် လျှပ်စစ်စွမ်းအားကို သိရှိနိုင်သည်။

**အုမ်း၏နိယာမ**

ဂျာမန်သိပ္ပံပညာရှင်ကြီး ဂျော့(ချ်)ဆိုင်မွန်အုမ်းက လျှပ်စစ်ဖိအား၊ လျှပ်စီးအင်အား၊ လျှပ်ခံမှုတို့နှင့်ပတ်သက်၍ သူ၏တွေ့ရှိချက်ကို အောက်ပါအတိုင်း ဖော်ထုတ်ခဲ့သည်။ "လျှပ်စီးပတ်လမ်းတစ်ခုအတွင်း၌ စီးဆင်းနေသော လျှပ်စီးအင်အား(အမ်ပီယာ)သည် ထိုလမ်းကြောင်း၌ ပို့လွှတ်ထားသော လျှပ်စစ်ဖိအား(ဗို့)နှင့် တိုက်ရိုက်အချိုးကျပြီး၊ ထိုလမ်းကြောင်း၏ လျှပ်ခံမှု(အုမ်း)နှင့် ပြောင်းပြန်အချိုးကျ ဖြစ်သည်။"

ဆိုလိုသည်မှာ လျှပ်စီးပတ်လမ်းကြောင်းအတွင်း၌ လျှပ်စစ်ဖိအားကောင်းလေ လျှပ်စီးအင်အားများလေဖြစ်ပြီး လျှပ်ခံမှုများလေ လျှပ်စီးအင်အားနည်းလေဖြစ်သည်။ အုမ်း၏နိယာမကို သင်္ချာနည်းဖြင့် ဖော်ပြရလျှင်

(၁) $I = \frac{V}{R}$

(၂) $V = IR$

(၃) $R = \frac{V}{I}$ ဖြစ်သည်။

I သည် လျှပ်စီးအင်အား၊ V သည် လျှပ်စစ်ဖိအားဖြစ်၍ R မှာ လျှပ်ခံမှုဖြစ်သည်။ လျှပ်စစ်ဖိအားနှင့် လျှပ်ခံမှုတို့ကိုသိရှိထားပါက ညီမျှခြင်း(၁)အရ လျှပ်စီးအင်အားကို တွက်ချက်နိုင်သည်။ လျှပ်စီးအင်အားနှင့် လျှပ်ခံမှုကို သိထားပါက ညီမျှခြင်း(၂)အရ လျှပ်စစ်ဖိအားကို တွက်ချက်နိုင်သည်။ အလားတူပင် လျှပ်စစ်ဖိအားနှင့် လျှပ်စီးအင်အားကို သိထားလျှင် ညီမျှခြင်း(၃) အရ လျှပ်ခံမှုကို တွက်ချက်နိုင်သည်။

ဥပမာအားဖြင့် ပုံမှန်လျှပ်စစ်ဖိအား ၂၂၀ ဗို့ကို ရယူသုံးစွဲထားသော ၅၅ အုမ်းရှိသည့် လျှပ်စစ်မီးပူတစ်လုံး၏ လျှပ်စီးအင်အားပမာဏကို သိလိုသော် အုမ်း၏နိယာမအရ I = $\frac{၂၂၀}{၅၅}$ = ၄ အမ်ပီယာဟု တွက်ချက်နိုင်သည်။ အကယ်၍ အိမ်သုံးမီးအားကျဆင်း၍ လျှပ်စစ်ဖိအားမှာ ၁၆၅ ဗို့ ဖြစ်သွားခဲ့သော် I = $\frac{၁၆၅}{၅၅}$ = ၃ အမ်ပီယာသာ ရှိတော့မည်ဖြစ်သည်။ ထိုအခါ၌ အဆိုပါလျှပ်စစ်မီးပူ၏ အပူဓာတ်မှာလည်း ၂၅ ရာခိုင်နှုန်း လျော့ကျသွားမည်ဖြစ်သည်။

ခြွင်းချက်အနေဖြင့်ဆိုရလျှင် လျှပ်စီးအင်အားကို တွက်ချက်ရာ၌ များသောအားဖြင့် အသုံးပြုမည့်လျှပ်စစ်ပစ္စည်း၏ လျှပ်ခံမှုကိုသာ အဓိကထားတွက်ချက်လေ့ရှိကြရာ ယင်းတွက်ချက်မှု၏ရလဒ်သည် အနီးစပ်ဆုံးသောအဖြေသာလျှင်ဖြစ်သည်ကို သတိပြုကြရန်ဖြစ်သည်။ အကြောင်းမှုကား လျှပ်စစ်ပစ္စည်းတစ်ခုတည်း၏ လျှပ်ခံမှုကိုသာမက ဝိုင်ယာကြိုး၊ ခလုတ်၊ ပင်၊ ပလပ် စသည်တို့၏လျှပ်ခံမှုများကိုပါ ထည့်သွင်းတွက်ချက်ရန်လိုအပ်ပြီး၊ ယင်းသို့ ထည့်သွင်းတွက်ချက်မှသာလျှင် တိကျမှန်ကန်သောအဖြေကို ရရှိနိုင်သောကြောင့်ဖြစ်သည်။

သို့ဖြစ်ရာ သင်္ချာနည်းဖြင့်တွက်ချက်ရယူသော အဖြေရလဒ်သည် လက်တွေ့တိုင်းတာရရှိသော ကိန်းဂဏန်းနှင့် ကွာခြားမှုရှိနေတတ်သည်ကို လျှပ်စစ်ပစ္စည်းများ တပ်ဆင်သုံးစွဲသူတို့က သိရှိသဘောပေါက်ထားကြရန် လိုအပ်သည်။ ။

"ငွေသည် အကောင်းဆုံးသောလျှပ်ကူးပစ္စည်းဖြစ်သော်လည်း ကုန်ကျစရိတ်ကြီးမားသဖြင့် လျှပ်စစ်ဆိုင်ရာဆက်သွယ်မှုပစ္စည်းများတွင် ကြေးကိုသာ အဓိကအသုံးပြုသည်။ ဗို့အားပမာဏအများအပြားသယ်ဆောင်သော ကောင်းကင်ဓာတ်အားလိုင်းကြိုးကြီးများတွင်မူ ဝိုင်ယာကြိုး၏အလေးချိန်ပေါ့ပါးရန် အလွန်အရေးကြီးသည့်အတွက် ဒန်သတ္တုနန်းလိမ်ဝါယာကြိုးများကို အသုံးပြုသည်။ အလွန်ရှည်လျားစွာ သွယ်တန်းကြရသော ကောင်းကင်ဓာတ်အားလိုင်းကြိုးကြီးများတွင် ဒန်နန်းလိမ်ကြိုးများခိုင်ခံ့စေရန်အတွက် သံမဏိကြိုးများကိုပါ အတွင်း၌ ထည့်သွင်းပြုလုပ်ထားရသည်"

# လားရှိုးမြို့၌ မိုးလုံလေလုံလေ့ကျင့်ရေးအားကစားရုံသစ်ဖွင့်



**လားရှိုး ဇူလိုင် ၂၅**

ရှမ်းပြည်နယ်မြောက်ပိုင်း လားရှိုးမြို့ပြည်ထောင်စုအားကစားကွင်းအတွင်းရှိ မိုးလုံလေလုံလေ့ကျင့်ရေးအားကစားရုံ အဆောက်အအုံသစ်ဖွင့်ပွဲကို ဇူလိုင် ၂၃ ရက်က ကျင်းပခဲ့ရာ ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာလင်းထွဋ်၊ ပြည်နယ်လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးခွန်ရဲထွေး၊ ပြည်နယ်လူမှုရေးဝန်ကြီး ဒေါက်တာမျိုးထွန်း၊ ပြည်နယ်စည်ပင်သာယာရေးဝန်ကြီး ဦးစိုင်းစွံဆိုင်းနှင့် ပြည်နယ်ဒုတိယအုပ်ချုပ်ရေးမှူး ဦးကျော်သူဇော်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ခဲ့သည်။

ပြည်နယ်ဝန်ကြီးချုပ်က ပြည်နယ်နှင့် နိုင်ငံတော်အတွက် မျိုးဆက်သစ်အားကစားသမား အမြောက်အမြား မွေးထုတ်ပေးနိုင်မည်ဖြစ်၍ ကျေနပ်အားရကြောင်း၊ ပြီးခဲ့သည့်နှစ်က ကျင်းပပြီးစီးခဲ့သော တိုင်းဒေသကြီးနှင့် ပြည်နယ်အားကစားပြိုင်ပွဲများတွင် မန္တလေးနှင့် ရန်ကုန်တိုင်းဒေသကြီးတို့နောက်တွင် ရှမ်းပြည်နယ်က ဆုတံဆိပ် ၁၀၉ ခုဖြင့် တတိယနေရာ၌ ရပ်တည်နိုင်ခဲ့ပြီး ဆုရသည့် အားကစားအမျိုးအစားတွင် ရုံတွင်းအားကစားနည်းများဖြစ်သော ဘော်လီဘော၊ ဂျူဒို၊ ဝူရှူး၊ မြန်မာ့သိုင်း၊ ဗိုဗီနမ် စသည့်အားကစားနည်းများ၌ ဆုများပိုမိုဆွတ်ခူးနိုင်ခဲ့ကြောင်း၊ ယခု လားရှိုးမြို့တွင် စတင်ဖွင့်လှစ်သည့် လေ့ကျင့်ရေးအားကစားရုံကြီးသည်လည်း ထူးချွန်ထက်မြက်သော အားကစားသမားများကို ပိုမိုမွေးထုတ်ကာ ရှမ်းပြည်နယ်၏ဂုဏ်ကို ဆက်လက်မြှင့်တင်ပေးနိုင်လိမ့်မည်ဟု အပြည့်အဝယုံကြည်ကြောင်း ပြောကြားသည်။

အလျား ပေ ၃၀၀၊ အနံ ပေ ၁၀၀ ရှိသော အဆိုပါ လေ့ကျင့်ရေးအားကစားရုံကို ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ ညွှန်ကြားမှုဖြင့် တောင်ညီနောင်ဆောက်လုပ်ရေးကုမ္ပဏီက တာဝန်ယူ၍ ၂၀၁၇ ခုနှစ် စက်တင်ဘာလက စတင်တည်ဆောက်ကာ ယခုနှစ် မတ်လကုန်တွင် ပြီးဆုံးခဲ့ကြောင်း၊ ကျပ် ၃၉၂ သန်း ကုန်ကျခဲ့ကြောင်း၊ ရုံတွင်းကစားနည်းများဖြစ်သည့် ဘတ်စကက်ဘော၊ ဘော်လီဘော၊ ဂျူဒို၊ ဝူရှူး၊ စားပွဲတင်တင်းနစ်၊ တိုက်ကွမ်ဒို၊ ကရာတေးဒို၊ မြန်မာ့သိုင်း၊ ဗိုဗီနမ် စသော အားကစားနည်းများကို တစ်နှစ်ပတ်လုံး လေ့ကျင့်နိုင်မည်ဖြစ်ကြောင်း သိရသည်။

**မောင်မောင်သန်း(တောင်ကြီး)**

## သတင်းတိုများ

### ဘားအံမြို့မှ ရေဘေးရှောင်ပြည်သူများအတွက် ဆန်ရိက္ခာထောက်ပံ့

ကရင်ပြည်နယ် ဘားအံမြို့ရှိ ရပ်ကွက်ကျေးရွာအချို့တွင် ရေကြီးရေလျှံမှုများ ဖြစ်ပေါ်လျက်ရှိပြီး ဒေသခံပြည်သူများအတွက် ရေဘေးကယ်ဆယ်ရေးစခန်းများ ဖွင့်လှစ်ပေးထားရကာ အဆိုပါစခန်းများမှ ရေဘေးရှောင်ပြည်သူများအတွက် ဆန်ရိက္ခာများကို လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနက ဇူလိုင် ၂၄ ရက် တွင် ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။ ရေဘေးရှောင် အိမ်ထောင်စု ၉၂၂ စုမှ လူဦးရေ ၄၈၄၃ ဦး အတွက် လူတစ်ဦးလျှင် တစ်ရက်ဆန်နှစ်ဘူးနှုန်းဖြင့် ခုနစ်ရက်စာ ဆန်ရိက္ခာဖိုး ကျပ် ၁၀၁ သိန်းကျော်ကို ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဦးလင်းထွဋ်က ဘားအံမြို့နယ်အုပ်ချုပ်ရေးမှူး ဦးဇေထက်အောင်ထံ ထောက်ပံ့ပေးအပ်ခဲ့ခြင်းဖြစ်သည်။

**စောမျိုးမင်းသိန်း (ပြန်/ဆက်)**

### စလင်းနှင့်ပွင့်ဖြူမြို့နယ်မှ ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ကွင်းဆင်းစစ်ဆေး

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန(ရုံးချုပ်)မှ ဒုတိယ ညွှန်ကြားရေးမှူး ဦးတေဇာနေမျိုးဝင်းသည် မင်းဘူးခရိုင်ဦးစီးမှူး ဦးတင့်လွင်ဦးနှင့် တာဝန်ရှိသူများနှင့်အတူ ခရိုင်အတွင်းရှိ စလင်းနှင့် ပွင့်ဖြူမြို့နယ်မှ ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ဇူလိုင် ၂၃ ရက်က ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့သည်။

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၁၈ ခုနှစ် ပထမ(၆)လပတ်ဘတ်ဂျက်ဖြင့် စလင်းမြို့နယ် ကြိမ်မြောင်းကျေးရွာတွင် ဆောင်ရွက်ထားသော အဝီစိစက်ရေတွင်းတူးဖော်မှုအခြေအနေနှင့် ပွင့်ဖြူမြို့နယ် အုန်းတောကျေးရွာတွင် ကျေးလက်ကုန်ထုတ်လမ်း ဆောင်ရွက်ထားရှိမှုအခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ပြီး မြို့နယ်ဦးစီးမှူးများက လုပ်ငန်းဆောင်ရွက်ထားရှိမှုများကို ရှင်းလင်းတင်ပြကာ ဒုတိယညွှန်ကြားရေးမှူးက လိုအပ်ချက်များကို လမ်းညွှန်မှာကြားခဲ့သည်။

**ရဲဝင်းနိုင်(ညောင်ဦး)**

### မျိုးဆက်ပွားကျန်းမာရေးဆွေးနွေးပွဲ တောင်ကြီးမြို့တွင် ကျင်းပ

ရင်ခွင်မဲ့ကလေးငယ်များလျှော့ချရေးနှင့် ကာကွယ်စောင့်ရှောက်ရေးအသင်း(မြန်မာ)က ကြီးမှူး၍ မျိုးဆက်ပွားကျန်းမာရေးဆွေးနွေးပွဲကို ဇူလိုင် ၂၄ ရက်က ရှမ်းပြည်နယ် တောင်ပိုင်း တောင်ကြီးတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမတွင် ကျင်းပခဲ့သည်။

ဆွေးနွေးပွဲတွင် ပြည်နယ်အမျိုးသမီးကော်မတီဥက္ကဋ္ဌ ရှမ်းပြည်နယ် ဗမာတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဒေါက်တာအောင်သန်းမောင်က အမှာစကားပြောကြားပြီး ရင်ခွင်မဲ့ကလေးငယ်များလျှော့ချရေးနှင့် ကာကွယ်စောင့်ရှောက်ရေးအသင်း အထွေထွေအတွင်းရေးမှူး ပါမောက္ခဒေါက်တာမြသီတာက မျိုးဆက်ပွားကျန်းမာရေးနှင့်စပ်လျဉ်း၍လည်းကောင်း၊ မိသားစုစီမံကိန်းနှင့် သားဆက်ခြားနည်းနှင့် စပ်လျဉ်း၍လည်းကောင်း၊ သားဖွားမီးယပ်အထူးကုဆရာဝန်ကြီး ပါမောက္ခ ဒေါက်တာသင်းသင်းမြတ်က အရေးပေါ် သားဆက်ခြားနည်းများနှင့် စပ်လျဉ်း၍လည်းကောင်း ဆွေးနွေးပြောကြားကြကာ တက်ရောက်လာကြသူများက သိရှိလိုသည်များကို မေးမြန်းပြီး တာဝန်ရှိသူများက ပြန်လည်ဆွေးနွေးဖြေကြားခဲ့ကြသည်။

**ပြည်နယ်(ပြန်/ဆက်)**

## ကာတွန်းဂျိစံ၏ ဂျင်းကာတွန်းများ စာအုပ်မိတ်ဆက်ပွဲ မန္တလေး၌ ကျင်းပ

**မန္တလေး ဇူလိုင် ၂၅**

ကာတွန်းဂျိစံ၏ ဂျင်းကာတွန်းများ စာအုပ်မိတ်ဆက်ပွဲအခမ်းအနားကို မန္တလေး(၅၈)လမ်း၊ (၂၂)နှင့်(၂၃)လမ်းကြားရှိ Yangon Sushi House တွင် ဇူလိုင် ၂၄ ရက်က ကျင်းပခဲ့သည်။

အခမ်းအနားတွင် အခမ်းအနားမှူးအဖြစ် ဆရာသျှိုင်းရဲဝံ့က ဆောင်ရွက်ပြီး ရေးဦးစွာ ဆရာသိုက်ထွန်းသက်က မုဒိတာစကားပြောကြားသည်။ ဆက်လက်၍ ဆရာညို ထွန်းလူပေးပို့သော မုဒိတာသဝဏ်လွှာကို ဆရာမဒေါ်သက်သက် (မန္တလေး FM)က ဖတ်ကြားသည်။ ဆက်လက်၍ စာရေးဆရာ စိုးဘားဒိုင်၊ ကာတွန်းဆရာ ဆင်တိုင်၊ ကာတွန်းဆရာ မိဆွေ၊ ကာတွန်းဆရာ အောင်မော်၊ ကာတွန်းဆရာ စည်သူကျော်၊ ကာတွန်းဆရာ အောင်ပင်လယ်မှတ်ကြီးနှင့် ကာတွန်းဆရာ ပံသုအောင်တို့က ဂျင်းကာတွန်းများစာအုပ်နှင့်ပတ်သက်၍ မုဒိတာစကားများ ပြောကြားသည်။

ဆက်လက်၍ ဂျင်းကာတွန်းများစာအုပ်ရေးသားသူ ကာတွန်းဆရာဂျိစံက စာအုပ်ထုတ်ဝေရခြင်းရည်ရွယ်ချက်နှင့် စာအုပ်ထုတ်ဝေဖြစ်ပုံတို့ကို ရှင်းလင်းပြောကြားသည်။ အခမ်းအနားသို့ ကာတွန်းဆရာများ၊ စာရေးဆရာများနှင့် မီဒီယာများ တက်ရောက်ပြီး အခမ်းအနားအပြီးတွင် YSH ချင်းပေါင်းဖြင့် ဧည့်ခံခဲ့ကြောင်း သိရသည်။

**ခင်ခင်ဝင်း(ပညာရေး)**



## နာဂဒေသတွင် ခေတ်မီတောင်စောင်းစိုက်ပျိုးနည်းစနစ် စံပြကွက်များဖော်ဆောင်မည်

**မုံရွာ ဇူလိုင် ၂၅**

စစ်ကိုင်းတိုင်းဒေသကြီး နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတွင် စိုက်ပျိုးရေးဦးစီးဌာန(ရုံးချုပ်)နှင့် တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနတို့ပူးပေါင်းပြီး ဘဏ္ဍာနှစ်ခြောက်နှစ်အတွင်း မြေ ၃၂၄ ဧကကို ခေတ်မီတောင်စောင်းစိုက်ပျိုးနည်းစနစ် စံပြကွက်များအဖြစ် ဖော်ဆောင်စိုက်ပျိုးပေးသွားမည်ဖြစ်ကြောင်း စစ်ကိုင်းတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါက်တာတင်မာမာဦး၏ ပြောကြားချက်အရ သိရသည်။

"နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအတွင်းရှိ လေရှီး၊ လဟယ်နဲ့ နန်းယွန်းမြို့နယ်များတွင် ယခုလက်ရှိ လုပ်ကိုင်လျက်ရှိသော ရွှေ့ပြောင်းတောင်ယာစနစ်မှ ခေတ်မီတောင်စောင်းစိုက်ပျိုးနည်းစနစ်သို့ ပြောင်းလဲနိုင်ရန်၊ မြေဆီလွှာရေတိုက်စားမှု ကာကွယ်ရန်၊ သစ်တောပြုန်းတီးမှုမှကာကွယ်နိုင်ရန်၊ သဘာဝပတ်ဝန်းကျင် ပြောင်းလဲလာမှုကို ကာကွယ်နိုင်ရန်၊ လူပင်ပန်းမှုသက်သာစေရန်အတွက် ခေတ်မီတောင်စောင်းစိုက်ပျိုးနည်းစနစ်ကို ဖော်ဆောင်ပေးတာပါ၊ ရွှေ့ပြောင်းတောင်ယာစနစ်က တစ်နှစ်ကိုတစ်ကြိမ်လောက် ပြောင်းရွှေ့နေရတာ ဖြစ်တယ်၊ ခေတ်မီတောင်စောင်းစိုက်ပျိုးနည်းစနစ်က တစ်နှစ်တစ်ကြိမ် ရွှေ့ပြောင်းစရာမလိုဘူး"ဟု စစ်ကိုင်းတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန ဦးစီးအရာရှိက ပြောသည်။

ရွှေ့ပြောင်းတောင်ယာစိုက်ပျိုးစနစ်မှ ခေတ်မီတောင်စောင်းစိုက်ပျိုးနည်းစနစ်သို့ ပြောင်းလဲနိုင်ရန် စစ်ကိုင်းတိုင်းဒေသကြီး နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသများဖြစ်သော လဟယ်၊ လေရှီးနှင့် နန်းယွန်းမြို့နယ်များ၌ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်အတွင်း ခေတ်မီတောင်စောင်းစိုက်ပျိုးနည်းစနစ် မြေကွက် ၂၈ ဧကကို ဖော်ဆောင်ကာ စံပြကွက်များအဖြစ် စိုက်ပျိုးပြသခဲ့ပြီးဖြစ်သည်။ ဆက်လက်၍ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်တွင် ၃၉ ဧက၊ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်တွင် ၄၇ ဧက၊ ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်တွင် ၅၈ ဧက၊ ၂၀၂၁-၂၀၂၂ ဘဏ္ဍာနှစ်တွင် ၆၉ ဧကနှင့် ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် ၈၃ ဧက စုစုပေါင်း ၃၂၄ ဧကတို့ကို စံပြကွက်များအဖြစ် ဆက်လက်ဖော်ဆောင်ပြသသွားမည်ဖြစ်ကြောင်း သိရသည်။

**ဝင်းဦး(ဇေယျာတိုင်း)**



ခေတ်မီတောင်စောင်းစိုက်ပျိုးနည်းစနစ်ကို စိုက်ပျိုးရေးဌာနဝန်ထမ်းများက သရုပ်ပြစဉ်။

## ကလေးမြို့နယ် ပြင်သာရွာ၌ ရေဘေးကြိုတင်ကာကွယ်ရေး သရုပ်ပြလေ့ကျင့်မှုဆောင်ရွက်မည်

**ကလေး ဇူလိုင် ၂၅**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့နယ်အတွင်း ရေဘေးကျရောက်လာပါက ထိခိုက်ဆုံးရှုံးမှုနည်းပါးစေရန်အတွက် ကြိုတင်လက်တွေ့သရုပ်ပြ လေ့ကျင့်မှုတစ်ရပ်ကို ကလေးခရိုင်နှင့် မြို့နယ်စီမံခန့်ခွဲမှုကော်မတီ၏ ဦးဆောင်မှုဖြင့် အနိမ့်ပိုင်းဒေသဖြစ်သည့် ပြင်သာကျေးရွာ၌ ဇူလိုင် ၂၆ ရက်တွင် ပြုလုပ်မည်ဖြစ်ကြောင်း သိရသည်။

အဆိုပါကျေးရွာ၌ ပြည်သူများအတွက် ကယ်ဆယ်ရေစခန်းကို တပ်ဦးသီတာရပ်ကွက်ရှိ အမှတ်(၇) အခြေခံပညာအထက်တန်းကျောင်း၌ ဖွင့်လှစ်ထားရှိရာ ရေဘေးသင့်ပြည်သူများ၊ ထိခိုက်လွယ်အုပ်စု လေးအုပ်စု၊ အိမ်မွေးတိရစ္ဆာန်များကို သတ်မှတ်ထားသည့် ရေဘေးရှောင်ကယ်ဆယ်ရေးစခန်းသို့ ရွှေ့ပြောင်းပို့ဆောင်ပေးခြင်း၊ နေရာချထားခြင်း၊ ရေကျပြီးပါက မူလကျေးရွာသို့ပြန်လည်ပို့ဆောင်ပေးခြင်းတို့ကို သရုပ်ပြလေ့ကျင့်မှုပြုလုပ်မည်ဖြစ်ကြောင်း သိရသည်။

ကလေးဒေသတွင် ပြီးခဲ့သည့် ၂၀၁၇ ခုနှစ် မိုးတွင်းကာလက ရေကြီးရေလျှံမှုဖြစ်ပွားခဲ့ရာ ပျက်စီးဆုံးရှုံးမှုနည်းနိုင်သမျှနည်းအောင် ကလေးခရိုင်နှင့် မြို့နယ်စီမံခန့်ခွဲမှုကော်မတီတို့၏ စနစ်တကျဦးဆောင်စီမံခန့်ခွဲမှုဖြင့် ရေဘေးကယ်ဆယ်ရေးဇုန်ငါးဇုန် သတ်မှတ်၍ ရေဘေးအန္တရာယ်ကယ်ဆယ်ရေးစခန်းများ ဖွင့်လှစ်ခြင်း၊ တာဝန်ကျဌာနဆိုင်ရာများနှင့် အရပ်ဘက်အဖွဲ့အစည်းများပါဝင်သည့် ရေဘေးကြိုတင်ကာကွယ်ရေးကော်မတီများ၊ ကလေးတပ်နယ်မှ နယ်မြေခံတပ်မတော်သားများ၊ ရဲတပ်ဖွဲ့များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ NGO နှင့် CSO အဖွဲ့အစည်းများပူးပေါင်း၍ ဇုန်အလိုက်ခွဲကာ နေ့စဉ် ရေကင်းစောင့်ကြည့်ခြင်း၊ မိုးလေဝသ အခြေအနေများ၊ မြစ်သာမြစ်ရေနှင့် ချင်းတွင်းမြစ်ရေတိုင်းထွာချက်များ၊ ရာဇဂြိုဟ်ရေလှောင်တမံ၊ မြစ်သာရေလှောင်တမံအခြေအနေများကို စောင့်ကြည့်သတင်းထုတ်ပြန်ပေးခြင်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးလုပ်ငန်းတွင် လူမှုရေးနှင့် ကျန်းမာရေးလိုအပ်ချက်များ ဖြည့်ဆည်းဆောင်ရွက်ပေးခြင်း စသည်တို့ကို ဆောင်ရွက်ခဲ့သည်။

ထို့အပြင် ရေဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး လက်တွေ့သရုပ်ပြလေ့ကျင့်မှုများကိုလည်း ကြိုတင်ကာကွယ်မှုအနေဖြင့် ကလေးမြို့နယ် ရေလဲဦးကျေးရွာနှင့် ဖောင်ကူးကျေးရွာတို့တွင် ပြုလုပ်ပေးနိုင်ခဲ့ခြင်းတို့ကြောင့် ပြည်သူများအနေဖြင့် လက်တွေ့ရေဘေးကြုံရသည့်အခါ ကြိုတင်လေ့ကျင့်ထားမှုက များစွာအကျိုးဖြစ်ထွန်းစေခဲ့ကြောင်း သိရသည်။

**ချင်းတွင်းသား**



ပြီးခဲ့သည့်နှစ်က ဖြစ်ပွားခဲ့သည့် ကလေးဒေသ ရေကြီးမှုမြင်ကွင်း။

## စွန့်လွှတ်မြေများအတွက် လယ်ယာမြေလုပ်ပိုင်ခွင့် ယာယီပုံစံ(၃)များ ပေးအပ်

**ဖန်းမော် ဇူလိုင် ၂၅**

ကချင်ပြည်နယ် ဗန်းမော်ခရိုင် ဒေါ့ဖုန်းယန်မြို့အတွင်း တပ်ရင်းတပ်ဖွဲ့များမှ ပြန်လည်စွန့်လွှတ်အပ်နှံသည့် လယ်ယာမြေများအတွက် လယ်ယာမြေလုပ်ပိုင်ခွင့် ယာယီပုံစံ(၃)များကို မူလပိုင်ရှင်တောင်သူများထံသို့ ဇူလိုင် ၂၄ ရက်က ပြန်လည်လွှဲပြောင်းပေးအပ်ခဲ့သည်။

ဒေါ့ဖုန်းယန်မြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည့် လယ်ယာမြေလုပ်ပိုင်ခွင့် ယာယီပုံစံ(၃)များ ပေးအပ်ပွဲတွင် ကချင်ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးထွန်းတင်က အမှာစကားပြောကြားပြီး ဗန်းမော်ခရိုင် လယ်ယာမြေနှင့် အခြားမြေများသိမ်းဆည်းခံရမှုများ ပြန်လည်စိစစ်ရေးကော်မတီ အတွင်းရေးမှူး ဦးမျိုးမင်းဦးက ပုံစံ(၃)ပေးအပ်ခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ၊ ပြည်နယ်လမ်းပန်းဆက်သွယ်ရေး၊ လျှပ်စစ်နှင့် စက်မှုလက်မှုဝန်ကြီး ဦးဝင်းညွန့်၊ ဗမာတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဦးခင်မောင်မြင့်၊ လီဆူတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဦးအားတီယောဟန်နှင့် တာဝန်ရှိသူများက မံမော်ကျေးရွာ၊ တာဆိုင်ကျေးရွာနှင့် အူထန်ယန်ကျေးရွာတို့မှ မူလမြေပိုင်ရှင် တောင်သူ ၂၆ ဦးထံသို့ လယ်ယာမြေ ၁၄၄ ဒသမ ၄၃ ဧကအတွက် လယ်ယာမြေလုပ်ပိုင်ခွင့် ယာယီပုံစံ(၃)များကို ပေးအပ်ခဲသည်။

**ခရိုင်(ပြန်/ဆက်)**

## ဝက်လက်မြို့နယ်၌ မိုးသီးနှံများအချိန်မီစိုက်ပျိုးနိုင်ရေး အခမဲ့ကူညီထွန်ယက်ပေးနေ

**ဝက်လက် ဇူလိုင် ၂၅**

စစ်ကိုင်းတိုင်းဒေသကြီး ဝက်လက်မြို့နယ်တွင် ဇွန်လဆန်းက မိုးအဆက်မပြတ်ရွာသွန်းမှုကြောင့် ပျက်စီးခဲ့သည့် သီးနှံစိုက်ကေများ၌ သီးနှံများ ပြန်လည်စိုက်ပျိုးရန် ထွန်ယက်ရေးအကူ ဆောင်ရွက်နေမှုနှင့် ကောက်စိုက်စက်ဖြင့် စိုက်ပျိုးရန် ပျိုးထောင်နေမှုများကို စစ်ကိုင်းတိုင်းဒေသကြီး စက်မှုလယ်ယာဦးစီးဌာနမှူး ဦးခင်မောင်ဇင်၊ ရွှေဘိုခရိုင်ဦးစီးမှူး ဦးအောင်ကျော်သန်းနှင့် ဝက်လက်မြို့နယ်ဦးစီးမှူး ဦးငွေဇော်စိုးတို့က ဇူလိုင် ၂၃ ရက်က သွားရောက်ကြည့်ရှုအားပေးခဲ့သည်။

ဝက်လက်မြို့နယ် စက်မှုလယ်ယာဦးစီးဌာနအနေဖြင့် လုပ်သားအင်အားရှားပါးမှုကို ကျော်လွှားနိုင်ရန်နှင့် စက်မှုလယ်ယာကူးပြောင်းရေး လုပ်ငန်းစဉ်တစ်ခုဖြစ်သည့် ကောက်စိုက်စက်ဖြင့် စိုက်ပျိုးခြင်းလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် ရည်ရွယ်ချက်များဖြင့် ရွှေဘိုပေါ်ဆန်းစပါး ဧက ၈၀ ကျော်ကို ကျေးရွာငါးရွာတွင် ဇူလိုင် ၁၇ ရက်မှ စတင်ပျိုးထောင်နေပြီး ဝင်းလက်မြေ လယ်ယာဝန်ဆောင်မှုအသင်းနှင့် ပူးပေါင်း၍ ကူဘိုတာကောက်စိုက်စက်သုံးစီးဖြင့် စိုက်ပျိုးခြင်းကို ဩဂုတ်လဆန်းတွင် ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## MINGALAR CINEMAS

www.facebook.com/mingalarcinemas
Mingalar Cinemas facebook

| | | | | | | |
|---|---|---|---|---|---|---|
| သမ္မတ ၀၁-၂၄၆၉၆၂ ၀၁-၂၄၆၉၆၃ | သွင် ၀၁-၃၇၂၅၉၄ ၀၉၇၃၂၃၅၅၆၀ | မင်္ဂလာ သိမ်ကြီးဈေး ၀၁-၂၄၃၀၅၇ ၀၁-၂၄၃၀၅၈ | မင်္ဂလာ ဒဂုံစင်တာ(၂) ၀၉၇၃၂၅၄၀၉၁ ၀၉၇၃၂၅၄၀၉၂ | နေပြည်တော် ၀၉ ၄၅၇၈၄၂၈၈၂ ၀၉ ၄၅၇၈၄၂၈၈၃ | ရွှေဆောင် ၀၉၄၅၅၇၈၄၂၈၈၀ ၀၉၄၅၅၇၈၄၂၈၈၁ | မင်္ဂလာစံပြ ၀၉ ၂၆၀၈၈၇၀၃၅ ၀၉ ၂၆၀၈၈၇၀၃၆ ၀၁ ၂၃၀၃၁၆၅ |
| Top Royal (စိန်ဂေဟာ-ပါရမီ) ၀၉၄ ၂၀၁၈၆ ၂၉၁ ၀၉၄ ၂၀၁၈၆ ၂၉၂ | မင်္ဂလာဝဇီရာ 09261901155,09261901166 စိန်ဂေဟာ 09402177771, 09402177772 09402177773 | မင်္ဂလာ (ဂမုန်းပွင့်) (လှည်းတန်း-စံရိပ်ငြိမ်) ၀၉၇၇၉၀၅၄၆၇၂ ၀၉၇၇၉၀၅၄၆၇၃ | ဝင်းလိုက် မန္တလေး မြို့မ မန္တလေး | မင်္ဂလာဒိုင်းမွန်း မန္တလေး ၀၉၄၀၂၇၆၅၆၃ ၀၉၄၀၂၇၆၅၆၄ | Central Point မန္တလေး 09954086841 09954086842 09954086843 | (မန္တလေး)မင်္ဂလာ မန်းနေပြည်တော် ၀၉၉၆၀၉၁၁၂၁၁ ၀၉၉၆၀၉၁၁၃၁၁ |
| မင်္ဂလာထွန်းသီရိ (ပြည်) ၀၉၇၉၁၁၀၃၇၅၁ ၀၉၇၉၁၁၀၃၇၅၂ | မင်္ဂလာ ICON Mall(ပဲခူး) ၀၉၄၅၆၆၀၀၁၁၅ ၀၉၄၅၆၆၀၀၁၁၆ | NEW 3D Cinema တောင်ငူ ၀၉၈၆၆၆၄၅၅ ၀၉၇၇၅၃၅၈၉၁-၂ | မင်္ဂလာစံပြ(မကွေး) ၀၉ ၇၆၈၅၂၅၇၇၄၀ ၀၉ ၇၆၈၅၂၅၇၇၄၂ ၀၉ ၇၆၈၅၂၅၇၇၄၃ | မင်္ဂလာ ရွှေဟသာ (ပဲခူး) | မင်္ဂလာ ဘုရင့် (မော်လမြိုင်) ၀၉၄၄၁၁၂၂၈၈၁ ၀၉၄၄၁၁၂၂၈၈၂-၃ | မင်္ဂလာ မြစန္ဒာ(မုံရွာ) မင်္ဂလာ Ocean |

### ကာဗွန်ဒိုင်အောက်ဆိုဒ်

ရန်ကုန် - သမ္မတ၊ သွင်၊ မင်္ဂလာ(၁)၊ Top Roy၊ မင်္ဂလာစံပြ၊ မင်္ဂလာ(ဂမုန်းပွင့်)၊ စိန်ဂေဟာ(လှိုင်သာယာ)
မန္တလေး - ဝင်းလိုက်၊ မန်နေပြည်တော်၊ မင်္ဂလာဒိုင်းမွန်း၊ Central Point
ပြည် - မင်္ဂလာထွန်းသီရိ
ပဲခူး - မင်္ဂလာ Icon၊ မင်္ဂလာ ရွှေဟသာ
တောင်ငူ - NEW 3D CINEMA
မော်လမြိုင် - မင်္ဂလာဘုရင့် မကွေး - မင်္ဂလာစံပြ
မုံရွာ - မင်္ဂလာမြစန္ဒာ၊ မင်္ဂလာ Ocean

### ဘော်ဘော်ကဇော်

ရန်ကုန် - ရွှေဆောင်၊ မင်္ဂလာစံပြ၊ မင်္ဂလာ(ဂမုန်းပွင့်)၊ မင်္ဂလာဝဇီရာ
မန္တလေး - မြို့မ၊ မင်္ဂလာ ဒိုင်းမွန်း

### MISSION IMPOSSIBLE FALLOUT(3D)

ရန်ကုန် - နေပြည်တော်၊ မင်္ဂလာ(၂)၊ မင်္ဂလာစံပြ၊ မင်္ဂလာ(ဂမုန်းပွင့်)၊ စိန်ဂေဟာ(လှိုင်သာယာ)
မန္တလေး - မင်္ဂလာ ဒိုင်းမွန်း၊ Central Point
ပြည် - မင်္ဂလာထွန်းသီရိ
ပဲခူး - မင်္ဂလာ Icon၊ မကွေး - မင်္ဂလာစံပြ
တောင်ငူ - NEW 3D CINEMA မုံရွာ - မင်္ဂလာ Ocean

### ANTMAN AND THE WASP (3D)

ရန်ကုန် - နေပြည်တော်၊

### KUNTILANAK

ရန်ကုန် - နေပြည်တော်၊

### ဝိုင်းကြီးချုပ်စမှန်ဆာ

ရန်ကုန် - ရွှေဆောင်၊ မင်္ဂလာစံပြ၊ မင်္ဂလာ(ဂမုန်းပွင့်)
မန္တလေး - မင်္ဂလာ ဒိုင်းမွန်း မုံရွာ - မင်္ဂလာ Ocean

### ၂၇-၇-၂၀၁၈ နေ့မှ ပြသည့် ဇာတ်ကားသစ်များ




ပွဲချိန် - ၁၀း၀၀ နာရီ၊ ၁၂း၃၀ နာရီ၊ ၃း၃၀ နာရီ၊ ၆း၃၀ နာရီ၊ ၉း၃၀ နာရီ




## ကန့်ကွက်နိုင်ပါသည်။

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၂၉ဒီ၊ မြေကွက်အမှတ်-၄၇၅စီ/၈အေ+၄၇၅စီ/၉စီ၊ ဧရိယာ-၀. ၂၆၁ဧကရှိ ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ (၁၀)ရပ်ကွက်၊ ဓမ္မစေတီလမ်း၊ အမှတ်-(၁၀၃)ဟုခေါ်တွင်သော ဂရန်ရှိမြေပိုင်မြေကွက်နှင့် ယင်းမြေကွက်သို့ ဝင်ထွက်ရာလမ်းဖြစ်သောမြေကွက်အမှတ်-၄၇၅စီ/၈စီ+၄၇၅စီ/၁၀စီ၊ ဧရိယာ-၀. ၀၃၁ဧကရှိ လမ်းမြေကိုထာဝစဉ်သုံးစွဲခွင့်အပါအဝင် မြေပေါ်ရှိအကျိုးခံစားခွင့်အရပ်ရပ်တို့သည် ဒေါ်မြစိန်(၁၂/ကမရ(နိုင်)၀၄၃၉၈၇)နှင့် ဦးကျော်ဇော (၁၂/ကမရ(နိုင်)၀၄၃၉၈၈)တို့၏အမည်ပေါက်ဖြစ်ပြီး ဒေါ်မြစိန်မှမိမိကိုယ်တိုင်အတွက်နှင့် ဦးကျော်ဇောမှ လွှဲအပ်ပေးထားသော အထူးကိုယ်စားလှယ်လွှဲစာမှတ်ပုံတင်အမှတ်-၃၄၃၄/၂၀၁၃အရတစ်ဦးတည်းတာဝန်ယူလွှဲပြောင်းရောင်းချရန်ကမ်းလှမ်းရာ ၎င်းထံမှကျွန်ုပ်၏မိတ်ဆွေကဝယ်ယူရန်သဘောတူ၍ ရောင်းဖိုးငွေ၏တစ်စိတ်တဒေသကိုပေးချေပြီးဖြစ်ပါသဖြင့် အဆိုပါမြေနှင့်အိမ်အပေါ် ပိုင်ရေးဆိုင်ခွင့်ရှိသူမည်သူမဆို အရောင်းအဝယ်ကိုကန့်ကွက်လိုပါက ယနေ့မှစ၍ (၇)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထားမူရင်းစာရွက်စာတမ်းများနှင့်တကွ ကျွန်ုပ်ထံလူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကုန်ဆုံးသည့်တိုင် ကန့်ကွက်သူမရှိပါကအရောင်းအဝယ်ကိုဥပဒေနှင့်အညီပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

ညွှန်ကြားချက်အရ
သင်းကြူစိုး LL.B., LL.M.
တရားလွှတ်တော်ရှေ့နေ (စဉ်- ၆၅၅၆)
ရုံး-အမှတ်-၅၅၊ အခန်း-၂၆၊ တတိယထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း- ၀၁-၃၇၈၇၉၉၊ ၀၉-၅၀-၁၆၃၅၂၊ ၀၉-၇၉၇၉၀၅၉၅၉။

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်(၃၇)၊ ဦးရွှေဖံအောင်၊ မြေကွက်အမှတ် (၄၉၆)၊ အကျယ်အဝန်း (၄၀ပေ×၆၀ပေ)ရှိ ဒေါ်စန်းစန်းအေး(၁၁/ကဖန(နိုင်)၀၀၅၃၇၀) အမည်ပေါက် နှစ်(၆၀)ဂရန်မြေကွက်အနက်မှ ခြေရင်းဘက်ခြမ်း၊ အကျယ်အဝန်း (၂၀ပေ× ၆၀ပေ)ရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိသူ ဒေါ်ခင်ရွှေ (၁၂/စခန (နိုင်) ၀၁၆၃၂၁) ထံမှ ကျွန်ုပ်တို့ မိတ်ဆွေက ဝယ်ယူရန်အတွက် စရံငွေ ပေးချေထားပြီး ဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်တို့ထံသို့ စာရွက်စာတမ်း အထောက်အထား မူရင်းများဖြင့် ယနေ့မှစ၍ (၇) ရက်အတွင်း လာရောက် ကန့်ကွက် နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ
ဦးခင်မောင်ဦး LL.B, D.B.L, D.I.L., တရားလွှတ်တော်ရှေ့နေ(စဉ်-၈၈၅၂)
ဦးထိန်လင်းသန့် LL.B, D.B.L, D.I.L, D.M.L, တရားလွှတ်တော်ရှေ့နေ(စဉ်-၈၈၈၂)
Hein Htet San Law Firm ဖုန်း- ၀၉၅၅၀၆၁၄၆၊ ၀၉၅၅၀၄၂၆၅

## ကန့်ကွက်နိုင်ပါသည်

မင်္ဂလာတောင်ညွန့်မြို့နယ်၊ မင်္ဂလာဈေးကြီးသည် ၉-၁-၂၀၁၆ ရက် နံနက်ပိုင်းတွင်မီးသင့်လောင်ကျွမ်းခဲ့ပါသည်။ သို့ဖြစ်ပါ၍ မင်္ဂလာဈေးမြေညီထပ်၊ ဆိုင်အမှတ် (၅၁၉) အမည်ပေါက် ဒေါ်လှလှဝင်း ၁၂/ကတတ(နိုင်)၀၀၆၄၀၆ ၏ဆိုင်ခန်းမှတ်ပုံတင်စာအုပ်အမှတ်(S-13512)မှာ ဈေးမီးလောင်ရာတွင် ဆိုင်ရှိပစ္စည်းများသိမ်းဆည်းရာ၌ ပျောက်ဆုံးသွားပါသဖြင့် အသစ်ပြန်လည်လျှောက်ထားထုတ်ယူနိုင်ရေးအတွက် ကန့်ကွက်မှု ရှိ/မရှိ အသိပေးကြောင်းကြားအပ်ပါသည်။ ကန့်ကွက်လိုပါက (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။
ဒေါ်လှလှဝင်း ၊ ဖုန်း- ၀၉- ၄၅၄၈၃၉၃၉၅

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 2H/9514 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ကညန၊ ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 5J/4419 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ကညန၊ ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)**

# YANGON
## international airport




ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ် Terminal 2 ရှိ လေကြောင်းလိုင်းများအားလုံးသည် ဇူလိုင်လ ( ၂၇ )ရက်နေ့မှ စတင်၍ Terminal 1 သို့ ပြောင်းရွှေ့ပြေးဆွဲသွားမည်ဖြစ်ပါသည်။

AIR INDIA · Biman BANGLADESH AIRLINES · 中華航空 CHINA AIRLINES · malaysia AIRLINES · myanmar national airlines · NOK AIR · Jetstar · QATAR AIRWAYS القطرية · THAI · THAI Smile · vietjetAir.com

## Terminal 1 သို့ ပြောင်းရွှေ့ပြီး လေကြောင်းလိုင်းများ

| | | | | | |
|---|---|---|---|---|---|
| Biman BANGLADESH AIRLINES | B6 060 | Arrival | 15:30 | Check-in | Row C Counter 11,12,13 |
| | B6 061 | Departure | 16:15 | Time | Open 13:45, Close 15:45 |
| vietjetAir.com | VJ 917 | Arrival | 13:30 | Check-in | Row B Counter 7,8,9 |
| | VJ 918 | Departure | 14:30 | Time | Open 12:00, Close 13:40 |
| NOK AIR | DD 4230 | Arrival | 07:30 | Check-in | Row D Counter 11,12, 13 |
| | DD 4238 | | 20:15 | | |
| | DD 4231 | Departure | 08:05 | Time | Open 06:05, Close 07:35 |
| | DD 4239 | | 21:00 | | Open 19:00, Close 20:30 |

**For More Updates**

www.facebook.com/yangonairport

01-9670777 (24 hrs Hotline)

Information Counter, T1 (Inside Gate 4)

Airport Assistance Officers

YANGON aerodrome

www.yangonairport.aero

## ကျိုက်လတ်မြို့နယ်အသင်း(ရန်ကုန်)
## ၂၀၁၈ခုနှစ်၊ ဝါဆိုသင်္ကန်းကပ်လှူပွဲ
## တက္ကသိုလ်ဝင်စာမေးပွဲတွင် (၃)ဘာသာနှင့်အထက် ဂုဏ်ထူးရ ကျောင်းသား ကျောင်းသူများအား
## ဂုဏ်ပြုပွဲနှင့် အလှူငွေပေးအပ်ပွဲ

ကျိုက်လတ်မြို့နယ်အသင်း(ရန်ကုန်)၏ ၂၀၁၈ခုနှစ် ဝါဆိုသင်္ကန်းကပ်လှူပွဲ၊ တက္ကသိုလ်ဝင်စာမေးပွဲတွင် (၃)ဘာသာနှင့်အထက် ဂုဏ်ထူးရကျောင်းသား ကျောင်းသူများအား ဂုဏ်ပြုပွဲနှင့် အလှူငွေပေးအပ်ပွဲကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပမည်ဖြစ်သဖြင့် ကျိုက်လတ်မြို့နယ် အသင်းဝင်များ၊ ရန်ကုန်ရောက် ကျိုက်လတ်သူ၊ ကျိုက်လတ်သားများ မပျက်မကွက်ကြွရောက် ကုသိုလ်ယူကြပါရန် ဖိတ်ကြားအပ်ပါသည်။

အလှူငွေနှင့် သင်္ကန်းပါဝင်လှူဒါန်းလိုသူများသည် အောက်ပါဖုန်းများသို့ ဆက်သွယ်စာရင်းပေးသွင်းနိုင်ပါသည်။ ဦးအောင်ကြီး (ဖုန်း-၀၉-၂၅၄၄၀၉၅၃၇)၊ ဒေါ်ခင်ချိုဦး (ဖုန်း-၀၉-၃၁၀၄၈၄၂၃)၊ ဦးတင့်ဝေ(ဖုန်း-၀၉-၇၉၅၂၁၆၈၇၈)၊ ဦးကြည်မြင့် (ဖုန်း-၀၉-၄၂၀၁၃၀၄၃၁)၊ ဒေါ်သန်းသန်းလွင် (ဖုန်း-၀၉-၇၉၈၄၆၄၉၄၆)

**ကျင်းပမည့်ရက်/အချိန်** - ၅-၈-၂၀၁၈ ရက် (တနင်္ဂနွေနေ့) နံနက် ၉ နာရီမှ မွန်းတည့် ၁၂ နာရီအထိ

**ကျင်းပမည့်နေရာ** - ပစ္စိမာရုံ ပညာဒါနကျောင်း၊ မိုးကောင်းလမ်းနှင့် အေးသာယာလမ်းထောင့်၊ တပ်မတော်မှတ်တမ်းရုံး ဟောင်းအနီး၊ နေ့လယ်စာဖြင့် ဧည့်ခံပါမည်။

**အလုပ်အမှုဆောင်အဖွဲ့**
**ကျိုက်လတ်မြို့နယ်အသင်း(ရန်ကုန်)**

## မြန်မာ့ဆိပ်ကမ်းအာဏာပိုင်
## ထူးကဲဒီရေတက်မည့်အကြောင်း သတိပေးချက်

၂၀၁၈ခုနှစ်၊ ဇူလိုင်လ ၂၈ရက်မှ ဇူလိုင်လ ၃၁ရက်အထိ ကာလအတွင်းတွင် ရန်ကုန်မြစ်အတွင်း အခြေခံရေစစ်မျဉ်းအထက် အမြင့်ပေ ၂၀ ဒသမ ၀၀ ခန့်မှ ၂၀ဒသမ ၀၁ ပေခန့်အထိ သာမန်ထက်ထူးကဲဒီရေတက်ဖွယ်ရှိကြောင်း၊ ယင်း ထူးကဲဒီရေနှင့်ပတ်သက်၍ ယခင် ၂၀၁၄-၂၀၁၅ ခုနှစ်များတွင် ရန်ကုန်မြစ်အတွင်း အခြေခံရေစစ်မျဉ်းအထက် အမြင့် ၂၂ပေခန့်အထိ တက်ခဲ့ဖူးသဖြင့် စိုးရိမ်ဖွယ်မရှိကြောင်း၊ ရန်ကုန်မြစ်၏ ခန့်မှန်းဒီရေအမြင့်သည် အခြေခံရေစစ်မျဉ်း အထက် အမြင့်ပေ ၂၀ ကျော်လွန်နိုင်သည့်အခါ မြစ်ကမ်းနားဒေသများအနီး နေထိုင်ကြသော လုပ်သားပြည်သူများအား ကြိုတင်ပြင်ဆင်မှုများ ဆောင်ရွက်ထားနိုင်ရန်အလို့ငှာ ယခုကဲ့သို့ သတိပေး သတင်းထုတ်ပြန်ခြင်းဖြစ်ကြောင်း မြန်မာ့ဆိပ်ကမ်းအာဏာပိုင်မှ အသိပေး အကြောင်းကြားအပ်ပါသည်။

## ဒါရိုက်တာအဖွဲ့ဝင်တစ်ဦးနုတ်ထွက်ကြောင်းနှင့် CEO အသစ်ခန့်အပ်ကြောင်း

အင်နိုကယ်ပီတယ်(လ်)မိုက်ခရိုဖိုင်းနက်(စ်)ကုမ္ပဏီလီမိတက် (အမှတ် ၅၁၃ အက်ဖ်စီ/၂၀၁၆-၂၀၁၇(ရက))မှ (၁၆-၇-၂၀၁၈)ရက်၌ ဒါရိုက်တာ Mr. Hyeon Young Kim သည် ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှု ဦးစီးဌာနတွင် ဒါရိုက်တာအဖွဲ့ဝင်အဖြစ်မှ နုတ်ထွက်ပြီးဖြစ်ကြောင်းနှင့် လက်ရှိ ဒါရိုက်တာ Mr.Son Won Min အား Chief Executive Officer (CEO) အဖြစ် ထပ်မံတာဝန်ပေးခန့်အပ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**အင်နိုကယ်ပီတယ်(လ်)မိုက်ခရိုဖိုင်းနက်(စ်)ကုမ္ပဏီလီမိတက်**

## ရွှေတိဂုံစေတီတော်
## ဝါတွင်းကာလ ပုဒ္ဓပူဇနီယပွဲတော်များနှင့် သီလခံယူပွဲများကျင်းပမည်

လေးဆူဓာတ်ပုံ ရွှေတိဂုံစေတီတော်မြတ်ကြီးတွင် (၁၃၈၀ပြည့်နှစ်၊ ဒုတိယဝါဆိုလပြည့်) ၂၇-၇-၂၀၁၈ ရက်တွင် ဓမ္မစကြာအခါတော်နေ့ အခမ်းအနားများနှင့် ဝါဆိုရွှေကြာသင်္ကန်း ကပ်လှူပူဇော်ပွဲအခမ်းအနား၊ ဝါခေါင်လပြည့်နေ့တွင် မေတ္တာအခါတော်နေ့အခမ်းအနား၊ ပန်းပေါင်း(၈၄၀၀၀) ပူဇော်ပွဲအခမ်းအနား၊ ဝါခေါင်လဆန်း ၁ ရက် (၁၂-၈-၂၀၁၈ရက်)တွင် ဒါနဥပပါရမီ စုပေါင်းသွေးလှူဒါန်းပွဲအခမ်းအနား၊ တော်သလင်းလပြည့်နေ့တွင် ဂရုဓမ္မအခါတော်နေ့ အခမ်းအနား၊ သီတင်းကျွတ်လပြည့်နေ့တွင် အဘိဓမ္မာအခါတော်နေ့အခမ်းအနားနှင့် သီတင်းကျွတ်မီးထွန်းပွဲတော် အခမ်းအနားများကို စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ပါသည်။ ထို့အပြင် ဒုတိယဝါဆိုလပြည့်နေ့မှစ၍ ကြားရက် ဥပုသ်နေ့များတွင် ဘုရားဖူးပြည်သူများအနေဖြင့် ရွှေတိဂုံစေတီတော်ဂေါပကအဖွဲ့ဩဝါဒါစရိယဆရာတော်ကြီးများထံမှ သီလခံယူဆောက်တည်နိုင်ရန် သီလခံယူပွဲများ စီစဉ်ထားရှိပါသည်။ သို့ပါ၍ ရဟန်းရှင်လူ ပြည်သူအများ ပါဝင်လှူဒါန်းကုသိုလ်ပြုနိုင်ပါကြောင်း အသိပေးနိူးဆော်အပ်ပါသည်။

**ရွှေတိဂုံစေတီတော် ဂေါပကအဖွဲ့**

## စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန
## ပြည်တွင်းအခွန်များဦးစီးဌာန

# ကုန်သွယ်လုပ်ငန်းခွန်/အထူးကုန်စည်ခွန်များ လစဉ်ကျသင့်ခွန်ပေးဆောင်ခြင်းနှင့် ပတ်သက်၍ အသိပေးနှိုးဆော်ချက်

* တည်ဆဲကုန်သွယ်လုပ်ငန်းခွန် ဥပဒေပုဒ်မ ၁၂၊ ပုဒ်မခွဲ(က)အရ မည်သူမဆို နှစ်တစ်နှစ်အတွင်း အခွန်စည်းကြပ်ထိုက်သော ရောင်းရငွေ သို့မဟုတ် ဝန်ဆောင်မှုရငွေရှိလျှင် လစဉ်ကျသင့်သောအခွန်ကို သက်ဆိုင်ရာလကုန်ဆုံးပြီး (၁၀)ရက်အတွင်း ပေးဆောင်ရမည်ဖြစ်ပါသည်။
* တည်ဆဲကုန်သွယ်လုပ်ငန်းခွန်ဥပဒေပုဒ်မ ၂၁၊ ပုဒ်မခွဲ(ခ)အရ သတ်မှတ်ထားသော အချိန်အတွင်း လစဉ်ကျသင့်အခွန်ပေးသွင်းရန် ပျက်ကွက်ပါက စည်းကြပ်မှုအရ ကျသင့်အခွန်၏ ၁၀% နှင့် ညီမျှသောငွေကို ဒဏ်ငွေအဖြစ် ပေးဆောင်ရမည်ဖြစ်ပါသည်။
* တည်ဆဲအထူးကုန်စည်ခွန် ဥပဒေပုဒ်မ ၈ အရ အထူးကုန်စည်ကို ပြည်တွင်း၌ ထုတ်လုပ်ခြင်းအတွက် ရောင်းချသည့်လ၏ လကုန်ဆုံးပြီး (၁၀)ရက်အတွင်း၊ ထုတ်လုပ်မှုအပေါ် အခွန်ကျသင့်စေရန် ဝန်ကြီးဌာနက အမိန့်ကြော်ငြာစာ ထုတ်ပြန်သတ်မှတ်ထားသည့် အထူးကုန်စည်များဖြစ်ပါက ထုတ်လုပ်သည့်လ၏ လကုန်ဆုံးပြီး (၁၀)ရက်အတွင်း၊ ပြည်ပသို့တင်ပို့ခြင်းဖြစ်ပါက တင်ပို့သည့်လ၏ လကုန်ဆုံးပြီး (၁၀)ရက်အတွင်း အထူးကုန်စည်ခွန်ကို ပေးဆောင်ရပါမည်။
* တည်ဆဲအထူးကုန်စည်ခွန် ဥပဒေပုဒ်မ ၂၂၊ ပုဒ်မခွဲ(ဃ)အရ ပေးဆောင်ရမည့်အခွန်ကို သတ်မှတ်ကာလအတွင်း ပေးသွင်းရန်ပျက်ကွက်လျှင် စည်းကြပ်မှုအရ ထပ်မံပေးဆောင်ရမည့်အခွန်၏ ၁၀% ကို ဒဏ်ငွေအဖြစ် ပေးဆောင်ရမည်ဖြစ်ပါသည်။
* အခွန်ထမ်းပြည်သူများအနေဖြင့် မိမိတို့လုပ်ငန်းအလိုက် လစဉ်ပေးသွင်းရမည့် ကုန်သွယ်လုပ်ငန်းခွန် (သို့မဟုတ်) အထူးကုန်စည်ခွန်တို့ကို သတ်မှတ်ရက်အတွင်း ပေးသွင်းကြပါရန် နှိုးဆော်ပန်ကြားအပ်ပါသည်။
* မရှင်းလင်းသည့်အချက်များကို အခွန်ထမ်းကြီးများဆိုင်ရာ အခွန်ရုံး (သို့မဟုတ်) အလယ်အလတ်အခွန်ထမ်းများဆိုင်ရာ အခွန်ရုံး(၁)၊ (၂)၊ (၃) (သို့မဟုတ်) ဆိုင်ရာမြို့နယ်အခွန်ဦးစီးဌာနမှူးရုံး (သို့မဟုတ်) အခွန်ဆိုင်ရာဝန်ဆောင်မှုရုံး (နေပြည်တော်)ရုံး အမှတ်-၄၆၊ ပြည်တွင်းအခွန်များဦးစီးဌာန၊ ဖုန်းနံပါတ်-၀၆၇-၄၃၀၅၃၃၊ ၀၆၇-၄၃၀၅၂၂၊ (သို့မဟုတ်) အခွန်ဆိုင်ရာဝန်ဆောင်မှုရုံး(ရန်ကုန်) အမှတ် ၅၉/၆၁၊ မြေညီထပ်၊ ပန်းဆိုးတန်းလမ်း၊ ကျောက်တံတားမြို့နယ်၊ ဖုန်းနံပါတ်- ၀၁-၃၇၈၃၇၀၊ ၀၁-၃၇၈၃၇၂၊ (သို့မဟုတ်) အခွန်ဆိုင်ရာဝန်ဆောင်မှုရုံး(မန္တလေး) ၆၅လမ်း၊ ၂၂×၂၃ လမ်းကြား၊ ဖုန်းနံပါတ်- ၀၂-၃၀၁၉၂ တို့သို့ မေးမြန်းစုံစမ်းနိုင်ပါသည်။

**ပြည်တွင်းအခွန်များဦးစီးဌာန**

## အသိပေးဖိတ်ကြားစာ
## ရန်ကုန်ဆန်လှူအသင်းကြီး၏ ဆွမ်းဆန်တော်လှူ ရေစက်ချအခမ်းအနားကို အသင်းတိုက်သစ်ကြီးတွင် ကျင်းပမည်ဖြစ်ပါသည်။

ပရိယတ္တိသာသနာနုဂ္ဂဟ ရန်ကုန်ဆန်လှူအသင်းကြီး၏ (၂၆၄)ကြိမ်မြောက် ဝါဆိုလ ဆွမ်းဆန်တော်လှူ ရေစက်ချအခမ်းအနားကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပပြုလုပ်မည်ဖြစ်ပါသဖြင့် အမှုဆောင်၊ အကျိုးဆောင်၊ အသင်းသူ၊ အသင်းသား၊ အလှူရှင်များကြွရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

**အစီအစဉ်**

**နေ့ရက်** - (၁၃၈၀ပြည့်နှစ်၊ ဒုတိယဝါဆိုလပြည့်) ၂၇-၇-၂၀၁၈ ရက် (သောကြာနေ့)

**အချိန်** - မွန်းလွဲ ၁ နာရီ

**နေရာ** - အမှတ် ၇၇/၇၉၊ အထက်ကြည့်မြင်တိုင်လမ်း၊ ဈေးကြီးအရှေ့ရပ်ကွက်၊ ကြည့်မြင်တိုင်မြို့နယ်

**အမှုဆောင်အဖွဲ့**

## BILLBOARD ADVERTISING @ 21 AD

**ရန်ကုန်** (ပန်းဆိုးတန်းဂုံးကျော်တံတား) (မင်္ဂလာဈေးမီးပွိုင့်)
**တောင်ကြီး** (ဝါးပြားလမ်းဆုံ)
**ရန်ကုန် - မန္တလေးအမြန်လမ်း** (နေပြည်တော်နားနေစခန်း) (၁၁၅မိုင် နားနေစခန်း)
**ပြင်ဦးလွင်** (မန္တလေး - လားရှိုးလမ်းမကြီး ဌေးဌေးကြယ်ကားဂိတ်ဘေး)
**နေပြည်တော်** (မြို့မဈေးကြီးရှေ့) (အမြန်လမ်းနှင့် နေပြည်တော်ဝင်လမ်းထောင့် စီလမ်းဆုံ)
**လားရှိုး** (ဘုတာရုံလမ်းနှင့် ရုံးကြီးလမ်းထောင့်)
**မုံရွာ** (ပြည်ထောင်စုလမ်းနှင့် ကျောက္ကာလမ်းထောင့်) (ပြည်ထောင်စုလမ်းနှင့် အောင်မင်္ဂလာလမ်းထောင့်) (ဗိုလ်ချုပ်လမ်း CHURCH ရှေ့) (ဗိုလ်ချုပ်လမ်းနှင့် ဘူတာရုံလမ်းထောင့် ဗိုလ်ချုပ်ကြေးရုပ်အဝိုင်း)
**စစ်ကိုင်း** (မန္တလေးမုံရွာလမ်းမကြီးပေါ် မြို့ဝင်မုခ်ဦး) (မန္တလေးမုံရွာလမ်းမကြီးပေါ် စစ်ကိုင်းတံတားအဆင်း)
**ပုသိမ်** (မဟာဗန္ဓုလလမ်းမပေါ်တက္ကသိုလ်ဝင်လမ်းထောင့်)(ရန်ကုန် - ပုသိမ်လမ်းမကြီးပေါ်ရွှေရုပ်တုအဝိုင်းအနီး)(ရွှေရုပ်တုအဝိုင်း)
**မော်လမြိုင်** (အထက်လမ်းမကြီးနှင့်အရာတော်လမ်းထောင့်)(အောက်လမ်းမကြီးနှင့် သင်္ဂဟလမ်းထောင့်)(ရဲဘော်ကုန်းအဝိုင်း)

၂၈၂ (ပထပ်)၊ ၃၉လမ်း(အထက်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်။
☎ 377093 09 73043672 09 73200189 09 73200201

## ရွှေခံအိမ်အဆင့်မြင့်တည်းခိုခန်း

ပန်းဆိုးတန်းလမ်းအောက်ဘလောက်မှ ၅မိနစ် သဘော်စီး၊ ဒလဘက်ကမ်းရောက်လျှင် ၅မိနစ်ဆိုက်ကားစီး၊
ကျယ်ဝန်းသည်၊ သန့်ရှင်းသည်၊ အခန်းတိုင်း အဲကွန်းရှိသည်။ မီးပျက်လျှင်မီးစက်မောင်းသည်။
(၁၃၉၉) ဗိုလ်ချုပ်(၁)လမ်း၊ ဗညားဒလရပ်ကွက်၊ ဒလမြို့နယ်။

☎ ၀၁ ၂၆၉၁၅၅
၀၉ ၂၅၀၆၆၇၀၂၈
၀၉ ၄၉၂၆၂၇၅၉
၀၉ ၂၅၂၀၈၂၅၃၃

၁၃၀၀၀ကျပ် ၂၀၀၀၀ကျပ်

## အမည်ပြောင်း

တနင်္သာရီတိုင်းဒေသကြီး၊ ကျွန်းစုမြို့နယ်၊ သဲချောင်းကျေးရွာနေ ဦးမောင်ထွန်း၏သမီး မညိုမာအေးအား မဆုမြတ်နိုးဇွန် ၆/ကစန(နိုင်) ၀၅၁၉၀၃ ဟု ပြောင်းလဲခေါ်ပါရန်။

**မဆုမြတ်နိုးဇွန်**

## တစ်ဦးတည်းဖြစ်ပါကြောင်း

ဦးသောင်းတန်၏သမီး၊ ရွှေဘိုခရိုင်၊ ဒီပဲယင်းမြို့နယ်၊ ညောင်လှကျေးရွာ၊ အထက(ခွဲ) ကျောင်းအုပ်ဆရာမကြီး ဒေါ်မြင့်မြင့်မေ ၅/ရဘန(နိုင်)၀၄၇၉၇၈နှင့် ဒေါ်မြင့်မေသည် တစ်ဦးတည်းဖြစ်ပါကြောင်း။ **ဒေါ်မြင့်မြင့်မေ(ခ)ဒေါ်မြင့်မေ**

## လင်းယုန်အဆင့်မြင့်တည်းခိုခန်း

ရန်ကုန်လေဆိပ်၊ အောင်မင်္ဂလာအဝေးပြေးဂိတ်သို့ သွားရလွယ်ကူသည်။
သန့်ရှင်းသည်။ အခန်းတိုင်းအဲကွန်းရှိသည်။ ရေချိုးခန်းပါသည်။ ဘိုထိုင်ပါသည်။ မီးပျက်လျှင် မီးစက်မောင်းသည်။
(၁၉၂)အာသာဝတီလမ်း(ဘုန်းကြီးလမ်း)၊ မြောက်ဥက္ကလာ၊ မယ်လမုဘုရားမီးပွိုင့်အနီး

☎ ၀၁ ၆၅၆၀၈၈
၀၉ ၇၃၀၄၃၆၇၃
၀၉ ၄၀၄၇၇၁၆၀၁

၁၀၀၀၀ ကျပ် ၁၅၀၀၀ ကျပ်

## အမည်ပြောင်း

ဦးအောင်ကျော်မြင့်၏သား ရန်ကုန်မြို့၊ ဒဂုံတက္ကသိုလ် ပထမနှစ်(သမိုင်း)မှ မောင်ထက်အောင်ကျော် ၅/ရဘန(နိုင်)၂၁၆၆၆၂အား မောင်မြတ်ဖုန်းခန့်ဟု ပြောင်းလဲခေါ်ပါရန်။

**မောင်မြတ်ဖုန်းခန့်**

## ဖခင်အမည်မှန်

လှိုင်သာယာမြို့နယ်၊ အထက(၁) သတ္တမတန်း(E)မှ မယဉ်မိုးသူ ၏ဖခင်အမည်မှန်မှာ ဦးမင်းမင်းမောင် ဖြစ်ပါသည်။

**ဦးမင်းမင်းမောင်**

## ဖောင်းကြွပျောက်ဆုံးခြင်း / လျှောက်ထားခြင်း

ယာဉ်အမှတ် 8E/4084 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ကညန၊ ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ပညာရေးဝန်ကြီးဌာန
## နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေးဦးစီးဌာန
## SMVTI သက်မွေးပညာသင်တန်းကျောင်း
## SMVTI Vocational Training Institute
## သင်တန်းသားသစ်များခေါ်ယူခြင်း

(၁) တက္ကသိုလ်ဝင်တန်းအောင်မြင်ပြီး အသက်(၁၆)နှစ်နှင့်အထက်ရှိသော ကျောင်းသား၊ ကျောင်းသူများ လျှောက်ထားနိုင်သည်။

(၂) သင်တန်းကာလ(၆)လ တက်ရောက်ရမည်ဖြစ်ပြီး သင်တန်းပြီးဆုံးကြောင်း အသိအမှတ်ပြုအောင်လက်မှတ် (Certificate)ရရှိပါမည်။

(၃) ခေတ်မီ Lab ပစ္စည်းများအသုံးပြု၍ စာတွေ့လက်တွေ့သင်ကြားပို့ချပေးပါမည်။

(၄) Engineering & Technology နှင့် Hospitality & Tourism ဘာသာရပ်များအတွက် လုပ်ငန်းခွင် ကျွမ်းကျင်သောသင်တန်းသား၊ သင်တန်းသူများ မွေးထုတ်ပေးရန် ရည်ရွယ်ပါသည်။

(၅) လျှောက်လွှာနှင့်အတူ တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်ကြောင်း အောင်လက်မှတ်မိတ္တူ၊ အမှတ်စာရင်းမိတ္တူ၊ ကျောင်းသား၏မှတ်ပုံတင်မိတ္တူတို့အား ပူးတွဲလျှောက်ထားရမည်ဖြစ်ပါသည်။

(၆) လျှောက်ထားသည့်အချိန်တွင် စာမေးပွဲအောင်မြင်ကြောင်း အောင်လက်မှတ်မူရင်း၊ အမှတ်စာရင်းမူရင်း၊ ကျောင်းသား၏ မှတ်ပုံတင်မူရင်းတို့အား တစ်ပါတည်းတင်ပြနိုင်ရမည်။ (တိုက်ဆိုင်စစ်ဆေးရန်ဖြစ်ပါသည်။) မှတ်ပုံတင်မရှိပါက (၃)လအတွင်း ပြုလုပ်ထားသော ရပ်ကွက်ရဲစခန်းထောက်ခံစာမူရင်းနှင့်တကွ ပူးတွဲလျှောက်ထားနိုင်ပါသည်။

(၇) လျှောက်ထားသူများ Interview ဖြေဆိုရပါမည်။

(၈) Hospitality & Tourism ဘာသာရပ်လျှောက်ထားသူများ ပတ်(စ်)ပို့ဓာတ်ပုံ(၁)ပုံ ယူလာရပါမည်။

**ဖွင့်လှစ်မည့်သင်တန်းများ**

Courses for Hospitality & Tourism
1. Front Office Operations
2. Housekeeping Operations
3. Restaurant Operations
4. Retail Operations

Courses for Engineering & Technology
1. Electrical Technology
2. Electronic (Computer Networking)
3. Residential Air-Conditioning
4. Building Fixtures & Equipment
5. Mechatronices (Basic Servicing)
6. General Welding

**သင်တန်းဖွင့်လှစ်မည့်ရက်** - ၂၀၁၈ နိုဝင်ဘာ ၅ရက်
**သင်တန်းနေရာ** - SMVTI သက်မွေးပညာသင်တန်းကျောင်း အမှတ်(၁၂၃)၊ နတ်မောက်လမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။
**ဆက်သွယ်စုံစမ်းရန်ဖုန်း** - ၀၉-၇၈၁၀၀၂၅၇၂ (General Office)

**လျှောက်ထားခြင်းကို ၆-၈-၂၀၁၈ရက်မှ ၁၇-၈-၂၀၁၈ရက်အထိ နံနက် ၉း၀၀နာရီမှ ညနေ ၄း၀၀နာရီအတွင်း လျှောက်ထားနိုင်ပါသည်။**

**မှတ်ချက်။ ။အစိုးရရုံးပိတ်ရက်များ ပိတ်မည် ဖြစ်ပါသည်။**



## G.E.C (ပညာရေး)တာမွေ အမြှတ်ဝေစုခွဲဝေခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ G.E.C(ပညာရေး)သမဝါယမအသင်းလီမိတက်၏ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ် အရပ်ရပ်ဆိုင်ရာစည်းဝေးပွဲ ၂၂-၇-၂၀၁၈ ရက်တွင် အသင်းသားများ၏ အမြှတ်ဝေစုအဖြစ် တစ်ဦးလျှင် ၉၆၀၀၀/- နှုန်းဖြင့် ၅၆၅ ဦးအတွက် ခွဲဝေ ၅၄၂၄၀၀၀၀/-ကို ဥက္ကဋ္ဌ ဆရာမကြီးဒေါ်ခင်စန်းမြင့်မှ အသင်းသားများသို့ ခွဲဝေပေးနိုင်ခဲ့ပါသည်။

**အမှုဆောင်ဒါရိုက်တာအဖွဲ့**
**G.E.C (ပညာရေး) တာမွေမြို့နယ်**



## ပျဉ်းမနားမြို့နယ်အသင်း(ရန်ကုန်)
## ပျဉ်းမနားမိသားစုများနှစ်ပတ်လည်ဆုံစည်းပွဲ ဖိတ်ကြားလွှာ

ရန်ကုန်မြို့တော်ရောက် ပျဉ်းမနားမိသားစုများ ဆုံစည်းကာ သက်ကြီးပူဇော်ပွဲပညာရည်ချွန်ဆုပေးပွဲကို ပျဉ်းမနားမြို့နယ်အသင်း(ရန်ကုန်)က ကြီးမှူးကျင်းပမည်ဖြစ်ပါ၍ ကြွရောက်ပါရန် ရိုသေစွာဖိတ်ကြားအပ်ပါသည်။

**အခမ်းအနား အစီအစဉ်**

နေ့ရက် - ၂၈.၇.၂၀၁၈ (စနေနေ့)
အချိန် - နံနက်(၉း၀၀)နာရီမှ (၁၁း၀၀)နာရီထိ
နေရာ - Central Hotel (Jade Hall)



## ကြို့ပင်ကောက်မြို့နယ်အသင်း (ရန်ကုန်)
## ဝါဆိုသင်္ကန်းကပ်လှူပွဲ ဖိတ်ကြားလွှာ

ကြို့ပင်ကောက်မြို့နယ်အသင်း(ရန်ကုန်) ဝါဆိုသင်္ကန်းကပ်လှူပူဇော်ပွဲကို ၅-၈-၂၀၁၈ ရက် တနင်္ဂနွေနေ့ နံနက် ၉း၀၀ နာရီတွင် အရိယာမွှေရုံ၊ မိုးကောင်းဘုရား(ရန်ကင်းမြို့နယ်)၌ ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ အသင်းသူ/အသင်းသားများ ကြို့ပင်ကောက်မိသားစုများပါ စုံစုံညီညီကြွရောက်နိုင်ပါရန်နှင့် လှူဒါန်းလိုသူများ

၁။ ဒေါ်ယုဇော်(ရန်ကုန်) ဥက္ကဋ္ဌ ဖုန်း-၀၁-၅၅၅၈၁၂၊ ၅၅၅၈၁၇
၂။ ဦးဇေယျာဝင်း(ရန်ကုန်) အတွင်းရေးမှူး ဖုန်း-၀၉-၅၀၆၁၀၉၃
၃။ ဦးဌေးဝင်း(ရန်ကုန်) တွဲဖက်အတွင်းရေးမှူး ဖုန်း-၀၉-၅၀၆၄၇၆၉
၄။ ဦးစိုးမြင့်(ရန်ကုန်) ဘဏ္ဍာရေးမှူး ဖုန်း-၀၉-၄၃၀၆၇၆၂၁
၅။ ဒေါ်မာလာရည်(ရန်ကုန်) တွဲဖက်အတွင်းရေးမှူး ဖုန်း-၀၉-၇၉၅၃၆၆၃၂၉

သို့ ဆက်သွယ်လှူဒါန်းနိုင်ပါသည်။

**(ကြို့ပင်ကောက်ထမင်းသုပ်ဖြင့် ဧည့်ခံကျွေးမွေးပါမည်။)**



## လူပျောက်ကြော်ငြာ

မန္တလေးမြို့၊ မဟာမြိုင် (၁)ရပ်ကွက်၊ အပိုင်း(၃)၊ ဘီလမ်းနေ (ဦးခင်မောင်အေး)-ဒေါ်ခင်ညိုညိုဝင်းတို့၏သမီး မအိသဲခိုင် ၉/မဟမ(နိုင်)၀၅၂၄၉၀ သည် ၂၁-၇-၂၀၁၈ ရက် ညနေ ၅း၀၀ နာရီတွင် နေအိမ်မှ အပြင်ခဏသွားမည်ဟုပြောပြီး ထွက်သွားရာ ယနေ့အချိန်ထိ ပြန်လည်ရောက်ရှိလာခြင်းမရှိပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်နှင့် လက်ခံထားသူများအား ဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**မိခင်- ဒေါ်ခင်ညိုညိုဝင်း**
**ဖုန်း-၀၉-၇၈၇၃၀၄၀၆၆၊ ၀၉-၇၉၈၆၀၈၃၀၀**



**ဖခင်အမည်မှန်**

ပျော်ဘွယ်မြို့နယ်၊ လျှော်ဖြူကုန်းကျေးရွာ၊ အထက(၅) တက္ကသိုလ်ဝင်တန်းမှ မန္တယဉ်ဝင်း၏ ဖခင်အမည်မှန်မှာ ဦးဌေး ၉/သစန(နိုင်)၁၂၅၂၇၆ ဖြစ်ပါကြောင်း။ **ဦးဌေး**



# ကြော်ငြာဘုတ်လျှောက်လွှာခေါ်ယူခြင်း

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီသည် ရန်ကုန်မြို့တော်အား သန့်ရှင်းသပ်ရပ်မှုရှိစေရေး ဆောင်ရွက်ရာတွင် ကြော်ငြာဘုတ်များကို ၄၅'×၁၅' အရွယ်အစားသတ်မှတ်၍ စနစ်တကျ စိုက်ထူထားရှိပြီးဖြစ်ပါသည်။ စိုက်ထူပြီးကြော်ငြာဘုတ်များအား ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်အတွက် ပြန်လည်အငှားချထားမည်ဖြစ်ပါသဖြင့် ကြော်ငြာလုပ်ငန်းဆောင်ရွက်ရန် လျှောက်ထားလိုပါက အသေးစိတ်အချက်အလက်များကို ၂၀-၈-၂၀၁၈ရက်မှ ၃၁-၈-၂၀၁၈ရက်အထိ ရုံးချိန်အတွင်း စီမံရေးရာဌာန၊ စီမံဌာနခွဲ၊ ကြော်ငြာဌာနစိတ်တွင် လာရောက်စုံစမ်းကြည့်ရှုရွေးချယ်လျှောက်ထားဆောင်ရွက်နိုင်ပါကြောင်း အသိပေးအပ်ပါသည်။

**စီမံရေးရာဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**



## အသိပေးကြေညာချက်

၁။ မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ မြရည်နန္ဒာရပ်ကွက်ရှိ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီမှ အကောင်အထည်ဖော်ဆောင်ရွက်ပြီးစီးသည့် မြရည်နန္ဒာတန်ဖိုးမျှတအိမ်ရာ RC (၄)ခန်းတွဲ (၆)ထပ်အဆောက်အအုံ(၂၈)လုံး၊ အိမ်ခန်း(၁)ခန်းလျှင် (၆၆၁ စ/ပေ)ရှိ အခန်းပေါင်း(၆၇၂)ခန်းကို မန္တလေးတိုင်းဒေသကြီးအတွင်း တာဝန်ထမ်းဆောင်လျက်ရှိသော နိုင်ငံ့ဝန်ထမ်းများ၊ အငြိမ်းစားဝန်ထမ်းများအား ရောင်းချမည်ဖြစ်ပါသည်။

